# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာကျင့်ရာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၂၈)**


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၉ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၅၃)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ


စာမျက်နှာ-၃




# မတူညီသည့်လူမျိုးစုများနှင့် မတူညီသည့် အသိုင်းအဝိုင်းများအကြား နားလည်မှုတည်ဆောက်ရေးသည် မိမိတို့အစိုးရမူဝါဒ၏ အခြေခံမှုများဖြစ်

**နေပြည်တော် ဇွန် ၁၃**

မြန်မာ-တူရကီ နှစ်နိုင်ငံအကြား နှစ်ပေါင်း ၅၈ နှစ်ကြာ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကို မြန်မာ-တူရကီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးခဲ့ကြသည်။

ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးတို့ တွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နည်းလမ်းများရှာဖွေရေး၊ မြန်မာနိုင်ငံသို့ တူရကီနိုင်ငံလေကြောင်းလိုင်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံအကြား နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻




**နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်** (သတင်းစဉ်)




မြန်မာ့အလင်း

# အေးဒီးစ်ကို အရင်ရှင်း

မိုးဖြိုင်ဖြိုင်ရွာပြီ။ မိုးနှင့်အတူ ခြင်၊ ယင်တို့ပေါက်ပွားကြသည်။ ခြင်နှင့် ယင်တို့က ရောဂါပိုးမွှားများကို သယ်ဆောင်ကြသည့်အလျောက် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းရောဂါတို့လည်း သည်လိုကာလမျိုးမှာ ကူးစက်ပြန့်ပွားတတ်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ခြင်ကြောင့်ကူးစက်ပြန့်ပွားသည့် အပူပိုင်းဒေသရောဂါတစ်မျိုးဖြစ်သည်။ ကူးစက်ခံရပြီး နောက်သုံးရက်မှ ၁၄ ရက်အတွင်း ရောဂါလက္ခဏာများစတင်ပြသည်။ အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ ကိုယ်လက်များနာကျင်ကိုက်ခဲခြင်း၊ အရေပြားတွင်အနီစက် များထွက်ပေါ်ခြင်းတို့သည် သွေးလွန်တုပ်ကွေး၏ရောဂါလက္ခဏာများဖြစ်ကြသည်။ ယင်းမှတစ်ဆင့်တက်ကာ အပြင်းဖျားနေရာမှ ရုတ်တရက်အဖျားကျသွားခြင်း၊ အဖျားကျသွားသော်လည်း လူနာမှာ လန်းလန်းဆန်းဆန်းမရှိဘဲ မှိန်းနေခြင်း၊ ခြေဖျားလက်ဖျားများ အေးစက်နေခြင်း၊ အော့အန်ခြင်း၊ အန်သည့်အခါတွင် ကော်ဖီရောင်ကဲ့သို့အဖတ်များပါခြင်းစသည့် လက္ခဏာများနှင့်သွေးလန့်သည့် လက္ခဏာတို့မှာ အသက်အန္တရာယ်ထိခိုက်နိုင်သည့်အတွက် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရာမှာ ခြင်ကိုနှိမ်နင်းရေးသည် အဓိကဖြစ်သည်။ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးကိုသယ်ဆောင်သည့် ခြင်မှာ ခြင်မျိုးစိတ်များစွာရှိသည့်အနက်မှ အေးဒီးစ်(ခေါ်)ခြင်ကျားဖြစ်သည်။ ခြင်ကျားက ၎င်း၏သဘာဝအရ လူတို့နေထိုင်ရာအနီး တွင်ပင်ရှင်သန်ကျက်စားကြပြီး ရေကြည်၊ ရေသန့်တွင် ဥချကာပေါက်ပွားကြသည်။ နံနက်စောစောမှ ညနေစောင်းအချိန်အတွင်း နေ့ဘက်တွင်သာ လူကိုကိုက်ကာ သွေးစုပ်ယူရင်း ရောဂါပြန့်ပွားစေခြင်းဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ခြင်ကျားမပေါက်ပွားစေရန် ရေစည်၊ ရေအိုး၊ ရေကန်တို့ကို ဖုံးအုပ်ထားခြင်း၊ မိုးရွာပြီးနောက် ရေတင်နိုင်သည့်ပုံးခွံ၊ ဘူးခွံ၊ ကားတာယာ၊ ဘက်ထရီအဟောင်းများမှ ရေများကို သွန်ခြင်း၊ ပန်းအိုးများမှ ရေများလဲလှယ်ခြင်း၊ ပိုးလောက်လမ်းများကို ရေစစ်ဖြင့်စစ်ကာ သုတ်သင်ရှင်းလင်းခြင်း၊ ပိုးလောက်လမ်းသေစေသည့် ဆေးများခတ်ခြင်း၊ ပတ်ဝန်းကျင်မှ ခြင်ခိုနိုင်သည့်ချုံနွယ်အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းအောင် ဆယ်ယူခြင်း၊ ဆေးမှုတ်ခြင်းစသည့်ခြင်နှိမ်နင်းရေး ဆောင်ရွက်ချက်များကိုပြုလုပ်ရန် လိုအပ်သည်။

ယခုအခါ အာရှပစိဖိတ်ဒေသနိုင်ငံများအတွင်း သွေးလွန်တုပ်ကွေးရောဂါပိုမိုကူးစက်ပြန့်ပွားမှုနှင့်အတူ ရောဂါကြောင့်ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုးမှာလည်း ပိုမိုကြီးထွားလာသည့်အလျောက် ၂၀၁၁ ခုနှစ်မှစကာ နှစ်စဉ်ဇွန်လ ၁၅ ရက်နေ့ကို အာဆီယံသွေးလွန်တုပ်ကွေးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်တိုက်ဖျက်ရာတွင် ပြည်သူများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပူးပေါင်းပါဝင်လာရေးအတွက်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိသော အာဆီယံနိုင်ငံများအနေဖြင့် ယခုကာလသည် သွေးလွန်တုပ်ကွေးဖြစ်ပွားသည့်ရာသီသို့ ဝင်ရောက်လာသည့်ကာလလည်းဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကမ္ဘာပေါ်တွင် ကူးစက်ရောဂါများအနက် အလျင်မြန်ဆုံးကူးစက်ပြန့်ပွားနေသည့် ရောဂါဖြစ်ပြီး ကမ္ဘာတစ်ဝန်း ရောဂါကူးစက်မှုများအနက် ၇၅ ရာခိုင်နှုန်းမှာ အာရှပစိဖိတ်ဒေသ၌ ဖြစ်သည်။ ကမ္ဘာတစ်ခွင်၌ နှစ်စဉ် လူသန်း ၅၀မှ သန်း ၁၀၀ အကြား သွေးလွန်တုပ်ကွေးကူးစက်ခံစားနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။

ယခုအခါမိမိတို့နိုင်ငံတွင် မြို့ရွာများ၌ လူနေထူထပ်များပြားလာခြင်း၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူလျင်မြန်သည်နှင့်အမျှ ကူးသန်းသွားလာမှုများပြားလာခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ချက်များအားနည်းခြင်းစသည်တို့နှင့်အတူ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းမှာလည်း မြင့်တက်လာလျက်ရှိရာ သွေးလွန်တုပ်ကွေးကာကွယ်တိုက်ဖျက်ရေးတွင် လူတိုင်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ကိုယ်စီ ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## ဇေယျာသီရိမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေး

**နေပြည်တော် ဇွန် ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့သည် ရက် ၁၀၀ စီမံချက်အတွင်း စတုတ္ထအကြိမ် ကွင်းဆင်းကုသမှုအဖြစ် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာရှိ ရွာဦးကျောင်းတိုက်၌ ကျေးရွာဝန်းကျင်များမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် အခမဲ့ဆေးကုသမှုကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး)က ကြည့်ရှုအားပေးပြီး ကျေးရွာသူ ကျေးရွာသားများကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# အနံ့ဆိုးများထွက်ပေါ်နေသော အမှိုက်ပုံကို ဖယ်ရှားပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်အတွင်းရှိ ချင်းပြည်နယ်သွား ကားဂိတ်အတွက်လျာထားသည့် မြေနေရာ၌ စွန့်ပစ်ထားသော အမှိုက်ပုံကြီးကိုပြန်လည် ဖယ်ရှားရှင်းလင်းရန် လိုအပ်လျက်ရှိသည်။

အဆိုပါအမှိုက်စွန့်ပစ်သည့် နေရာသည် လူနေအိမ်များနှင့် နီးကပ်စွာရှိသည့် အလျောက်အမှိုက်သရိုက်များမှ ထွက်ရှိသည့် အနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများနေ့စဉ်ရှူရှိုက်နေရကြောင်း ယင်းနေရာအနီး နေထိုင်သူတစ်ဦးက ပြောသည်။

စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်နေ ပြည်သူတို့၏ကျန်းမာရေး ထိခိုက်နိုင်သဖြင့် ယခုကဲ့သို့သက်ဆိုင်ရာ တာဝန်ရှိသူများမှ ရှင်းလင်းပေးရန် လိုလားနေခြင်းဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် စည်ပင်သာယာရေး ကော်မတီပိုင် ဘာသာပေါင်းစုံသုသာန်မြေနေရာဟောင်းဖြစ်သော ယခု အမှိုက်စွန့်ပစ်ရာ နေရာသည် တာဟန်းရပ်ကွက်၏ အနောက်ဘက် တာဟန်း-ပျဉ်းတောဦးကားလမ်း ညာဘက်ခြမ်းတွင် တည်ရှိသည်။

ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါနေရာကို သုသာန်မြေမှဖျက်သိမ်းခဲ့ပြီး ယင်းနေရာတွင် အခြားနည်းအသုံးချခွင့်ပြုလိုက်ကြောင်း ၂၀၁၃ အောက်တိုဘာ ၃ ရက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

အဆိုပါသုသာန်မြေမှ မြေကေ ၂ ဒသမ ၆၄ ကို ချင်းပြည်နယ်သွား ကားအသင်းနှင့် ယာဉ်ရပ်နားစခန်း(ကားဂိတ်)အတွက် လျာထားကြောင်း ယခင်ကလေး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

ထိုသို့မြေနေရာ လျာထားခဲ့သော်လည်း ယနေ့အချိန်အထိ ပေ ၃၀ ပတ်လည်အတွင်း အညစ်အကြေးနှင့် စွန့်ပစ်အမှိုက်များ စုပုံလျက်ရှိသည့်အပြင် အုတ်ဂူရှစ်ခုနှင့် သင်္ချိုင်းမြေပုံများပြည့်နှက်လျက်ရှိနေသည်ကိုလည်း မြင်တွေ့နေဆဲဖြစ်ကြောင်း သိရသည်။



**CL ထန်းငါ**

## မအူပင်တွင် မိုးဆက်တိုက်ရွာ အနိမ့်ပိုင်းစပါးကွဲခင်းများ ပျက်စီး

**မအူပင် ဇွန် ၁၃** ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဇွန် ၈ ရက်မှစတင်၍ မိုးဆက်တိုက်ရွာသဖြင့် မြို့နယ်အတွင်း အနိမ့်ပိုင်းစပါးကွဲခင်းများ ရေနစ်မြုပ်ခဲ့သည်။ ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းပါက အနိမ့် ပိုင်းရှိ စပါးကွဲခင်းများ ပျက်စီးနိုင်သဖြင့် တောင်သူများက ရေလှိုင်းပုတ်၍ အပင်များကျွတ်မထွက်စေရန် လက်ဆယ်ကန်သင်းပြုလုပ်ကာကွယ်ကြနေရသည်။ (ခရိုင် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၅ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၆.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၇၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၁.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၇၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှော့ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**



*** ရှေ့ဖုံးမှ**

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က တူရကီနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်အား ကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်တိုးတက်စေမည်ဟု မျှော်လင့်ပါကြောင်း၊ မတူညီသည့်လူမျိုးစုများနှင့် မတူညီသည့် အသိုင်းအဝိုင်းများအကြား နားလည်မှုတည်ဆောက်ရေးသည် မိမိတို့အစိုးရမူဝါဒ၏ အခြေခံမှုများဖြစ်ကြောင်း ပြောကြားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေး ခရီးလာရောက်ရခြင်းနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာအစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွက် မြန်မာပြည်သူများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထိုအသွင် ကူးပြောင်းမှုမှတစ်ဆင့် မြန်မာနိုင်ငံသားများအတွက် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ကြွယ်ဝချမ်းသာမှုများ ဆောင်ကြဉ်းပေးခဲ့သည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် တူရကီနိုင်ငံသံရုံးဖွင့်လှစ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် သိသာထင်ရှားသည့် တိုးတက်မှုများကို လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံလိုအပ်ချက်များအတွက် တူရကီနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် ပံ့ပိုးကူညီခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အပါအဝင် မြန်မာပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာရပ်များ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ တူရကီနိုင်ငံခြားရေးဝန်ကြီးက တူရကီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TIKA) မှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ ထောက်ပံ့မှုများပေးခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရ၏ တောင်းဆိုမှုများကိုသာ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း၊ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်မှုခံမည့်သူ၏ သက်သေခံကတ်ပြား(NVC) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကြိုးပမ်းလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးအတွက် အစိုးရအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အစိုးရက ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ထပ်မံတိုးမြှင့်လိုပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားကဏ္ဍနှင့် အခြေခံအဆောက်အအုံနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ တူရကီလေကြောင်းခရီးစဉ်များကိုလည်း မြန်မာနိုင်ငံ၌ စတင်ပျံသန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အခြေအနေများ ပိုမိုကောင်းမွန်ရန် ဆောင်ရွက်နေပါကြောင်း၊ တူရကီအနေဖြင့် ရခိုင်ပြည်နယ်၏ အခြေအနေ သိမ်မွေ့မှုများကို နားလည်ပေးသည့်အတွက် တန်ဖိုးထားပါကြောင်း၊ လုပ်ဆောင်ချက်အောင်မြင်ရန် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကူညီမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့အပြင် တစ်ကမ္ဘာလုံး၌ မြန်မာသံရုံးများ ဖြန့်ခွဲဖွင့်လှစ်လိုသော်လည်း တစ်ချိန်တည်းတွင် ဖွင့်လှစ်နိုင်ရန်ခက်ခဲပါကြောင်း၊ နိုင်ငံတကာနှင့်ပတ်သက်၍ သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ရန် အမြဲကြိုးပမ်းနေပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တူရကီနိုင်ငံတို့သည် ၁၉၅၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံရုံးအား ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ရာ မစ္စတာ မူရတ်ရာဘုစ်အက်တီစ်သည် မြန်မာနိုင်ငံတွင် အခြေစိုက်သည့် ပထမဆုံးသော တူရကီသံအမတ်ကြီးဖြစ်ခဲ့သည်။ ယခုအခါ ၅၈ နှစ်ကြာ တည်ရှိခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ **(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

- **နိုင်ငံသားစိစစ်မှုခံမည့်သူ၏ သက်သေခံကတ်ပြား(NVC) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကြိုးပမ်းလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးအတွက် အစိုးရအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူး ပြောကြား**
- **ရခိုင်ပြည်နယ်အခြေအနေများ ပိုမိုကောင်းမွန်ရန်ဆောင်ရွက်နေပါကြောင်း၊ တူရကီအနေဖြင့် ရခိုင်ပြည်နယ်၏ အခြေအနေသိမ်မွေ့မှုများကို နားလည်ပေးသည့်အတွက် တန်ဖိုးထားပါကြောင်း၊ လုပ်ဆောင်ချက်အောင်မြင်ရန် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကူညီမည်ဟု မျှော်လင့်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြား**

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးလုပ်ဆောင်နေမှုများ ဆွေးနွေး



**နေပြည်တော် ဇွန် ၁၃**

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးနှင့် စစ်ရေးမဟုတ်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌တွေ့ဆုံစည် ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထို့ပြင် ရခိုင်ဒေသအတွင်း ကူညီထောက်ပံ့မှုအစီအစဉ်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ဆောင်နေမှုများ၊ တပ်မတော်အနေဖြင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့်ရောက်ရှိနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် လုပ်ဆောင်ခဲ့ရသည့်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

## ခေါင်လန်ဖူးဒေသဖွံ့ဖြိုးတိုးတက်ရေး ပူတာအို-ခေါင်လန်ဖူး လမ်း / တံတားများ ဖောက်လုပ်ရေးလုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇွန် ၁၃**

ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခြင်း၊ စားနပ်ရိက္ခာများ ရှားပါးပြတ်လပ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် စေတနာရှင်ပြည်သူများကလည်း အခက်အခဲများကြားမှ စားနပ်ရိက္ခာ မပြတ်တောက်စေရေးအတွက် ရဟတ်ယာဉ်များ အသုံးပြု၍ အစားအသောက်များ ထောက်ပံ့ပေးလျက်ရှိကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ယနေ့နံနက် ၁၁ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအို-ခေါင်လန်ဖူး လမ်း/တံတားများ ဖောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရက် ၁၀၀ စီမံချက်လုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တပ်မတော်နှင့် ပူးပေါင်း၍ ပူတာအို-ခေါင်လန်ဖူးဒေသ ဆက်သွယ်သွားလာနိုင်သည့် လမ်း/တံတားများ ဖောက်လုပ်ပေးရန် ခွင့်ပြုချက်များ ရရှိပြီးဖြစ်သည့်အတွက် လမ်း/တံတားများကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အမီ ပြည်သူများ အမှန်တကယ် သွားလာအသုံးပြုနိုင်သည့် လမ်း/တံတားများဖြစ်အောင် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသော တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တပ်မတော်စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူးများက ပူတာအို-ခေါင်လန်ဖူး လမ်း/တံတားများ ဖောက်လုပ်ရေးနှင့်ပတ်သက်၍ လူအင်အား၊ ယာဉ်/ယန္တရားများစုဖွဲ့မှု၊ မြေပြင်အနေအထားများ၊ လမ်း/တံတားများဖောက်လုပ်သွားမည့် အစီအမံများနှင့် ခန့်မှန်းကုန်ကျစရိတ်တန်ဖိုးတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်ရှိသည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပူတာအို-ခေါင်လန်ဖူး လမ်းကြောင်းသည် ပူတာအို-နောင်မွန်း ကားလမ်းပေါ်ရှိ မဝေ့ဇရွာမှ ကျောက်တောင်အား ဖြတ်၍ ရိဒါမ်း-ခေါဘူဒဲ-ခေါင်လန်ဖူးအထိ မိုင် ၇၀ ကွာဝေးပြီး လက်ရှိတွင် မဝေ့ဇရွာမှ ကျောက်တောင်ခြေအထိ ၂၅ မိုင်မှာ မြေသားလမ်းကြမ်းအဆင့်သာရှိသည်။ အမြင့်ပေ ၇၀၀၀ ရှိ ကျောက်တောင်အရှည် ၁၃ မိုင်ခန့်အား ခေတ်မီစနစ်များဖြင့် မိုင်းခွဲလမ်းဖောက်သွားမည်ဖြစ်ပြီး ကျောက်တောင်ခြေ နို့ဝမ်း ကုန်းဘိုတဲမှ ရိဒါမ်း-ခေါဘူဒဲ-ခေါင်လန်ဖူး ၃၂ မိုင်မှာလည်း လက်ရှိတွင် ကားလမ်း/ဆိုင်ကယ်လမ်း အဆင့်သာရှိသည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မဝေ့ဇ-ကျောက်တောင် ၂၅ မိုင်အား ၃၄ ပေအကျယ် မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် မဝေ့ဇရွာအနီး ဒေသအခြေအနေနှင့် ကိုက်ညီသည့် အရှည်ပေ ၂၈၀ ရှိ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား တပ်မတော်နှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခေါင်လန်ဖူးဒေသ၌ ဖြစ်ပေါ်နေသည့် သွားလာရေးခက်ခဲခြင်းနှင့် စားနပ်ရိက္ခာများ ရှားပါးခြင်းတို့ကြောင့် ကြုံတွေ့ရသည့် ဒုက္ခများ ဒေသခံပြည်သူလူထု မခံစားရအောင် ပူတာအို-ခေါင်လန်ဖူးလမ်းအား အရည်အသွေးပြည့်မီစွာဖြင့် တာဝန်ယူဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အစ္စရေးနိုင်ငံ သံအမတ်ကြီးအဖြစ် ဦးမောင်မောင်လင်းအား ခန့်အပ်

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမောင်မောင်လင်းအား အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ၂၀၁၆- ၂၀၁၇ ဧပြီလ မြန်မာနိုင်ငံ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇွန် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၉၃ သန်းနှင့် နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၃၁၈ ဒသမ ၈၀ စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၃ ဒသမ ၇၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန် တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၈၀၀ ဒသမ ၁၄ သန်းနှင့် နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၉၀ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၆ ဒသမ ၀၄ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀၉ ဒသမ ၇၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၃၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

# စီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးမှုအပိုင်းကို ပိုမိုလုပ်ဆောင်၍ တန်းတူညီမျှတိုးတက်အောင် ဆောင်ရွက်သွားမည်

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန် ဇွန် ၁၃**

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးမှုအပိုင်းကို ပိုမိုလုပ်ဆောင်၍ တန်းတူညီမျှတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

"ဒီနေရာကို ငါပဲလုပ်မယ်၊ ငါပဲယူမယ်၊ ဒီအလုပ်လုပ်ရင် ငါပဲအကျိုးအမြတ်ရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေရှိနေခဲ့တာဟာ နိုင်ငံတိုးတက်မှု နှောင့်နှေးရတဲ့ အကြောင်းအရင်းထဲမှာ တစ်ခုပါတယ်လို့ ယုံကြည်ထားပါတယ်။ နိုင်ငံသားအားလုံးကို လွတ်လပ်မျှတတဲ့ အခွင့်အလမ်းတွေပေးမှာပါ။ ကျွန်တော်တို့နိုင်ငံကို ပြောင်းလဲတိုးတက်သွားအောင် လုပ်မယ်ဆိုရင် ပြည်သူတွေအားလုံး မိမိတို့ရဲ့ စွမ်းရည်အရ ကျွမ်းကျင်မှုကဏ္ဍအလိုက် ဘယ်လိုစီးပွားရေးမဆို လုပ်ပိုင်ခွင့်ရှိစေရမယ်လို့ မျှော်မှန်းထားပါတယ်။ နိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေကို မိမိတို့ရဲ့ ငွေကြေးအရ၊ စွမ်းဆောင်နိုင်မှုအရ လုပ်မယ်ဆိုရင် အားလုံးကို ညီမျှစွာနဲ့ လုပ်ပိုင်ခွင့်ပေးဖို့ အစီအစဉ်တွေချမှတ်ထားပြီး ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ထုတ်လုပ်မှုလုပ်နေတာထက် လုပ်ငန်းရှင်တွေအတွက် ပိုလုပ်သွားမယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဇွန် ၁၃ ရက်က ရန်ကုန်မြို့ရှိ UMFCCI မင်္ဂလာခန်းမ၌ ပြုလုပ်သည့် ကုန်သည်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



**လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ရုံမှ လုပ်ငန်းခွင်ကို တွေ့ရစဉ်**

အဆိုပါဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး စီးပွားရေးလုပ်ငန်းရှင်အများစုအနေဖြင့် အခွန်နှုန်းထားများလျှော့ချပေးရန် ကိစ္စရပ်များနှင့် ၎င်းတို့၏ အခက်အခဲများကို အဓိကထားတင်ပြခဲ့ကြသည်။

ထို့အပြင် ဆွေးနွေးမှုများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကိုယ်ကျိုးစီးပွားထက် တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို ပိုမိုအလေးပေးစေလိုကြောင်း၊ ယနေ့ ဆွေးနွေးတင်ပြမှုများအပေါ်လည်း တန်ဖိုးထားလေးစားပါကြောင်း၊ အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝန်ကြီးဌာနသို့ မည်သည့်အချိန်တွင်ဖြစ်စေ သက်ဆိုင်ရာကဏ္ဍများအလိုက် လာရောက်ဆွေးနွေးနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ဆွေးနွေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က "စီးပွားရေးလုပ်ငန်းတိုင်းမှာ ယှဉ်ပြိုင်မှုဆိုတာ စားသုံးသူနဲ့ လုပ်ငန်းအတွက်လည်း အကျိုးရှိတယ်၊ နိုင်ငံအတွက်လည်း အကျိုးရှိပါတယ်။ ပြိုင်ဘက်ရှိနေရင် ကိုယ်က ပိုပြီးတိုးတက်လာမှာပါ။ အရည်အသွေးကို ဂရုစိုက်လာမယ်။ မှန်ကန်တဲ့ဈေးနှုန်းလည်း ဖြစ်လာမယ်။ ပြိုင်ဘက်ရှိတာက ကောင်းပါတယ်။ ယှဉ်ပြိုင်မှုကိုစနစ်တကျဖြစ်ဖို့နဲ့ နိုင်ငံခြားက ပလေယာတွေကို ပြည်တွင်းကိုရောက်အောင်ခေါ်ဖို့၊ ပြည်တွင်းမှာရှိနေတဲ့စီးပွားရေးရပ်ဝန်းက လုပ်သာကိုင်သာရှိနေဖို့ဆိုတာ တစ်ဖက်ကလုပ်ရမယ့်အနေအထားလို့မြင်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိကြောင်း သိရှိရပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ပို့ကုန်ကဏ္ဍကို အစိုးရသစ်သက်တမ်းအတွင်း သုံးဆတိုးတက်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မုတ်သုံလေအားကောင်းနေ**

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။ (မိုး/ဇလ)

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၆ ရက်အတွင်း ၂၆ ရက်ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်း အဝေးများ ပြီးဆုံးသည့် ဇွန် ၁၀ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးရပ်နားကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းထံ အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးပြီးစီးကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦးကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁/၂၀၁၆) အား ကြားနာစစ်ဆေး

နေပြည်တော် ဇွန် ၁၃

**ရွေးကောက်ပွဲခုံအဖွဲ့(၁)ဥက္ကဋ္ဌ ဦးအောင်မြင့် ဦးဆောင်သည့်ခုံအဖွဲ့သည် ကန့်ကွက်လွှာအမှုအမှတ်(၈) လျှောက်ထားသူ ဦးခိုင်ညီညီကျော် (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ)၊ လျှောက်ထားခံရသူ ဦးအောင်ကျော်ညွှန့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အမှုတွင် လျှောက်ထားခံရသူအား ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းအပေါ် ဦးအောင်ကျော်ညွှန့်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄ (က)နှင့် နည်းဥပဒေ(၉၉)အရ မေ ၂၃ ရက်တွင် အယူခံမှုတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့် ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း ဇွန် ၃ ရက်က သတင်းထုတ်ပြန်ခဲ့သည်။**

တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှု အမှတ်(၁/၂၀၁၆)ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အားလုံး ခုံရုံးအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် စုံညီခုံရုံး ရှေ့မှောက်တွင် ရွေးကောက်ပွဲ ဥပဒေပုဒ်မ(၇၀)အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိ အဆင့်(၁)ထက်မနိမ့်သည့်ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)နှင့်



နည်းဥပဒေ(၉၉)အရ တင်သွင်းလာသည့် ရွေးကောက်ပွဲအယူခံမှုအမှတ် (၁/၂၀၁၆)ကို ယနေ့တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဇူလိုင်လ ၁၂ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ် အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နည်းပညာပေါ်က မြန်မာစာအကြောင်း ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF NLP)၏ ဆုပေးပွဲနှင့် နည်းပညာပေါ်က မြန်မာစာဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park အတွင်းရှိ ပင်မအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက အမှာစကားပြောကြားရာ မြန်မာယူနီကုဒ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်များနှင့် အသုံးချဆော့ဝဲလ်များကို ဆုများချီးမြှင့်ရာတွင် Community Award ဆု၊ Product Award ဆု၊ People Award ဆုရရှိသူများအား ဆုများပေးအပ်ခဲ့သည်။

ဆက်လက်၍ ယူနီကုဒ်နှင့်ပတ်သက်ပြီး သိကောင်းစရာများကို ကွန်ပျူတာပညာရှင်များက ဆွေးနွေးပြောကြားခဲ့ကြသည်။ ထို့နောက် နည်းပညာပေါ်က မြန်မာစာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကွန်ပျူတာပေါ်တွင် တွေ့ရှိရသည့် မြန်မာစာ ရိုက်ထုံးမတူညီမှုအပေါ် တက်ရောက်လာသူများက ဝေဖန်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# စီအင်န်ဂျီမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ကို နိုင်ငံတော်က ဈေးသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းသည် ဇွန် ၁၁ ရက် နံနက်တွင် ရန်ကင်းမြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ရက် ၁၀၀ စီမံချက်အတွင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ BRT ယာဉ် ၆၅ စီးကို စီအင်န်ဂျီဖြန့်ဖြူးပြီးစီးရေးညှိနှိုင်းဆွေးနွေးသည်။ ထို့အပြင် စီအင်န်ဂျီ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ကို နိုင်ငံတော်အစိုးရက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေသလို မှန်ကန်အကျိုးရှိစွာ အသုံးပြုရန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မည့် အခြေအနေများကိုလည်း ဖြည့်စွက်ဆွေးနွေးသည်။ ထို့နောက် စီအင်န်ဂျီ အရောင်းဆိုင်အမှတ်(၀၄၂) ထောက်ကြန့်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်သာယာဓာတ်အားခွဲရုံသို့ရောက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဓာတ်အားခွဲဝေပေးပို့လျက်ရှိသည့် အခြေအနေ၊ မြို့နယ်တွင်း ရက် ၁၀၀ စီမံချက်ပါ ၁၁ ကေဗွီ ဓာတ်အားလိုင်းသစ် သွယ်တန်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအစည်းအဝေးခန်းမတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် Franchise ကုမ္ပဏီများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးကိစ္စများအတွက် ဆွေးနွေးညှိနှိုင်းသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများမှ တင်ပြလာသည့်အခက်အခဲများကို ရန်ကုန်/မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းများနှင့်ပေါင်းစပ်၍ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ပြည်သူလူထုသို့ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာရရှိစေရေး ဆောင်ရွက်နိုင်သဖြင့် ပြည်သူလူထုမှ ဌာနအပေါ် ယုံကြည်မှုမြင့်မားလာပြီး ရင်းနှီးမြှုပ်နှံသူ၊ ရန်ကုန်/မန္တလေးဓာတ်အားပေးရေးကော်ပိုရေးရှင်းများနှင့် ပြည်သူလူထုသုံးဦးသုံးဖလှယ်အကျိုးရှိ အောင်မြင်ဖြစ်ထွန်းရေး အဓိကထားပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးပြောကြားခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက် ည ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

# မြန်မာ့ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်သင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁၃**

မြန်မာ့ရိုးရာခြင်းလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့်နည်းပြနှင့် ဒိုင်လူကြီးသင်တန်းကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရုံအတွင်းရှိ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုင်လူကြီးသင်တန်းနှင့် နည်းပြသင်တန်းကို ယခုနှစ်တွင် အမှတ်စဉ်(၇)အဖြစ် လာမည့် ဇွန် ၂၃ ရက်မှ ၃၀ ရက်အထိ ဝါရင့်ရိုးရာခြင်းလုံးပညာရှင်များက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်းများသို့ နိုင်ငံတစ်ဝန်း ရိုးရာခြင်းလုံးဝါသနာရှင်များ တက်ရောက်နိုင်ပြီး တက်ရောက်လိုသော သင်တန်းသားများအနေဖြင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အတွင်းရေးမှူး(၂) ဦးကိုကိုအောင် ဖုန်း-၀၉-၄၂၀၁ ၃၈၀၇၄နှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်ရုံး ဖုန်း- ၀၁- ၃၉၃၄၂၀ တို့သို့ အသေးစိတ်သိလိုသည့်အချက်များကို စုံစမ်းမေးမြန်းနိုင်ပြီး ဇွန် ၁၈ ရက်မှ စတင်ကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မင်းခေတ်**

# သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ Director Certification Program သင်တန်းသို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ဝါဝါမင်းသည် ဇွန် ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာရာ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တို့အားလုံးအသက်၊ သွေးဖြင့်ဆက်




**ဒေါက်တာသီတာအောင်**

ယနေ့ ဇွန်လ ၁၄ ရက်နေ့တွင် နိုင်ငံအများအပြားၐ ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနားနှင့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် စေတနာသွေးလှူရှင်စုဆောင်းမှုကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှိုးဆော်ခြင်းနှင့်အတူ ထောက်ပံ့နေဆဲဖြစ်သော စေတနာသွေးလှူရှင်ကြီးများကို ကျေးဇူးတင်ကြောင်း ဝိုင်းဝန်းဖော်ပြနေကြပေသည်။

၁၉၀၁ ခုနှစ် Karl Landsteiner တွေ့ရှိမှုဖြစ်သည့် ABO သွေးအုပ်စုကို စတင် တွေ့ရှိခဲ့သည်မှစ၍ သွေးသွင်းကုသမှုခံယူရသော လူနာများ၏ အသက်ကို သွေးအုပ်စုကြောင့်အန္တရာယ်မရှိတော့ပေ။ ထိုကဲ့သို့ သွေးသွင်းကုသမှု၏ အန္တရာယ်ကို သွေးအုပ်စုတစ်ခုတွေ့ရှိပြီး စမ်းသပ်စစ်ဆေးမှုပြုပြီးသည်နှင့် လုံခြုံမှုရှိပြီဟု ယူဆခဲ့မှုများသည် ၁၉၃၉ ခုနှစ် Rh ဟုအမည်ပေးခဲ့သော သွေးအုပ်စု၏ ဆိုးကျိုးကို တွေ့ရှိလိုက်သည့်နောက် ပညာရှင်များမှ သွေးအုပ်စုများနှင့်ပတ်သက်၍ လေ့လာစမ်းသပ်မှုများ ဆက်လက်ပြုလုပ်လာခဲ့ကြ၏။ ထိုကဲ့သို့ လူသားများအကြား တစ်ဦးနှင့်တစ်ဦး သွေးပေးသွင်းခြင်းမှ တွေ့ကြုံခဲ့ရသော ပြဿနာများကို လေ့လာဆန်းစစ်ရာမှ အမျိုးကွဲ သွေးအုပ်စုပေါင်း ၁၀၀ ကျော်ခန့်ကို ယနေ့အချိန်တွင် တွေ့ရှိနေပြီဖြစ်ပါသည်။

(၂၀)ရာစုတွင် သွေးအုပ်စုနှင့်သက်ဆိုင်သော စစ်ဆေးမှုများကို သွေးနီဥများ အချင်းချင်းခဲသွားခြင်း(Agglutination) ဟူသောအမှတ် သင်္ကေတပြမှုဖြင့် စမ်းသပ်ခဲ့ကြသော်လည်း ယခု (၂၁) ရာစုတွင် 7 µl သာရှိသော သွေးနီဥ၏ မျက်နှာပြင်ပေါ်ရှိ မော်လီကျူးများ၏ အစီအစဉ်ကို ဖော်ထုတ်နိုင်သော Molecular Sequencing နည်းပညာအထိ တိုးတက်သုံးစွဲလာ၍ သွေးအုပ်စုဆိုင်ရာ အတတ်ပညာကို ရှာဖွေနေသော ပညာရှင်အဖွဲ့မှ နေ့စဉ်နီးပါးသစ်ဆန်းသော သွေးအုပ်စုမျိုးကွဲများကို ရှာဖွေနိုင်ပြီဖြစ်ပေသည်။

ABO သွေးအုပ်စုတွင်ပင် $A_2$, $A_x$, $A_m$, $B_x$, $B_m$, $A_2B$ စသည်ဖြင့် ဆင်တူမျိုးကွဲများစွာ တွေ့ရှိသကဲ့သို့ Rh အုပ်စုတွင်လည်း RhD, RhE, Rhe, RhC, Rhc ဟူ၍လည်းကောင်း၊ RhD တွင်ပင် $RhD_{Null}$, $RhD_{partial}$, $RhD_{mosaic}$ စသည်ဖြင့် အမျိုးကွဲများကို တွေ့ရှိနေပြီဖြစ်သည်။ ထို့ကြောင့် သွေးအုပ်စုကြောင့်ဖြစ်ပေါ်သော လူနာများခံစားရမည့်ဆိုးကျိုးများကို ပညာရှင်များ၏ စမ်းသပ်တီထွင်မှုဖြင့် လုံးဝကာကွယ်နိုင်ခဲ့ပြီ ဖြစ်ပေသည်။

သို့ရာတွင် သွေးသွင်းကုသခြင်းကြောင့် ကြုံတွေ့နိုင်သည့် သွေးမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါပိုးများ၏ အန္တရာယ်ကိုမူ သိပ္ပံပညာရှင်များ၏ ပညာရပ်တီထွင်မှုတစ်ခုတည်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် လုံးဝမဖြစ်နိုင်သေးပါ။ သွေးမှတစ်ဆင့်ကူးစက်နိုင်သောရောဂါပိုးများစစ်ဆေးခြင်းကို မိမိတို့နိုင်ငံ၏ ငွေကြေးထောက်ပံ့နိုင်မှုအခြေအနေအရ အမျိုးအစားမည်မျှ စစ်ဆေးမည်၊ မည်သည့်နည်းပညာဖြင့် စစ်ဆေးမည်ကို သတ်မှတ်နိုင်သော်လည်း မဖြစ်မနေစစ်ဆေးသင့်သည့် ရောဂါပိုးများမှာ HIV, Hepatitis B, Hepatitis C နှင့် Syphilis ဟူ၍ သတ်မှတ်ထားပါသည်။ ငွေကြေးတတ်နိုင်သော အခြေအနေများတွင် အခြားရောဂါပိုးများ (Malaria, Dengue and Other Emerging Infections) ကို ထပ်မံစစ်ဆေးရန် အဆိုပြုထားသော်လည်း ကူးစက်နိုင်မည့်အခြေအနေ၊ စမ်းသပ်စစ်ဆေးမည့် နည်းပညာအာမခံနိုင်မှုအခြေအနေ၊ ဖြစ်ပေါ်လာမည့် ဆိုးကျိုးနှင့် စိုက်ထုတ်ရမည့်ငွေကြေးပမာဏ၊ စိုက်ထုတ်မှုအလုံးစုံ၏ လူနာများအတွက် ပြန်လည်ရရှိမည့် အန္တရာယ်ကင်းနိုင်မှုတို့ကိုတွက်ချက်၍ ယင်းရောဂါပိုးများကို မဖြစ်မနေစစ်ဆေးရန် မသတ်မှတ်ကြခြင်းဖြစ်ပေသည်။

ထို့ကြောင့် သွေးသွင်းကုသခြင်းဖြင့် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ၏ လူနာများအပေါ်သက်ရောက်မည့် နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်ရန် ပညာရှင်များ၏ အတတ်ပညာတိုးတက်လာသော်လည်း လက်တွေ့သွေးသွင်းကုသမှုနှင့် သွေးလှူရှင်စစ်ဆေးမှုလုပ်ငန်းတွင် အသုံးပြုရန် လွယ်လွယ်ကူကူဆုံးဖြတ်၍ မရနိုင်ပေ။ တစ်ဦးချင်းစီအတွက် စစ်ဆေးအဖြေပေးမှုမဟုတ်ဘဲ သိန်း၊ သန်းချီသော စစ်ဆေးမှုများကို ပြုလုပ်ရမည် ဖြစ်သောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ နှစ်ပေါင်းများစွာ စုစည်းသုံးသပ်ခဲ့သော သွေးသွင်းကုသမှုခံယူခဲ့သည့် လူနာများတွင် တွေ့ရှိရသည့် ဆိုးကျိုးများပေါ်မူတည်၍ အဓိကနည်းလမ်းငါးသွယ်ချမှတ်ရာတွင် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်နာနိုင်မည့် အဓိကအချက်မှာ **“အန္တရာယ်ကင်းသော လူနေမှုစနစ်တွင် နေထိုင်သောကျန်းမာသော စေတနာသွေးလှူရှင်ကြီးများမှ လှူဒါန်းသည့်သွေးဖြင့် ထောက်ပံ့မှု”**သာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် စေတနာသွေးလှူရှင်များ သွေးလှူဒါန်းရာတွင် ၎င်းတို့လှူဒါန်းမှုမပြုခင် စိစစ်မေးမြန်းသော အချက်အလက်များသည် လူနာများ၏ အန္တရာယ်ကင်းမှုအတွက် လွန်စွာအရေးပါသော နည်းစနစ်ဖြစ်ပေသည်။

အမျိုးသားသွေးဌာနတွင် ၂၀၁၅ ခုနှစ်အတွင်း လာရောက်လှူဒါန်းသော သွေးလှူရှင် စုစုပေါင်း ၆၂၉၂၃ ဦးအနက် အုပ်စုလိုက် လာရောက်လှူဒါန်းမှုများမှာ ၃၇၃၄၁ ဦးရှိခဲ့သည်။ ၎င်းအုပ်စုအလိုက်လှူဒါန်းမှုများတွင် ဘာသာရေး၊ လူမှုရေး၊ တက္ကသိုလ်ကျောင်း၊ အစိုးရဝန်ထမ်း၊ ပြင်ပစီးပွားရေးအဖွဲ့အစည်းများဟူ၍ ခွဲခြားလေ့လာကြည့်ရာတွင် ဘာသာရေးအဖွဲ့များမှ လှူဒါန်းမှု၏ ၂၂.၆၇%၊ အစိုးရဝန်ထမ်းများမှ ၃၉.၅၂%၊ ပြင်ပစီးပွားရေးအဖွဲ့များမှ ၂၁.၉၂% ၊ တက္ကသိုလ်များမှ ၂၈.၀၅% ၊ လူမှုရေးအဖွဲ့များမှ ၂၈.၄၁% အထိ သွေးလှူဒါန်းမှု မပြုနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် သွေးလှူဒါန်းခြင်းဖြင့် သူတစ်ပါး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းသည် လူတိုင်းလုပ်ခွင့်ရနိုင်သည့် ပေးဆပ်မှုမဟုတ်ပေ။ ထို့အပြင် ပြန်လည်လှူဒါန်းမှုပြုနိုင်နေသော စေတနာသွေးလှူရှင်ကြီးများ၏ နေထိုင်မှု၊ ကျန်းမာရေးအတွက် စောင့်ရှောက်နိုင်မှုတို့သည် လူနာများအတွက် လွန်စွာအရေးကြီးသော ထောက်ပံ့မှုဖြစ်ပေသည်။

လူနာတစ်ဦး သွေးလိုအပ်ချက်သည် သာမန်ခွဲစိတ်မှုတစ်ခုအတွက် နှစ်ယူနစ်ခန့်သာလိုအပ်သော်လည်း၊ ကျန်အခြေအနေများတွင် ယူနစ်ပေါင်းများစွာ ပေးသွင်းခြင်းဖြင့် လူနာ၏ အသက် (သို့မဟုတ်) နေထိုင်မှုသက်သာခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် သွေးလှူရှင်တစ်ဦးတည်းမှ ပေးဆပ်မှုဖြင့် လူနာတစ်ဦး၏ အသက်နှင့်ကျန်းမာရေးကို စောင့်ရှောက်မှုပေးရန် မဖြစ်နိုင်ပေ။

သွေးလိုအပ်သော လူနာများ၏ အခြေအနေတိုးတက်ကောင်းမွန်လာခြင်းနှင့် အသက်ကယ်တင်နိုင်ခြင်းသည် မတူကွဲပြားသော စေတနာသွေးလှူရှင်များစုပေါင်းမှသာ ဖြစ်ပေါ်လာနိုင်ပေမည်။

ထို့ကြောင့် ယခုနှစ်ကမ္ဘာ့သွေးလှူရှင်များနေ့ ဆောင်ပုဒ်အဖြစ် **“Blood Connects Us All”** ဟူ၍ နှိုးဆော်ခြင်းဖြစ်ပေသည်။ သွေးလှူဒါန်းမှုဖြင့် လူနာများနှင့် အသွင်အပြင်မတူသော သွေးလှူရှင်များအားလုံးသည် ဆက်သွယ်ပြီးဖြစ်သွားပေသည်။ ထို့ကြောင့် ယခုအချိန်ထိ စဉ်ဆက်မပြတ် သွေးလှူဒါန်းနေပါသော စေတနာသွေးလှူရှင်ကြီးများ၊ သွေးလှူဒါန်းမှုများကို ဦးဆောင်၊ စည်းရုံး၊ ထောက်ပံ့ပေးနေပါသော စေတနာရှင်အဖွဲ့အစည်းများကို လူနာများကိုယ်စား ကျေးဇူးတင်လေးစားရပါသကဲ့သို့၊ မျိုးဆက်သစ်ကျန်းမာသောလူငယ်များမှလည်း သွေးလှူဒါန်းမှုများတွင် ပိုမိုပါဝင်ပူးပေါင်းခြင်းဖြင့် လူနာများအားလုံးနှင့် ဆက်နွှယ်ထောက်ပံ့ပေးစေလိုပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။



## စိုက်ပျိုးရေးဆိုင်ရာအသိအမှတ်ပြုလက်မှတ် စတင်ထုတ်ပေး

**မန္တလေး ဇွန် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ သရက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ် GAP Certificate အပ်နှင်းပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြည်ပသို့တင်ပို့မည့် စိုက်ပျိုးရေးထုတ်ကုန်များသည် GAP Certificate လက်မှတ်ရရှိမှသာ တင်ပို့နိုင်မည်ဖြစ်ပြီး GAP Certificate လက်မှတ် ထုတ်ပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ GAP Certificate လက်မှတ်ကို သရက်သီးနှံတွင် စတင်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဟင်းသီးဟင်းရွက်သီးနှံများကိုပါ GAP Certificate ထုတ်ပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ GAP Certificate သရက်စိုက်ခင်းများတွင် ကွင်းဆင်းစစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ GAP Certificate အသိအမှတ်ပြုလက်မှတ်ရရှိထားသော သရက်ခြံများမှ ထုတ်လုပ် သည့် သရက်သီးများသည် စားသုံးသူအတွက် ဘေးအန္တရာယ်လုံခြုံစိတ်ချရပြီဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

GAP Certificate အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရာတွင် စိုက်ခင်းအတွင်းရှိ မြေနှင့်စိုက်ပျိုးရေများကို စနစ်တကျ ဓာတ်ခွဲစမ်းသပ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ သုံးစွဲရာတွင် အချိုးညီအချိန်ကိုက်သတ်မှတ်ထားသော နှုန်းထားများအတိုင်း သုံးစွဲခဲ့ပြီး ရရှိလာသော သရက်သီးနှံကို ဓာတ်ကြွင်းအာနိသင်ကင်းစင်အောင် စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ GAP Certificate အသိအမှတ်ပြုလက်မှတ်ကို မန္တလေး တိုင်းဒေသကြီးအတွင်းရှိ သရက်ခြံပိုင်ရှင် လေးဦးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံပိုင်ရှင်လေးဦးတို့အား ထုတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုရုံးဖွင့်

**ရန်ကုန် ဇွန် ၁၃**

လူငယ်လူရွယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာနိုင်ခြင်းသည် လူမှုဝန်ထမ်းလုပ်ငန်းကို လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အထက်ဗဟိုလမ်းရှိ မုဒိတာအိမ်ရာဝင်း၌ ကျင်းပသော အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေး အသင်းရုံးအဆောက်အအုံဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ပြောသည်။

“ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ လူမှုရေးလုပ်ငန်းတွေကို ခေါင်းစဉ် ၁၀ ခုနဲ့ဆောင်ရွက်နေတာပါ။ ဒီလိုခေါင်းစဉ်တွေ ကွဲပြားသွားပေမယ့် ရည်ရွယ်ချက်ကတော့ လူငယ်ပရဟိတအဖွဲ့အစည်းတွေ လုပ်ဆောင်နေတဲ့ ရည်ရွယ်ချက်တွေနဲ့ အတူတူဖြစ်ပါတယ်။ လူငယ်တွေ ဒီလိုတက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်နေတာဟာ လူမှုဝန်ထမ်းလုပ်ငန်းကို အတူတကွပူးပေါင်း ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရုံးအဆောက်အအုံကို တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ မြေအပါအဝင်နှစ်ထပ်အဆောက်အအုံတို့ကို ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုအသင်း (ER-SSDO) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်က တည်ထောင်ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်လူနာတင်ယာဉ်များဖြင့် ၂၄ နာရီအခမဲ့ ကူညီပေးနေသော မီးဘေးကယ်ဆယ်ရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်း ကူညီဆောင်ရွက်ပေးနေသည့် လူငယ်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အရေးပေါ်လူနာတင်ယာဉ်လိုအပ်နေသော ပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ပြည်သူများအနေဖြင့် ဖုန်းနံပါတ်များဖြစ်သည့်၀၉-၂၆၀၀၁၃၂၇၃၊ ၀၉-၂၆၀၀၁၃၂၇၈၊ ၀၉-၃၀၉၃၁၁၆၁ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ ယင်းပရဟိတလူငယ်အသင်းတွင် လူနာတင်ယာဉ်သုံးစီးဖြင့် အခမဲ့ပို့ဆောင်ပေးမှု ဆောင်ရွက်လျက်ရှိရာ ‘ဝ’မင်းကုမ္ပဏီမှ ထပ်မံလှူဒါန်းမှုအပါအဝင် စုစုပေါင်း လူနာတင်ယာဉ်လေးစီးဖြင့် ၂၄နာရီအခမဲ့ ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။




အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုရုံးကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ အခမဲ့လူနာတင်ယာဉ်ပို့ဆောင်မှုလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ကိုဇွဲရန်နိုင်က ပြောသည်။

ယင်းအသင်းတွင် လူငယ် ၃၀ ဖြင့် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# စွန့်ပစ်မြေစာပုံများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေဆီလွှာတိုက်စားမှုမဖြစ်စေရေး အလေးထားဆောင်ရွက်





**နေပြည်တော် ဇွန် ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇွန် ၁၀ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်အားတွေ့ဆုံ၍ သတ္တုသယံဇာတတူးဖော်ထုတ်လုပ်မှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရှင်းလင်း ဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြေးနီ (Copper) ထုတ်လုပ်ပုံအဆင့်ဆင့်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်မှုများ၊ ဒေသခံများအတွက် လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှု များနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်မှုများနှင့် လူမှုရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြကြပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေဆီလွှာတိုက်စားမှုများမဖြစ်စေရေးအတွက် သစ်ပင်များနှင့် မြက်ခင်းများ ပြန်လည်စိုက်ပျိုးထားရှိရန် မှာကြားသည်။

ဆက်လက်၍ ကံကုန်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ယင်းနောက် ဆားလင်းကြီး မိုးကြိုး ဆာလ်ဖျူရစ်အက်စစ် စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံလည်ပတ်မှု လုပ်ငန်းအဆင့်ဆင့်အား ရှင်းလင်းတင်ပြသည်။

ညနေပိုင်း၌ မုံရွာမြို့နယ် မြန်မာ့သစ်လုပ်ငန်း ကျွန်းရွှေဝါ ခန်းမ၌ ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

ဆက်လက်၍ ရွှေဘိုခရိုင် သစ်တောဦးစီးဌာန မင်းကုန်းသစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ၂၀၁၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုများအား စစ်ဆေးကြည့်ရှုသည်။

ဇွန် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ထာဝရစာသင်ဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတက်ရောက်၍ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေသန့်စင်စက်ရုံသို့ ရောက်ရှိ၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကိုမေးမြန်း၍ စွန့်ပစ်မြေစာပုံများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေဆီလွှာတိုက်စားမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ရွှေသန့်စင်စက်ရုံအတွင်း ရွှေသန့်စင်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ကသာခရိုင် ကောလင်းမြို့နယ် သော်ကြိုးဝိုင်း အကွက်အမှတ်(၂၀) အတွင်း တည်ထောင်ထားရှိသော ၁/၂၀၁၅ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ အားလည်းကောင်း၊ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဘောကြိုးဝိုင်း အကွက်အမှတ်(၁၄၂)အတွင်း စိုက်ပျိုးတည်ထောင်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၁၅ ဧက အားလည်းကောင်း၊ ဝက်လက်မြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ရေထွက်ပျိုးဥယျာဉ်နှင့် ပညာပေးပြခန်းအားလည်းကောင်း၊ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်ရှိ ကောင်းမှုတော်ပျိုးဥယျာဉ်တို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရခိုင်ပြည်နယ် အမ်းမြို့၌ ရေတိုက်စားရာမှ လက်ပစ်ဗုံးတွေ့ရှိ

**အမ်း ဇွန် ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇွန် ၁၂ ရက် ညနေ ၆ နာရီခန့်က လောင်းဒုံးကွင်းအုပ်စု လုတ်ကျေးရွာအနီး တပ်တောင်-ရှူးကားလမ်းဘေးတွင် လုတ်ကျေးရွာနေ ဦးထိုက်ဘုတ်က နွားကျောင်းရာ ကားလမ်းတွင် ရေတိုက်စားမှုကြောင့် လက်ပစ်ဗုံးအဟောင်းတစ်လုံးတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးအား သွားရောက်အကြောင်းကြားခဲ့ရာ တပ်တောင်မြို့ နယ်မြေခံ ရဲစခန်းမှ တပ်ကြပ်ကြီး တင်မောင်ရွှေနှင့်အဖွဲ့က ဗုံးတွေ့ရှိရာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ဂျပန်ခေတ်က ဗုံးလက်ကျန် အဟောင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဘီးလင်း၌ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားဆောက်လုပ်

**ဘီးလင်း ဇွန် ၁၃**

သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူဌေးကုန်းနှင့် အင်းဝိုင်းကုန်း ကျေးရွာချင်းဆက်လမ်းတွင် အမာခံ ကွန်ကရစ်တံတား ဆောက်လုပ်လျက်ရှိရာ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ဇွန် ၁၂ ရက်၌ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကွန်ကရစ်တံတားသည် အရှည်ပေ ၅၀၊ အကျယ် ၁၆ ပေ ရှိရာ တံတားပြီးစီးသွားပါက သူဌေးကုန်းကျေးရွာမှ အင်းဝိုင်းကုန်း၊ အဟုံးဝ ကျေးရွာများသို့ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

## ယာဉ်ရပ်နားစခန်းများတွင် ဆိုက်ရောက်/ထွက်ခွာခြင်းမရှိသော ခရီးသည်ယာဉ်များနှင့် ယာဉ်လိုင်းမရှိဘဲ ပြေးဆွဲခြင်းများ စစ်ဆေး

**မန္တလေး ဇွန် ၁၃**

အဝေးပြေးခရီးသည်ယာဉ်လိုင်းများသည် သက်ဆိုင်ရာယာဉ်ရပ်နားစခန်းများတွင် ဆိုက်ရောက်/ထွက်ခွာခြင်းမရှိဘဲ ပြေးဆွဲခြင်းများနှင့် ယာဉ်လိုင်းမရှိဘဲ ပြေးဆွဲနေခြင်းများ ရှိနေခြင်းကြောင့် မန္တလေးမြို့တော် စည်ပင်သာယာနှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (အဝေးပြေး) တို့ပူးပေါင်း၍ စစ်ဆေးအရေးယူမှုများကို ဇွန် ၁ ရက်မှစတင်ကာ စီမံချက်ဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

“မြို့တော်စည်ပင်က အဝေးပြေးခရီးသည်ယာဉ်တွေ ဆိုက်ရောက်/ထွက်ခွာဖို့ ကားကွင်းနေရာချပေးထားတယ်။ တချို့အဝေးပြေးယာဉ်တွေက သက်ဆိုင်ရာကားကွင်းထဲမဝင်ဘဲ ပြေးဆွဲနေကြတယ်။ ယင်းနောက် ယာဉ်လိုင်းမရှိဘဲ မန္တလေး-မုံရွာခရီးစဉ်မှာ လိုက်ထရပ်တွေနဲ့ ပြေးဆွဲနေကြတယ်။ ဒါတွေက စည်းကမ်းနဲ့မညီလို့ စစ်ဆေးအရေးယူတာပါ” ဟု မဟာအောင်မြေ ယာဉ်ရပ်နားစခန်းတာဝန်ခံ ဦးကျော်စိုးက ပြောသည်။

ပြင်ဦးလွင်၊ စစ်ကိုင်းမြို့များသို့ ပြေးဆွဲသည့် ခရီးသည်ယာဉ်လိုင်းများ အနေဖြင့် သတ်မှတ်ပေးထားသည့် မဟာအောင်မြေကားကွင်းတွင် ဆိုက်ရောက်/ထွက်ခွာမပြုလုပ်ဘဲ ၆၄ လမ်း၊ ၂၉ လမ်း၊ နှင့် ၃၁ လမ်း၊ ၈၂ လမ်းတို့တွင် ရပ်တန့်ပြီး ခရီးသည်တင်ရပ်နားကြခြင်းမှာ စည်းကမ်းနှင့်မညီကြောင်း သိရသည်။

“မဟာအောင်မြေ ကားကွင်းမှာ နေရာပေးထားပေမယ့် ကားကွင်းထဲ မလာဘဲ အပြင်မှာ ခရီးသည်တင်ကြတယ်။ ပြီးတော့ လိုက်ထရပ်ကားတွေက ယာဉ်လိုင်းမရှိဘဲ ခရီးသည်ပြေးဆွဲတယ်။ ဒါတွေကို ပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးအရေးယူတယ်”ဟု ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

မန္တလေးမြို့တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထွက်ခွာရာဒေသအလိုက် ခရီးသည်ယာဉ်လိုင်းများအတွက် မြို့တော်စည်ပင်မှ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ပေးထားပြီး ချမ်းမြရွှေပြည်၊ သီရိမန္တလာ၊ ပြည်ကြီး မျက်ရှင်၊ မဟာအောင်မြေ နှင့် ဒေါနဘွား ယာဉ်ရပ်နားစခန်းဟူ၍ ငါးခုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မြဝတီမြို့တွင် ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မော်တော်ယာဉ်များပြား ရှုပ်ထွေးလာသဖြင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက လမ်းဖြတ်ကူးသည့် ကျောင်းသား ကျောင်းသူများအား ယာဉ်ကြောရှင်းလင်းကူညီဆောင်ရွက်ပေးစဉ်

(မြန်မာ့အလင်း)

○ကျောဖုံးမှ

အပြင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရာတွင် မိုးစပါးကို ၉၇၃၃၄ ဧက အထိ စိုက်ပျိုးနိုင်ပြီး နွေစပါးကို ၅၈၂၇ ဧကအထိ စိုက်ပျိုးနိုင်ကြောင်း သိရသည်။ ကျွဲ၊ နွားကို အသုံးပြုပြီး ထွန်ယက်စိုက်ပျိုးမှုများ ရှိနေဆဲဖြစ်သော်လည်း စက်ပစ္စည်းများ အသုံးပြုကာ စပါးရိတ်သိမ်းခြွေလှေ့မှုများကိုလည်း တောင်သူများလုပ်ကိုင်နေကြပြီဖြစ်သည်။ တဖြည်းဖြည်းနှင့် ပြောင်းလဲတိုးတက်လာမှု ပုံရိပ်များပင်ဖြစ်ရာ နိုင်ငံတကာပံ့ပိုးရေး၊ တွန်းအားပေးမှုများသာ လိုအပ်လေသည်။ လက်ရှိအချိန်တွင် ဆန်စက် ၂၁၅ စက်နှင့် ဆီစက်ငါးစက်ရှိနေပြီဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ရခိုင်ရိုးမတောင်တန်း၊ တောင်စွယ်များတွင် ရော်ဘာများစိုက်ပျိုးထားသည်မှာ အပင်များ စိမ်းညို့လျက်ရှိသည်။ ကျောက်တော်မြို့နယ်၌ ရော်ဘာစိုက်ဧက ၈၈၃ ဧကရှိရာ တောင်စွယ်များပေါ်တွင် ရော်ဘာပင်များကို တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသည်ကို မြင်တွေ့ရသည်။ အုန်း၊ ကွမ်းသီး၊ ငရုတ်ကောင်းတို့လည်း စိုက်ပျိုးကြရာ ငရုတ်ကောင်း အထွက်နှုန်းကောင်းကြောင်း သိရသည်။ ကျောက်တော်ကွမ်းသီးက အဖန်နည်းပြီး အသားပွကာ နူးညံ့သဖြင့် ရခိုင်ပြည်နယ်အတွင်း စားသုံးသူများပြားပြီး အရောင်းအဝယ်ဖြစ်ထွန်းလေသည်။

ကျောက်တော်မြို့၌ရှိသော စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)က ဒေသခံလူငယ်များအတွက် အနာဂတ်မျှော်လင့်ချက်အသစ်၊ ရည်မှန်းချက်အသစ်များကို ဖော်ဆောင်ပေးနိုင်မည့် ကျောင်းတစ်ကျောင်းဟု မြင်မိသည်။ စိုက်ပျိုးရေးကို အခြေခံသည့် ကျောက်တော်မြို့နယ်အတွက် ဒေသခံလူငယ်များ စိုက်ပျိုးရေးခေတ်မီနည်းပညာများ သင်ကြားတတ်မြောက်စေခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကို တစ်ခေတ်ဆန်းသစ် ထုဆစ်နိုင်ကြတော့မည့် ဒေသခံလူငယ်များ အနာဂတ်အတွက် အားပေးရမည့် ဆောင်ရွက်ချက်တစ်ရပ်ပင် ဖြစ်သည်။

ကျောက်တော်မြို့သည် ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးစလုံး ဆက်သွယ်သွားလာနိုင်သည်ဖြစ်ရာ စစ်တွေ-ရန်ကုန် ကားလမ်းမှ စစ်တွေ-ကျောက်တော်ခရီးစဉ်၊ ကျောက်တော်-မြောက်ဦး ခရီးစဉ်တို့ရှိနေပြီး ကျောက်တော်-မြောက်ဦး ကားလမ်းပိုင်း၌ မထသယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။ ပုဂ္ဂလိကယာဉ်များ ပြေးဆွဲနေမှုကြောင့် ခရီးသွားလာရေး တဖြည်းဖြည်း တိုးတက်လျက်ရှိသည်။ ဟိုင်းလတ်၊ ဟိုင်းဂျစ်ယာဉ်များဖြင့်လည်း ပုဂ္ဂလိကမော်တော်ယာဉ် ပြေးဆွဲမှုရှိနေရာ နေ့စဉ် ခရီးသွားလာမှု အဆင်ပြေနေသည်ကို တွေ့ရသည်။

ကစ္ဆပနဒီမြစ် အနောက်ဘက်ကမ်းခြေ၌ရှိသော ကျောက်တော်မြို့သို့ ရေယာဉ်၊ သင်္ဘောများအသုံးပြုကာ ရေကြောင်းခရီးစဉ်များလည်း သွားရောက်နိုင်သည်ဖြစ်ရာ ကျောက်တော်မြို့မှ ပလက်ဝမြို့အထိ ပုဂ္ဂလိက ရေယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာများနှင့် အနီးဝန်းကျင်မှ ကျေးရွာများကလည်း စက်လှေ၊ သမ္ဗန်များဖြင့် ကျောက်တော်မြို့သို့ နေ့စဉ်လာရောက်ကာ ကုန်ရောင်း၊ ကုန်ဝယ်ပြုနိုင်၊ ဘုရားဖူးလာနိုင်ကြသည်ဖြစ်ရာ ကျေးလက်များမှ ရေယာဉ်ငယ်များဖြင့် ကျောက်တော်မြို့ဆိပ်ကမ်းသို့ လာရောက်ကြသည့် လူကြီး၊ လူငယ်များလက်တွင် လက်ကိုင်ဖုန်းကိုယ်စီဖြင့် ပြောဆိုနေကြသည်မှာ ဆက်သွယ်ရေးကွန်ရက်နေရာအနှံ့ လွှမ်းခြုံချိတ်ဆက်နိုင်နေပြီကို သတိပြုမိသည်။

ကျောက်တော်မြို့တွင်း လမ်းများဘေး၌ ဓာတ်တိုင်များ အစီအရီ စိုက်ထူထားသည်ကို တွေ့ရပြီး 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ထားနိုင်ခဲ့သဖြင့် တစ်မြို့လုံးသို့ ၂၄ နာရီ ဓာတ်အားပေးနိုင်နေပြီဖြစ်သည်။ လူနေမှုဘဝမြင့်မားရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုသည် အရေးကြီးပြီး အဓိကကျသော အချက်တစ်ချက်အဖြစ် ပါဝင်နေသည်ဖြစ်ရာ ကျောက်တော်မြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီ ဖြစ်သည်။

ဇွန် ၁၁ ရက် နံနက်က တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခဲ့ရာ ကျောက်တော်မြို့နယ်၌ ဂုဏ်ထူးထွက်ရှိသော ကျောင်းသား ကျောင်းသူများစွာ ထွက်ပေါ်ခဲ့သည်။ ကျောက်တော်တစ်မြို့နယ်လုံး၌ အထက်တန်းကျောင်း ခြောက်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ ခြောက်ကျောင်းရှိသည့်အပြင် အလယ်တန်း၊ မူလတန်းစာသင်ကျောင်းပေါင်း ၂၂၀ ရှိရာ မြို့နယ်အတွင်း ပညာသင်ကြားရေးအဆင့်လည်း ကောင်းမွန်နေသည်။

ကျောက်တော် မြို့နယ်အတွင်း အခြေခံပညာ မူလတန်းကျောင်းသစ်များကို ကျေးရွာပေါင်း ၁၁ ရွာ၌ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တည်ဆောက်ခဲ့ရာ အချို့ကျောင်းများ ပြီးစီးနေပြီဖြစ်သလို အချို့ကျောင်းများက ပြီးလုဆဲဖြစ်နေကြောင်း သိရသည်။ အောင်ဇေယျကျေးရွာ၊ သဝင်ကိုင်းရွာ၊ ပြိန်းချောင်းရွာ၊ သရက်အုပ်ရွာ၊ မင်းတုန်းရွာ၊ တူးမြောင်းရွာ၊ ညောင်ပင်လှရွာ၊ အပေါက်ဝရွာသစ်၊ ရွှေပန်းခိုင်ရွာ၊ ပြိုင်ထိုင်းရွာတို့၌ မူလတန်းကျောင်းအသစ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ ဝဲကြီးထောင့်ရွာ၌ အထက(ခွဲ)ကျောင်းသစ်ကို ဆောက်လုပ်ပေးခဲ့ရာ ပြီးစီးလုအခြေအနေ ရောက်ရှိနေပြီဖြစ်ရာ ကျေးလက်နေပြည်သူများအတွက် ရင်သွေးငယ်စာသင်ကြားရေးတွင် ကိုယ့်ရပ်ကိုယ့်ရွာ၌ သင်ကြားနိုင်တော့မည်ဖြစ်သည်။

ကျောက်တော်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၈၄ ခုရှိပြီး လူဦးရေနှစ်သိန်းကျော်ရှိရာ ဘာသာပေါင်းစုံ နေထိုင်ကြကြောင်း သိရသည်။ ကိုးကွယ်ရာဘာသာ၊ စီးပွားရေးလုပ်ကိုင်မှု၊ အသက်မွေးဝမ်းကျောင်းပြုမှုများ ကွဲပြားသော်လည်း အတူတကွ အေးချမ်းစွာနေထိုင်ခြင်းဖြင့် တည်ငြိမ်မှု၊ မြို့နယ်ကျေးရွာဖွံ့ဖြိုးမှုတို့ကို ထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်း ကျေးလက်များဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာချင်းဆက်လမ်းများ ပြုပြင်အဆင့်မြှင့်တင်ရန်လိုအပ်ချက်များလည်း ရှိနေသည်။ မြောင်ဖိုရွာနှင့် အောင်ဇေယျရွာတို့ သုံးမိုင်ရှည်သော ရွာချင်းဆက်လမ်း၊ လက်ခုပ်ပင်ရင်းရွာနှင့် ဂေါရောမဏိရွာချင်းဆက် အရှည် နှစ်မိုင်ရှိသော လမ်း၊ မင်းသားတောင်ရွာနှင့် ရွှေပြည်ရွာချင်းဆက် အရှည်သုံးမိုင်ရှိသော လမ်း၊ကျောက်တော်-ကြာညိုအင်းရွာချင်းဆက် အရှည် ငါးမိုင်ရှိသောလမ်း၊ ကျောက်တော်-သင်္ဘောကွေ့ရွာချင်းဆက်လမ်း၊ ဒေါင်းကော်ယိုး-လေသွန်တောင်ရွာချင်းဆက် အရှည် နှစ်မိုင်ရှိသောလမ်းတို့ကို ကျောက်ချောလမ်းအဆင့် တိုးမြှင့်ရန် ရှိနေရာ ငွေကြေးဖြည့်ဆည်းပေးနိုင်ပါက ဆောင်ရွက်ရမည့် အခြေအနေပင် ဖြစ်သည်။

ရခိုင်ပြည်နယ်၌ ကျောက်တော်မြို့နယ်၏ ထူးခြားမှုမှာ မဟာမုနိဘုရားကြီးတည်ရှိနေမှုပင်ဖြစ်သည်။ ကျောက်တော်-မြောက်ဦးသွား ကားလမ်းဘေး၌ တည်ရှိသော မဟာမုနိဘုရားကြီးသည် တန်ခိုးကြီးပြီး သမိုင်းအစဉ်အလာကြီးမားသည်။ ကားလမ်းပေါ်မှကြည့်လျှင် နီညိုရောင်အမိုးပြားများ၊ စုလစ်မွမ်းချွန်ပြာသာဒ်တန်ဆောင်း အဆင့်ဆင့်ကို မြင်တွေ့ရသည်။ တန်ဆောင်းများမှာ ကြွေပြားခင်းများဖြင့် ပြုလုပ်ထားပြီး အဆင်းအတက် လွယ်ကူအောင် တည်ဆောက်ထားသဖြင့် အသက်အရွယ်မရွေး ဘုရားဖူးများအတွက် တက်ရောက်ဖူးမြော်ရသည်မှာ အဆင်ပြေလေသည်။ မြန်မာနိုင်ငံတစ်ဝန်းမှ ဘုရားဖူးများ၊ ရခိုင်ပြည်နယ်အတွင်းမှ ဘုရားဖူးယာဉ်များက နွေ၊ မိုး၊ ဆောင်း ဖြစ်သည်မရှိ၊ နေ့စဉ်လာရောက်ဖူးမြော်နေကြသည်။ ဇရပ်၊ တန်ဆောင်းများကလည်း သပ်ရပ်ခံ့ထည်စွာ လှုဒါန်းတည်ဆောက်ထားသဖြင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်လေသည်။ မဟာမုနိဘုရားကြီးပေါ်မှနေ၍ ကျောက်တော်မြို့နယ်မြင်ကွင်းကို အပေါ်စီးမှ ထင်ထင်ရှားရှား မြင်တွေ့ရသည်။ မဟာမုနိဘုရားကြီးသည် ကျောက်တော်မြို့နယ်သာမက ရခိုင်ပြည်နယ်အတွက်လည်း ကျက်သရေဆောင် တန်ခိုးကြီးဘုရားတစ်ဆူပင် ဖြစ်လေသည်။

ကျောက်တော်မြို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များကိုလည်း အကောင်အထည်ဖော်ရန် အစီအမံများရှိနေရာ ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာမည်ဖြစ်သည်။ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ကျောက်တော်မြို့နယ်၏ ထုတ်ကုန်များ တိုးတက်မြင့်မားလာပြီး မြို့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ဧကများစွာ တစ်ဆက်တစ်စပ်တည်း စိုက်ခင်းကြီးများထွက်ပေါ်လာမည့် စိုက်ပျိုးရေးဇုန်ကြောင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများလည်း အသုံးပြုရမည်ဖြစ်ရာ စက်မှုလယ်ယာသို့ မဖြစ်မနေပြောင်းလဲရတော့မည်ဖြစ်သည်။ စိုက်ပျိုးတောင်သူများဘဝလည်း ပြောင်းလဲနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)မှ ခေတ်မီစိုက်ပျိုးရေး နည်းပညာတတ်ကျောင်းဆင်းလူငယ်များနှင့် စိုက်ပျိုးရေးဇုန် အကောင်အထည်ဖော်နိုင်မှုတို့သည် အချိန်ကိုက်ဖြစ်နိုင်လျှင် စိုက်ပျိုးရေးအဓိကဖြစ်သည့် ကျောက်တော်မြို့၏ အနာဂတ်က ရောင်နီဖြာလျက်ရှိနေသည်မှာ အမှန်ပင်။ ကျောက်တော်မြို့နယ်၏ အနာဂတ်တိုးတက်ဖွံ့ဖြိုးမှုကို ပညာတတ်လူငယ်များက ထုဆစ်ပုံဖော်ကြတော့မည်မှာ အသေအချာပင် ဖြစ်သည်။

“ကျွန်တော်တို့ တတ်ထားတဲ့ပညာနဲ့ လုပ်နိုင်ကိုင်နိုင်အောင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ လုပ်နိုင်စွမ်းအားရှိပါတယ်”ဟု စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)မှ ဒုတိယနှစ်ကျောင်းသားတစ်ဦးက စိတ်အားထက်သန်စွာပြောခဲ့သည်ကို ပြန်ကြားယောင်မိသည်။ အရည်အချင်းရှိသည့် လူငယ်များ မွေးထုတ်နေပြီဖြစ်သလို စိုက်ပျိုးရေးဇုန်အတွက် အစီအမံရှိနေပြီဖြစ်ရာ အကောင်အထည်ဖော်နိုင်ရန်သာ လိုတော့သည်ဟု တွေးနေမိသည်။ ။


ကစ္ဆပနဒီမြစ်ကမ်းရှိ ကျောက်တော်တောင်စေတီကို တွေ့ရစဉ်


ကျောက်တော်မြို့ရှိ ရတီဆိပ်ကမ်းနှင့် နေအိမ်အဆောက်အအုံများကို တွေ့ရစဉ်



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို တွေ့ရစဉ်

◆ ကျောဖုံးမှ

မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံခွင့်ရှိပါတယ်။ ဒီနေ့ ဇွန် ၁၃ ရက်ကနေ ဇူလိုင် ၃၁ ရက်အထိ လျှောက်လွှာတွေကို လက်ခံပေးသွားမှာပါ။ ဩဂုတ်လထဲမှာ တက်လာတဲ့ လျှောက်လွှာတွေထဲက ဆန်ခါတင် အလှမယ် ၂၀ ကို ရွေးချယ်ပြီး စက်တင်ဘာ ၃ ရက်မှာ နောက်ဆုံးဆန်ခါတင် အလှမယ် ၂၀ ထဲကနေ Winner ဆုရှင်ကို ရွေးချယ်သွားမှာပါ”ဟု မစ္စမြန်မာအင်တာနေရှင်နယ်အဖွဲ့မှ နေရှင်နယ်ဒါရိုက်တာ ဦးခင်အောင်ထွန်းကပြောသည်။

မြန်မာနိုင်ငံ၌ တစ်ကျော့ပြန်အလှမယ်များအား စတင်ရွေးချယ်ပေးခဲ့သော အဆိုပါမစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲများကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းက ဦးဆောင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၂ ခုနှစ်တွင် အလှမယ် ယခုမင်းသမီးနန်းခင်ဇေယျာကို Winner ဆုရှင်အဖြစ် ရွေးချယ်ပြီး ဂျပန်နိုင်ငံ၌ ကျင်းပသည့် မစ္စအင်တာနေရှင်နယ်ပြိုင်ပွဲသို့ စတင်စေလွှတ်ယှဉ်ပြိုင်ခဲ့သည်။ ယင်းနောက် ၂၀၁၃ ခုနှစ်တွင် အလှမယ် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် Winner ဆုရှင် ခင်ဝေဖြိုးဟန်အား ရွေးချယ်ခဲ့သော်လည်း အသက်ကန့်သတ်မှုကြောင့် ခင်ဝေဖြိုးဟန် သွားရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိဘဲ 1st Runner up ဆုရှင်မေဘရဏီသော် သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် မစ္စမြန်မာ အင်တာနေရှင်နယ်ပြိုင်ပွဲ၌ Winner ဆုရခဲ့သော အလှမယ် အမရာငြိမ်းက နိုင်ငံကိုယ်စားပြုအဖြစ် ဂျပန်နိုင်ငံ၌ကျင်းပသည့် မစ္စအင်တာနေရှင်နယ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ မစ္စမြန်မာအင်တာနေရှင်နယ်တွင် ရွေးချယ်ခံရသော အလှမယ်များသည် အဆိုပါပြိုင်ပွဲတစ်ခုတည်းသာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းမဟုတ်ဘဲ နိုင်ငံတကာခရီးသွားပြပွဲများတွင်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပူးပေါင်းပါဝင် လှုပ်ရှားဆောင်ရွက်ခွင့်များ ရခဲ့သည်။

အဆိုပါ မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၆ ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံတစ်ဝန်းမှ လုံမပျိုများအနေဖြင့် လျှောက်လွှာများကို ဇွန် ၁၃ ရက်မှ စတင်ကာ ဇူလိုင် ၃၁ ရက်နောက်ဆုံးထားလျှောက်နိုင်ပြီဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက်အရွေးချယ်ခံ ပြိုင်ပွဲဝင်မည့် အလှမယ်များအနေဖြင့် အသေးစိတ်စုံစမ်းလိုပါက မတင်နွယ်ဝင့် ဖုန်း-၀၉-၇၉၅၆၇၀၀၉၃ နှင့် မခင်ဇာခြည်ဝင်း ဖုန်း- ၀၉- ၄၃၁၃၆၃၆၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို မစ္စမြန်မာအင်တာနေရှင်နယ် Facebook Page တွင် ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

# တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိ




**စစ်တွေ ဇွန် ၁၃**

တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာလက်ကာဘူတိုကလူးနှင့်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ရောက်ရှိကြပြီး စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်မိသားစုများအတွက် တူရကီနိုင်ငံမှလှူဒါန်းသည့် ဆန်အိတ် ၅၀၀ နှင့် ဆီပုံး ၁၀၀ တို့ကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်လူမှုဝန်ထမ်းရုံးခန်းမ၌ တူရကီပြည်သူများကလှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ဆီ ၁၀ ပုံးနှင့် ကလေး ၂၆၉ ဦးအတွက် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်းထံသို့လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး၌ ဆန်အိတ် ၂၀၀ နှင့် ဆီ ၁၀ ပုံးတို့ကို ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဇော်ထံသို့လည်းကောင်း ပေးအပ်သည်။ **(ယာပုံ)**

ထိုမှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝတ်ပြုကျောင်းသို့ရောက်ရှိကာ ဆန်အိတ် ၁၀၀၀၊ ဆီပုံး ၇၀ ကို ပေးအပ်လှူဒါန်းပြီး ယင်းရပ်ကွက်ရှိ အစ္စလာမ်ဘာသာကိုးကွယ်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ည ၇ နာရီမိနစ် ၄၀တွင် စစ်တွေလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်းမှာပင် အမှန်တကယ်စာတတ်မြောက်စေရန် အလေးထားဆောင်ရွက်

**နေပြည်တော် ဇွန် ၁၃**

တက္ကသိုလ်ဆရာဆရာမများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များဖြစ်ပေါ်လာအောင်သင်ကြားလေ့ကျင့်ပေးရန်၊ ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဓာတ်ကိုမွေးမြူပေးရန်၊ သုတေသနစွမ်းဆောင်ရည်နှင့် သင်ကြားမှုစွမ်းဆောင်ရည်ပြည့်ဝအောင် အပတ်တကုတ်ကြိုးစားအားထုတ်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇွန် ၁၁ ရက် နံနက် ၉နာရီခွဲတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ပြုလုပ်သော တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ တောင်ကြီး ပညာရေး ကောလိပ်တို့မှ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် သင်တန်းကဏ္ဍများတွင် ဒေသနှင့် လိုက်လျောညီထွေရှိမည့် သင်ကြားရေးအစီအစဉ်များအတွက် စီမံကိန်းပြုစုစီစဉ်ဆောင်ရွက်ရေး၊ ဘာသာရပ်အလိုက် သင်ကြားသင်ယူမှု နည်းလမ်းကောင်းမွန်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး၊ ဘာသာရပ်ဌာနများနှင့် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းအစီအစဉ်များ ပြုစုဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေး မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တက္ကသိုလ်၊ ကောလိပ်၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက ၎င်းတို့ဆောင်ရွက်လျက်ရှိသော ပညာရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် ပညာရေးဆိုင်ရာလုပ်ငန်းစဉ်များကို လည်းကောင်း၊ တက်ရောက်လာကြသော ပညာရေးဝန်ထမ်းများက သိရှိလိုသည့်အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက မေးမြန်းသည်များကို ရှင်းလင်းဆွေးနွေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများကိုတွေ့ဆုံကာ ဆရာဆရာမများအနေဖြင့် မိမိတပည့်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ကျောင်းတက်မှန်ကန်ရေး၊ စာသင်ခန်းအတွင်းမှာပင် ကျောင်းသားကျောင်းသူ အားလုံး အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်၊ ဆရာ ဆရာမတို့၏ သင်ကြားသင်ယူမှုအရည်အသွေးမြင့်မားနေမှ တပည့်တို့၏တတ်မြောက်မှုအရည်အသွေးမြင့်မားမှုကို မိဘအုပ်ထိန်းသူများ၏ ဖြည့်ဆည်းမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်၍ ဆရာ ဆရာမတို့ကိုယ်တိုင်က သင်ကြားသင်ယူမှုနှင့် ပူးပေါင်းမှုအရည်အသွေးပြည့်ဝအောင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရန်၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေးတို့အတွက် မိဘဆရာအသင်း၊ မိဘပြည်သူများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန်၊ ကျောင်းထောက်ပံ့ကြေးများကို ပွင့်လင်းမြင်သာစွာဖြင့် ပညာရေးလုပ်ငန်းများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်တို့ကို မှာကြားရာ ပြည်နယ်ပညာရေးမှူးက ရှမ်းပြည်နယ်ပညာရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(အေးသာယာ)၊ ညောင်ရွှေသက်မွေးပညာသင်ကျောင်းများသို့လည်းကောင်း၊ နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်)များသို့လည်းကောင်း ရောက်ရှိခဲ့ပြီး စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြောက်ဦးမြို့ရှိ ဗန္ဓုလရပ်ကွက် ထရန်စဖော်မာတပ်ဆင်မှု ၈၀ ရာခိုင်နှုန်းကျော် ပြီးစီး

**မြောက်ဦး ဇွန် ၁၃**



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် လျှပ်စစ်ကဏ္ဍအတွက် ရက်ပေါင်း ၁၀၀ စီမံကိန်းကာလအတွင်း ထရန်စဖော်မာ တပ်ဆင်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သတ်မှတ်ထားသည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကြောင်း မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်က ဇွန် ၁၃ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ရက် ၁၀၀ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအနက် အချို့လုပ်ငန်းတွေက ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပါတယ်။ အဲဒီမှာ လျှပ်စစ်ကဏ္ဍက အကောင်အထည်ဖော်နေတဲ့ ထရန်စဖော်မာတပ်ဆင်တဲ့လုပ်ငန်းတွေကတော့ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြောက်ဦးမြို့ညောင်ပင်ဈေးရပ်ကွက်ရှိ သျှစ်သောင်း ၂၀၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်လုပ်ကိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယင်းလုပ်ငန်းအတွက် နိုင်ငံတော်က ငွေကျပ် ၂၆၆ သိန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေးအတွက် မြောက်ဦးမြို့နယ် လျှပ်စစ်ဌာနမှ တင်ပြခွင့်ပြုချက်ရယူကာ လျှပ်စစ်သုံးစွဲခွင့်ရရေး ဆောင်ရွက်နေပြီဖြစ်သည်။

ဆက်လက်ပြီး မြောက်ဦးမြို့ ဗန္ဓုလရပ်ကွက်၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းကို ရက် ၁၀၀ စီမံကိန်းကာလလုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။ ဗန္ဓုလရပ်ကွက် ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းအတွက် ကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး လုပ်ငန်းတစ်ခုလုံးအတွက် နိုင်ငံတော်က ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၅၀ ဖြစ်ကြောင်း သိရသည်။

မြောက်ဦးမြို့နယ်၌ နိုင်ငံပိုင်ဓာတ်အားဖြန့်ဖြူးရေးစနစ်မှ ဓာတ်အား ၁၁၀၀၀ ကီလိုဝပ်ကို ဖြန့်ဖြူးပေးလျက်ရှိသည်။ လောလောဆယ်တွင် ထရန်စဖော်မာ ၅၀ ကေဗွီအေ သုံးခု၊ ၁၀၀ ကေဗွီအေတစ်ခု၊ ၂၀၀ ကေဗွီအေရှစ်ခု၊ ၃၁၅ ကေဗွီအေနှစ်ခု၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေတစ်ခုတို့ တပ်ဆင်ထားပြီးဖြစ်ရာ ထရန်စဖော်မာအရေအတွက် ၁၅ လုံး ရှိနေပြီဖြစ်သည်။

မြောက်ဦးမြို့နယ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု လိုအပ်သည့်ပမာဏ ကီလိုဝပ် ၁၀၀၀ ဖြစ်ပြီး ရရှိနေသည့်ကီလိုဝပ်ပမာဏမှာ ၁၀၀၀ ဖြစ်သည်။ မြောက်ဦးတွင် လောလောဆယ်၌ ဓာတ်အားကီလိုဝပ် ၅၀၀ သုံးစွဲလျက်ရှိရာ ဓာတ်အားကီလိုဝပ် ၅၀၀ ပိုမိုလျက်ရှိကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်ကဏ္ဍ၏ ရက်ပေါင်း ၁၀၀ စီမံကိန်းကာလ ဆောင်ရွက်ပြီးစီးမှုမှာ သျှစ်သောင်း ၂၀၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သလို ဗန္ဓုလရပ်ကွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး ရာနှုန်းပြည့်ပြီးစီးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**

# အော်လန်ဒိုပစ်ခတ်မှု အမေရိကန်သမိုင်းတွင် အဆိုးဆုံးပစ်ခတ်မှုအဖြစ် အိုဘားမားပြောကြား

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်သမ္မတဘားရက်အိုဘားမားက အော်လန်ဒို နိုက်ကလပ်တွင်ပစ်ခတ်မှုဖြစ်ပွားခြင်းသည် အကြမ်းဖက်လုပ်ရပ်နှင့် အမုန်းပွားလုပ်ရပ်တစ်ခုအဖြစ် အမေရိကန်သမိုင်းတွင် အဆိုးဆုံးပစ်ခတ်မှုဖြစ်သည်ဟု ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် အမေရိကန်အားလုံးအပေါ် တိုက်ခိုက်မှုဖြစ်သည်ဟု ဇွန် ၁၂ရက်က ဖော်ပြခဲ့သည်။

"ယနေ့အကြမ်းဖက်လုပ်ရပ်ကြောင့် အမေရိကန်ပြည်သူတွေ ကြေကွဲခဲ့ကြရတယ်။ အပြစ်မဲ့ပြည်သူတွေ အများအပြားသေဆုံးခဲ့တဲ့ ရက်စက်တဲ့လုပ်ရပ်ဖြစ်တယ်" ဟု အိမ်ဖြူတော်မှထုတ်ပြန်သော ကြေညာချက်တွင် အိုဘားမားက ဖော်ပြခဲ့သည်။

စုံစမ်းစစ်ဆေးမှုများ၏ရလဒ်ကို သိရှိရန် စောနေသေးသော်လည်း ယင်းလုပ်ရပ်သည် အကြမ်းဖက်လုပ်ရပ်နှင့် အမုန်းပွားလုပ်ရပ် တစ်ခုသာဖြစ်ကြောင်း အိုဘားမားက ပြောခဲ့သည်။

အကြောက်တရားတွေ အချင်းချင်းကြား မဖြစ်ပွားစေဘဲ စုစည်းညီညွတ်မှုသဘောကိုပြပြီး လူမျိုးနှင့်နိုင်ငံကို ကာကွယ်မှုပြုရန်လိုကြောင်းနှင့် အမေရိကန်အားခြိမ်းခြောက်သူများကို ဆန့်ကျင်ရန်လိုကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အပြစ်မဲ့ပြည်သူများသေဆုံးမှု ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အိမ်ဖြူတော်တွင် အလံကို တိုင်တစ်ဝက်လွှင့်ထူထားကြောင်း သိရသည်။

(ရိုက်တာ)




# ဗီယက်နမ်၊ မြန်မာတို့နှင့်ထိစပ်နေသော ယူနန်ပြည်နယ်သည်
## စီးပွားရေးအချက်အချာဖြစ်လာမည်ဟု တရုတ်ရှုမြင်

**ကူမင်း ဇွန် ၁၃**

အာရှကုန်စည်ပြပွဲကို တနင်္ဂနွေနေ့က တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်း ကူမင်းမြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြခဲ့သည်။

တရုတ်အစိုးရပံ့ပိုးသော ခြောက်ရက်ကြာ ယင်းကုန်စည်ပြပွဲသို့ ကုမ္ပဏီပေါင်း ၅၀၀ခန့်ပါဝင်ပြသခဲ့ကြသည်။ ယင်းကုန်စည်ပြပွဲကို ကြည့်ခြင်းအားဖြင့် အာရှနိုင်ငံများကို ကုန်စည်ပြပွဲမှတစ်ဆင့် ထိုးဖောက်ရန် တရုတ်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုကို တွေ့ရမည်ဖြစ်သည်။

ကုန်စည်ပြပွဲဖွင့်ပွဲမိန့်ခွန်းတွင် ဒုတိယဝန်ကြီးချုပ် ဝမ်ရန်က တရုတ်နိုင်ငံအနေဖြင့် "One Belt, One Road" ရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိပြီး စီးပွားရေးနှင့် နိုင်ငံရေးပထဝီဝင်သဘောတရားအရ ကုန်းမြေနှင့် ပင်လယ်ထွက်ပေါက်များဖြင့် အာရှနှင့်ဥရောပကို ချိတ်ဆက်မှုများ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်လျက်ရှိကြောင်း ယင်းရည်မှန်းချက်သည် ခေါင်းဆောင်ကြီး ရှီကျင့်ဖျင်၏ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ချမှတ်ထားသော လမ်းညွှန်ချက်များပင်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

ဝမ်က အစိုးရအနေဖြင့် တရုတ်ကုမ္ပဏီများ ရထားလမ်းများနှင့် ဆိပ်ကမ်းများ တည်ဆောက်ခြင်းနှင့် အခြားအခြေခံအဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်စေလိုကြောင်း ပြောကြားခဲ့သည်။

တရုတ်ရထားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုသည် ယင်းကုန်စည်ပြပွဲတွင် မြန်နှုန်းမြင့်မီးရထားနှင့် မြေအောက်မီးရထားပုံစံများကို ပြသထားသည်။

ကုန်စည်ပြပွဲတက်ရောက်လာသူများသည် ဗီယက်နမ်ကုမ္ပဏီမှပြသထားသော သစ်သီးခြောက်များကို ဝယ်ယူအားပေးခဲ့ကြသည်။

တရုတ်အစိုးရက ဗီယက်နမ်နိုင်ငံနှင့်သာမက မြန်မာနိုင်ငံနှင့်ပါ ထိစပ်နေသော ယူနန်ပြည်နယ်သည် "One Belt, One Road"ရည်မှန်းချက်ကိုအကောင်အထည်ဖော်ရာ၌အရေးပါသော စီးပွားရေးအချက်အချာဖြစ်လာမည်ဟု ရှုမြင်သုံးသပ်ထားသည်။ **(အင်န်အိတ်ချ်ကေ)**

# ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားထိပ်ဖူးအရေအတွက် စတော့ဟုမ်းခန့်မှန်း

**ဆွီဒင် ဇွန် ၁၃**

ကမ္ဘာတစ်ဝန်းတွင်ရှိသော နျူကလီးယားထိပ်ဖူးအရေအတွက်သည် စစ်အေးကာလအပြီး ၁၉၉၀ပြည့်နှစ်တွင် ၆၀၀၀၀ ခန့်ရှိကြောင်း စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာနက ပြောသည်။

၂၀၀၀ ပြည့်နှစ်တွင် အရေအတွက်သည် ထက်ဝက်ခန့်လျော့နည်းလာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စုမှ ခေါင်းဆောင်များနှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုမှ ခေါင်းဆောင်များသည် လက်နက်လျှော့ချရေးစာချုပ် (စတာ့တ်-ဝမ်း)ကို သဘောတူလက်မှတ်ရေးထိုးခဲ့သောကြောင့် ဖြစ်သည်။




၂၀၁၀ ပြည့်နှစ်တွင်လည်း ယင်းနျူကလီးယားထိပ်ဖူး အရေအတွက်မှာ ဆက်လက်လျော့ကျလာခဲ့ကာ ၂၂၀၀၀ ထိသာရှိတော့ကြောင်း ဆိုသည်။

အမေရိကန်နှင့် ရုရှားတို့ ၂၀၁၀ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် စတာ့တ်စာချုပ်အသစ်ကြောင့်လည်းကောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ပါရာဂွေးမိန့်ခွန်းတွင် နျူကလီးယားကင်းစင်သော ကမ္ဘာကြီးဖန်တီးမည်ဟုပြောကြားပြီး တစ်နှစ်အကြာ နျူကလီးယားလက်နက်ပိုင်ဆိုင်မှု လျှော့ချရေးကြိုးစားမှုများသည် သိသိသာသာ အရာထင်လာခဲ့သည်။

ယခုနှစ် ဇန်နဝါရီမှစ၍ အမေရိကန်သည် ယခင်ထက်နျူကလီးယားထိပ်ဖူးပိုင်ဆိုင်မှုတွင် ၂၆၀လျော့နည်းပြီး ၇၀၀၀သာပိုင်ဆိုင်ခဲ့ကာ ရုရှားအနေဖြင့်လည်း ယခင်နှစ်ထက် ၂၁၅ လျော့နည်းကာ ၇၂၉၀ သာ ပိုင်ဆိုင်တော့သည်။

နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများအနေဖြင့် ပြင်သစ်တွင် နျူကလီးယားထိပ်ဖူး ၃၀၀၊ တရုတ်တွင် ၂၆၀ နှင့် ဗြိတိန်တွင် ၂၁၅ခု ပိုင်ဆိုင်ကြောင်းခန့်မှန်းထားသည်။

ပါကစ္စတန်တွင် နျူကလီးယားထိပ်ဖူး ၁၁၀ နှင့် ၁၃၀ ကြား၊ အိန္ဒိယတွင် ၁၀၀နှင့် ၁၂၀ကြားပိုင်ဆိုင်သည်ဟု ခန့်မှန်းရပြီး ယင်းနှစ်နိုင်ငံသည် လွန်ခဲ့သောနှစ်ထက် ၁၀ခု ပိုပိုင်ဆိုင်လာခဲ့ကြောင်း၊ အစ္စရေးတွင်လည်း နျူကလီးယားထိပ်ဖူး ၈၀ နီးပါးရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ထို့အပြင် အဆိုပါ ငြိမ်းချမ်းရေးသုတေသနဌာနက မြောက်ကိုရီးယားတွင် နျူကလီးယားထိပ်ဖူး ၁၀ခုခန့်ကို ထုတ်လုပ်နိုင်သော နျူကလီးယားပစ္စည်းများ ပိုင်ဆိုင်ထားကြောင်းပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ယူရို ၂၀၁၆ ဘောလုံးပွဲကျင်းပရာနေရာများ၌ အရက်ရောင်းချခွင့် ပိတ်ပင်ရန် ပြင်သစ်အစိုးရတိုက်တွန်း




**ပါရီ ဇွန် ၁၃**

ပြင်သစ်အစိုးရသည် ပြိုင်ပွဲကျင်းပရာနေရာများနှင့် ပရိသတ်များကြည့်ရှုအားပေးရာ နေရာများ၌ အရက်ရောင်းချခြင်းမပြုရန် ယူရို ၂၀၁၆ ပြိုင်ပွဲလက်ခံကျင်းပသည့် မြို့များကို တိုက်တွန်းထားသည်။

မာဆေးမြို့၌ ပရိသတ်များနှင့်ရဲများအကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီး သုံးရက်အကြာ ယင်းသို့တိုက်တွန်းချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ စနေနေ့၌ ရုရှားပရိသတ်များက အင်္ဂလန်ပရိသတ်များအား တိုက်ခိုက်ခဲ့ပြီးနောက် ဥရောပဘောလုံးသမဂ္ဂက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ အကယ်၍ နောက်ထပ်ပရိသတ်များကြား အချင်းပွားမှုများ ဆက်လက်ပေါ်ပေါက်လာပါက အားကစားပြိုင်ပွဲများကို ပိတ်ပစ်ရတော့မည်ဟု ခြိမ်းခြောက်မှု တစ်ရပ်လည်း ရှိနေသည်။

ဗြိတိန်အစိုးရသည် ကြာသပတေးနေ့တွင် လန်းစ်မြို့၌ ကျင်းပမည့် အင်္ဂလန်အသင်း၏ နောက်ထပ်ပွဲစဉ်တစ်ခု၌ ဗြိတိန်ရဲများကို စေလွှတ်ရန် ကမ်းလှမ်းထားသည်။ ပြိုင်ပွဲမကျင်းပမီ နေ့နှင့် ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ပြိုင်ပွဲကျင်းပရာအနီးဝန်းကျင်၌ အရက်ရောင်းချခြင်း၊ သောက်သုံးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို တားမြစ်ရန် လိုအပ်သည့်လုပ်ဆောင်မှုများကို တောင်းခံထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး Bernard Cazeneuve က ပြောသည်။

အများပြည်သူများနှင့် သက်ဆိုင်သောနေရာများ၊ ဈေးဆိုင်များနှင့် လိုင်စင်မဲ့ဆိုင်များ၌ အရက်ရောင်းချမှုပိတ်ပင်လိမ့်မည်ဟု ၎င်းကပြောသည်။ "မာဆေးမြို့မှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို လက်ခံပေးလို့မရပါဘူး။ အာဏာပိုင်တွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ဘောလုံးပရိသတ်တွေ ဘယ်သူမှ လက်ခံပေးလို့ မရပါဘူး"ဟု ၎င်းက ဆက်ပြောသည်။

**(ဘီဘီစီ)**

# သမ္မတသစ်၏ နိုင်ငံခြားရေးမူဝါဒသည် အမေရိကန်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်စေနိုင်ပါမည်လား

**ချိုးစန္ဒီနွေး**

**လေးထောင့်ကျောက်ပြားလေးများနှင့် ရွှေရောင်ကြယ်ပွင့်များသည် ဒုတိယကမ္ဘာစစ်အတွင်းကကျဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အမှတ်တရအထိမ်းအမှတ်ပင်ဖြစ်သည်။ အမေရိကန်တို့ စစ်အတွင်းသို့ဝင်ရန်ဆုံးဖြတ်ခဲ့ပြီးနောက်မကြာမီ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားခြင်းနှင့် အမေရိကန်ပါဝင်လာခဲ့ခြင်းကြောင့် ဒုတိယကမ္ဘာစစ် လျင်မြန်စွာအဆုံးသတ်သွားခြင်းတို့သည် အမေရိကန်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် အသိအမှတ်ပြုလာစေသည်။**

ဒုတိယကမ္ဘာစစ်ကြီးအပြီး အချိန်များစွာ ဖြတ်သန်းပြီးနောက် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ အထင်ရှားဆုံးအရာများမှာ ဆိုဗီယက် ပြည်ထောင်စုပြိုကွဲသွားခြင်းနှင့် တရုတ်နိုင်ငံအင်အားကြီးထွားလာခြင်းပင်ဖြစ်သည်။ အီရတ်နှင့် အာဖဂန်နစ္စတန်တို့၌ ဖြစ်ပွားခဲ့သောစစ်ပွဲများကြောင့် အမေရိကန်နိုင်ငံ၏ လွှမ်းမိုးနိုင်မှုနှင့် ခေါင်းဆောင်နိုင်မှုအပေါ် သတ်မှတ်ထားသောအရာများမှာ ပြောင်းလဲလာသည်။ ယခုအခါ အမေရိကန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲပြုလုပ်လျက်ရှိရာ သမ္မတအသစ် မကြာမီပေါ်ထွက်လာတော့မည်ဖြစ်သည်။ အမေရိကန်သမ္မတသစ်၏ နိုင်ငံခြားရေးမူဝါဒမှာ မည်သို့မည်ပုံရှိမည်ကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစားရှိလှသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ အိုဘားမား သမ္မတတာဝန်စတင်ထမ်းဆောင်ခဲ့စဉ်က စီးပွားရေးဆိုင်ရာ အကျပ်အတည်းနှင့် စစ်ပွဲနှစ်ခုကို လက်လွှဲရယူခဲ့ရသည်။ ထိုစဉ်အခါက သမ္မတအိုဘားမားသည် သမ္မတဟောင်းဘုရှ်၏ တင်းမာသည့်လှုပ်ရှားမှုများနှင့် မတူကွဲပြားသည့် အခြေအနေတစ်ရပ် ဖန်တီးလိုသည်။ ဘုရှ်လက်ထက်က ကျင့်သုံးခဲ့သည့်ပုံစံနှင့်မတူညီသည့် နိုင်ငံခြားရေးမူဝါဒကို လက်တွေ့အသုံးချလိုသည်။ သို့သော် မကြာသေးမီက ရေဒီယိုအသံထုတ်လွှင့်မှုတစ်ခုမှ ဆွေးနွေးပွဲတစ်ခု၌ ဒီမိုကရက်တစ်အမျိုးသမီးလွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ ဂျိန်းဟာမန်းကမူ အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒကို မနှစ်မြို့ကြောင်း ပြောခဲ့သည်။

နောက်တက်လာမည့် သမ္မတသစ်မှာ မည်သူပင်ဖြစ်စေကာမူ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားရန်လိုကြောင်း၊ နိုင်ငံခြားရေးမူဝါဒသည် အမေရိကန်၏တန်ဖိုးနှင့် အကျိုးစီးပွားကို အထောက်အကူပြုနိုင်ရမည်ဟုလည်း ၎င်းက ပြောခဲ့သည်။ ဟီလာရီကလင်တန်နှင့် ဂျွန်ကယ်ရီတို့၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘီးလ်ဘန်းက သမ္မတအသစ်ဦးစားပေးလုပ်ဆောင်ရမည့် နိုင်ငံခြားရေးမူဝါဒမှာ ရှင်းလင်းကြောင်း အာရှပစိဖိတ်ဒေသနှင့် တရုတ်နိုင်ငံတို့ပင်ဖြစ်သည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်နေသော အငြင်းပွားမှုများမှာ နိုင်ငံခြားရေးမူဝါဒအတွက် ထင်ရှားသော သက်သေပြချက်များပင်ဖြစ်သည်ဟု ၎င်းက ထောက်ပြခဲ့သည်။ ထို့အပြင် သမ္မတအသစ်သည် ကမ္ဘာတစ်ဝန်းလုံးမှ မဟာမိတ်များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ယုံကြည်ကြောင်း ၎င်းက ဆက်ပြောသည်။ "ဒီကိစ္စဟာ အမေရိကန်နဲ့ တရုတ်တို့နဲ့ပဲ သက်ဆိုင်တာမဟုတ်ပါဘူး။ အပြည်ပြည်ဆိုင်ရာ စည်းကမ်းဥပဒေတွေပါပဲ၊ ကမ္ဘာ့တစ်ဝက်လောက်က သင်္ဘောတွေဟာ တောင်တရုတ်ပင်လယ်အတွင်းမှာ ကုန်တင်ပြီး ဖြတ်သန်းသွားလာနေကြပါတယ်"ဟု သံတမန်တစ်ဦးဖြစ်သူ ဘီးလ်ဘန်းက ပြောသည်။ ၎င်းသည် ၂၀၁၃ ခုနှစ်က တီဟီရန်နှင့် လျှို့ဝှက်ဆွေးနွေးညှိနှိုင်းမှုတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ သမ္မတအိုဘားမားတာဝန်ပေးအပ်ခဲ့သော သံတမန်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ထိုစဉ်အခါက ဆွေးနွေးညှိနှိုင်းခဲ့မှုများသည် ၂၀၁၅ ခုနှစ် အီရန်နိုင်ငံ၏ နျူကလီးယား စာချုပ်ချုပ်ဆိုမှုတွင် အထောက်အကူ ဖြစ်စေခဲ့ပြီး အီရန်နိုင်ငံ၏ နျူကလီးယားလှုပ်ရှားမှုများကို ကန့်သတ်နိုင်ခဲ့သည်။ အပြန်အလှန်အားဖြင့် အီရန်နိုင်ငံအပေါ် ပိတ်ဆို့ထားမှုများကိုလည်း ဖြေလျှော့ပေးခဲ့သည်။ သို့သော် အီရန်နှင့်သဘောတူညီမှုကို အမေရိကန်ရီပတ်ဘလစ်ကန်များက မနှစ်မြို့ကြချေ။ ဟစ်ဘိုလာကဲ့သို့သော စစ်သွေးကြွအုပ်စုများကို အီရန်တို့က ထောက်ပံ့ပေးသည်ဟုထောက်ပြကာ အီရန်ကိုယုံကြည်၍မရဟုဆိုသည်။ ဘန်းအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကြိုးပမ်းမှုကို တားဆီးနိုင်ပြီဟု တထစ်ချ ယုံကြည်သည်။ သို့သော် နောက်တက်လာမည့် သမ္မတအသစ်အား ၎င်းသတိပေးလိုသောအကြောင်းမှာ အရာအားလုံးကို သတိပြုဆောင်ရွက်ရန်ပင်ဖြစ်သည်။

"ဒီလျှို့ဝှက်ဆွေးနွေးညှိနှိုင်းမှုတွေစလုပ်တော့ ကျွန်တော်ဘာကိုမှ မျှော်လင့်မထားခဲ့ပါဘူး။ အီရန်နိုင်ငံရဲ့ အသွင်ကူးပြောင်းရေးနဲ့ အီရန်-အမေရိကန်ဆက်ဆံရေးကို ညလုံးပေါက် ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီတုန်းက အီရန်နိုင်ငံရဲ့ အပြုအမူတွေဟာ ကျွန်တော်တို့ရဲ့မိတ်ဖက်တွေနဲ့ ကျွန်တော်တို့ရဲ့အကျိုးစီးပွားကို ခြိမ်းခြောက်ခဲ့ပါတယ်" ဟု ဘန်းကဆွေးနွေးပွဲအတွင်း ၎င်း၏အတွေ့အကြုံကို ပြန်ပြောပြနေခဲ့သည်။



အမေရိကန်မှ ရီပတ်ဘလစ်ကန်များက အီရန်နှင့်ဆွေးနွေးညှိနှိုင်းမှုကို ယုံကြည်မှုမရှိသလို အစ္စရေးနှင့် ပင်လယ်ကွေ့နိုင်ငံများကလည်း ယင်းသို့ပင် ဝေဖန်ခဲ့ကြသည်။ အီရန်နိုင်ငံနည်းတူ ရုရှားနိုင်ငံသည်လည်း ဆီးရီးယားစစ်ပွဲအတွင်း အခရာကျသည့်နေရာမှပါဝင်လာပြီး သမ္မတအာဆတ်၏ အဓိကမဟာမိတ်လည်းဖြစ်သည်။ အီရန်က ကျောထောက်နောက်ခံပြုထားသော စစ်သွေးကြွများသည် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

သမ္မတအိုဘားမားက အရှေ့အလယ်ပိုင်းမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူခဲ့သော်လည်း နောက်တက်လာမည့်သမ္မတအသစ်သည် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏ပါဝင်မှုကို လျှော့ချမည်မဟုတ်ဟု ယုံကြည်သည်ဟူ၍ သမ္မတဟောင်းဂျော့ဒဗလျူဘုရှ် လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အမျိုးသားလုံခြုံရေးအကြံပေးစတီဖင်ဟတ်ဒ်လေက ပြောသည်။

"အရှေ့အလယ်ပိုင်းမှာရှိတဲ့ အိုင်အက်စ်တွေကို သွားရောက်နှိမ်နင်းဖို့က မဖြစ်နိုင်ပါဘူး။ ဒါဆိုရင် ပြဿနာဖြေရှင်းဖို့နည်းလမ်းကို ရှာရတော့မယ်။ အရှေ့အလယ်ပိုင်းမှာ ကောင်းမွန်တဲ့အုပ်ချုပ်မှုနဲ့တည်ငြိမ်အေးချမ်းမှု မရဘူးဆိုရင်တော့ အိုင်အက်စ်တွေဟာ ပြန်ပေါ်ပေါက်လာဦးမှာပါပဲ"ဟု ၎င်းက သုံးသပ်သည်။

"သမ္မတသစ်ဟာ ခက်ခဲတဲ့အချိန်တွေမှာ အာဏာရလာတာပဲ"ဟု စတီဖင်ဟတ်ဒ်လေက ပြောသည်။ ယခုအခါတရုတ်၊ ရုရှားတို့နှင့်သတိထားဆက်ဆံနေရပြီး၊ အရှေ့အလယ်ပိုင်းပြဿနာများသည်လည်း ခေါင်းခဲစရာကိစ္စများပင်ဖြစ်သည်။ ထို့အပြင် မြောက်ကိုရီးယားခြိမ်းခြောက်မှုအရေးကိုလည်း မေ့လျော့ထား၍ မရနိုင်ချေ။ သို့ဖြစ်၍ အမေရိကန်နိုင်ငံအနေဖြင့် ဩဇာအာဏာရှိသော ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လိုလျှင် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ဆွေးနွေးမှုများပြုလုပ်သင့်သည်ဟု ဟတ်ဒ်လေက ပြောသည်။

"ကမ္ဘာကြီး၏ အငြင်းပွားဖွယ်ကိစ္စများအားလုံးရဲ့ရှေ့တန်းကနေ မပါဝင်ချင်ပါဘူး။ အမေရိကန်ဟာ နိုင်ငံအားလုံးရဲ့ မိတ်ဖက်ဆက်ဆံရေးမှာပဲ ရှိချင်ပါတယ်" ဟု ဂျိန်းဟာမန်းက ဖြေသည်။ အမေရိကန်နိုင်ငံ၏ ဆယ်စုနှစ်များစွာကြာအောင် ဦးဆောင်နိုင်သည့်အနေအထားကို စောင့်ကြည့်ရင်း နောက်ထပ်ဘာတွေ ဆက်ဖြစ်လာဦးမည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရပေဦးမည်။

မကြာမီအချိန်အတွင်းမှာပင် အမေရိကန်နိုင်ငံ၌ သမ္မတအသစ် ရွေးချယ်တော့မည်ဖြစ်ရာ သမ္မတသစ်၏နိုင်ငံခြားရေးမူဝါဒကို လူအများက စိတ်ဝင်စားနေကြသည်။ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေချိန်၌သမ္မတသစ်၏ နိုင်ငံခြားရေးမူဝါဒမှာ အမေရိကန်နိုင်ငံကို ကမ္ဘာ့အင်အားကြီး၊ ဩဇာအာဏာကြီးမားသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအထောက်အကူ ဖြစ် မဖြစ်ကိုမူ စောင့်ကြည့်ရဦးမည်ဖြစ်ပေသည်။

**ကိုးကား-ဘီဘီစီ**

**သမ္မတအိုဘားမားက အရှေ့အလယ်ပိုင်းမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူခဲ့သော်လည်း နောက်တက်လာမည့်သမ္မတအသစ်သည် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏ပါဝင်မှုကို လျှော့ချမည်မဟုတ်ဟု ယုံကြည်သည်ဟူ၍ သမ္မတဟောင်းဂျော့ဒဗလျူဘုရှ် လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အမျိုးသားလုံခြုံရေးအကြံပေးစတီဖင်ဟတ်ဒ်လေကပြော**

## အမေရိကန်၌ လက်နက်ကိုင်ဆောင်မှုထိန်းချုပ်ရန် ဟီလာရီကလင်တန်တောင်းဆို

**နယူးယောက် ဇွန် ၁၃**

ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရရန် ရှေ့မှပြေးနေသော ဟီလာရီကလင်တန်က လက်နက်ကိုင်ဆောင်မှုကို တင်းကျပ်ရန်တောင်းဆိုခဲ့သည်။

ဖလော်ရီဒါနိုက်ကလပ်၌ သေနတ်ပစ်ခတ်မှုအပြီး ယင်းသို့တောင်းဆိုခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်ကို အကြမ်းဖက်လုပ်ရပ်ဟု ၎င်းက ဝေဖန်ခဲ့သည်။

သမ္မတလောင်းတစ်ဦးဖြစ်သူ ဒေါ်နယ်ထရန့်ကလည်း အမေရိကန် ခေါင်းဆောင်မှုပိုင်းတွင် အားနည်းနေသည်ဟု ဝေဖန်ခဲ့သည်။ ၎င်းသည် အစ္စလာမ်ဘာသာဝင်များ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ခွင့်ကို ပိတ်ပင်ရန်တောင်းဆိုခဲ့သူလည်းဖြစ်သည်။ ထရန့်သည် ကလင်တန်အနေဖြင့် တိုင်းပြည်ကို လုံခြုံစိတ်ချအောင် ထိန်းသိမ်းထားနိုင်စွမ်းရှိမည်မဟုတ်ဟုလည်း ဝေဖန်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



## အောင်မြေကုန်းရွာအနီးရှိ ရေတိုက်စားခံရသောသံတံတားပေါ် ကားများဖြတ်သန်းသွားလာနိုင်ပြီ

**အောင်လံ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၏ အရှေ့ဘက် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ ကားလမ်းပေါ်ရှိ ဘဲသွေးချောင်းပေါ်တွင် တည်ဆောက်ထားသော ရွာမထုံးနှင့် အောင်မြေကုန်းကျေးရွာကြားရှိ ချောင်းကူးသံတံတားသည် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတား၏အရှေ့ဘက် ချဉ်းကပ်မြေသားအား ရေတိုက်စား၍ ပြိုကျခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့သည်။

ထို့ကြောင့် တံတား၏တစ်ဖက်ခြမ်းတွင် ကားရှစ်စီးမှာ မွန်းတည့် ၁၂နာရီမှစတင်၍ သွားလာခြင်းမပြုနိုင်တော့ကြောင်း အောင်မြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူးက သတင်းပို့သဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးကြည်နှင့် ဝန်ထမ်းများသည် ချက်ချင်းသွားရောက်စစ်ဆေး၍ ကျောက်ကြီးနှင့် ဂျင်းမြေများထပ်မံဖြည့်တင်းဆောင်ရွက်ခဲ့သဖြင့် ညနေ ၃ နာရီတွင် ယာဉ်များ အခက်အခဲမရှိ ဆက်သွယ်သွားလာနိုင်ခဲ့ကြောင်း သိရသည် ။

**သိန်းလွင် (ပြန်/ဆက်)**

## တောင်ပြိုကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**ရေး ဇွန် ၁၃**

ရေးမြို့နယ် ခေါဇာနယ်မြေပိုင် မလွဲတောင်၌ မိုးရွာသွန်းမှုကြောင့် ဇွန် ၁၁ ရက် ည ၁၁ နာရီခွဲက တောင်ပြိုကျ၍ ရေး-ထားဝယ်သွားကားလမ်း မိုင်တိုင်အမှတ် (၁၂၃/၄)နှင့် (၁၂၃/ ၅)အကြားတွင် အမြင့် ၄ ပေခန့်၊ အကျယ် ပေ ၃၀ ခန့်၊ အလျား အရှည် ပေ ၂၀၀ ခန့် တောင်ကမ်းပါးပြိုကျပြီး ကားလမ်းမပေါ်၌ မြေကြီးများ ပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတောင်ကမ်းပါးယံပြိုကျမှုဖြစ်ပွားသည့် နေရာသို့ ဇွန် ၁၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်မှစ၍ ခေါဇာမြို့ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးကျော်ဆွေ ဦးဆောင်လျက် လမ်းလုပ်သား ၃၀၊ ဒေသခံရွာသူ ရွာသား ၂၀ တို့နှင့်အတူ ဆောက်လုပ်ရေးဦးစီးဌာနမှ မြေတူးဘော်ဒိုဇာနှစ်စီးဖြင့် ကားလမ်းမပေါ်ရှိ မြေကြီးများအား စတင်ရှင်းလင်းဖယ်ရှားလျက်ရှိပြီး စတင်မြေပြိုကျစဉ် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် ရန်ကုန်-ထားဝယ် ကုန်တင်ယာဉ် ၃ စီးခန့် ၁၄ မိုင်ကျေးရွာတွင် ရပ်နားလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## သံတွဲမြို့နယ်တွင် ရေလွှမ်းမိုးခဲ့သောကျေးရွာများ အရေးပေါ်အကူအညီများလိုအပ်

**သံတွဲ ဇွန် ၁၃**



သံတွဲမြို့နယ်အတွင်း ဇွန်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရွှေလေ့ချောင်းရေကြီးမှုကြောင့် ကျေးရွာတချို့တွင် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ပြီး နေအိမ်များ ရေထဲမျောပါသွားမှုကြောင့် အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိကြောင်း သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဦးတေဇိန္ဒက မိန့်ကြားသည်။

"ရွှေလေ့ချောင်း(ခေါ်)သူဌေးချောင်းဘေးမှာနေတဲ့ရွာတွေဖြစ်သော ရွှေလေ့ကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ရေကောက်ကျေးရွာ၊ ပုရစ်ကျေးရွာတွေက အိမ်တွေ အလုံးလိုက်မျောပါသွားတယ်လို့ သိရပါတယ်။ အဆိုးဆုံးကတော့ ပုရစ်ကျေးရွာပါ။ အိမ်ခြေ ၈၀ ကျော်လောက်ရှိတာ။ ရေကြီးလို့ အိမ်ခြောက်အိမ်သာ ကျန်ခဲ့တယ်။ ဦးပဥ္စင်းတို့ ဇွန် ၁၃ ရက်မှာ လိုအပ်တဲ့ကူညီမှုတွေ ပြုလုပ်သွားမှာပါ" ဟု မိန့်ကြားခဲ့သည်။

ရွှေလေ့ချောင်းဖျား အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သူဌေးချောင်းရေလျှံကာ ကျေးရွာများ ရေနစ်မြုပ်ရာတွင် ရွှေလေ့ကျေးရွာတွင် အိမ်ခြေလေးလုံး၊ ကျောင်းကုန်းကျေးရွာတွင် အိမ်ခြေတစ်လုံး၊ ရေကောက်ကျေးရွာတွင် အိမ်ခြေအလုံး ၃၀၊ ပုရစ်ကျေးရွာတွင် အိမ်ခြေ ၇၈ လုံးရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် ယခုအချိန်တွင် ဆန်နှင့်အခြားစားနပ်ရိက္ခာ အရေးတစ်ကြီးလိုအပ်လျက်ရှိပြီး အမိုးအကာ ရွက်ဖျင်တဲများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

ရွှေလေ့ချောင်း(ခေါ်) သူဌေးချောင်း ရေကျသွားပြီးဖြစ်သော်လည်း နုန်းများတင်ကျန်ခဲ့မှုကြောင့်သွားလာရခက်ခဲနေပြီး ရေလမ်းခရီးကိုအားကိုးသွားရမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ့မှာတော့ သက်ဆိုင်ရာက ရွှေလေ့ကျေးရွာမှာရှိတဲ့ဆေးရုံနဲ့စာသင်ကျောင်းက နုန်းတွေကို ရှင်းလင်းသွားပါတယ်။ နုန်းတွေက ပေါင်လောက်ထိနက်တယ်။ အခု ရေလွှမ်းမိုးတဲ့ နေရာတွေကို သက်ဆိုင်ရာက စာရင်းကောက်ယူပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေသွားလုပ်ဖို့စီစဉ်နေပါပြီ"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ထို့အပြင် ပျက်စီးသွားသော ရွှေလေ့ချောင်းတံတားချဉ်းကပ်လမ်းအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ပေးခဲ့ပြီး လမ်းတွင် တင်ကျန်ရစ်သော နုန်းများအား စက်ကြီးများဖြင့် ဖယ်ရှားရှင်းလင်းကာ ညနေပိုင်းတွင် ကားများသွားလာရနေပြီဖြစ်ကြောင်း သိရသည်။

သိမ်ကုန်းကျောင်းတိုက်ဆရာတော် ဦးတေဇိန္ဒဦးဆောင်ပြီး ကျေးရွာများသို့ ဆန်နှင့် အခြားပစ္စည်းများ သွားရောက်လှူဒါန်းရန် စီစဉ်လျက်ရှိရာ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၄၂၁၇၃၀၂၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြတ်ဝေ**



## နောင်ချိုမြို့တွင် မိုးသက်လေပြင်းတိုက်ခတ်၍ အိမ်အမိုးများပျက်စီး

**နောင်ချို ဇွန် ၁၃**



ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့တွင် ဇွန် ၁၀ ရက် ညနေ ၅နာရီက လေပြင်းတိုက်ခတ်ရာ နောင်တောကျေးရွာအုပ်စု သရက်ချိုကျေးရွာတွင် အိမ်ခြေ ၂၂ လုံးမှာ ခေါင်မိုးသွပ်များ လန်ထွက်ပျက်စီးသွားပြီး အမျိုးသားတစ်ဦး ခါးတွင်ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များအား နောင်ချိုမြို့နယ်ရဲစခန်းမှ နယ်ထိန်းရဲအုပ်ဇော်မျိုးလတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာပြည်သူများကစုပေါင်း၍ ရွှေ့ပြောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ တာကျိုးပေါက်

**မြန်အောင် ဇွန် ၁၃**

မြန်အောင်မြို့နယ်အတွင်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုများအတွင်း မိုးများကာ ရေကြီးရေလျှံမှုဖြစ်ပွား၍ လမ်းတံတားများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဇွန် ၁၂ ရက်က ကြက်သွန်ခင်းကျေးရွာအုပ်စု ဖောက်ချောင်းတာပေါင်ပေါ်ရှိ ရေထုတ်ပေါက်ဘေးမှ ရေထိန်းနံရံပြုတ်ထွက်ခြင်းကြောင့် ပေ ၇၀ နှင့် ၁၀ ပေ အသီးသီးကျိုးပေါက်ခဲ့ကြောင်း သိရသည်။

ကြက်သွန်ခင်း ဖောက်ချောင်းတာ ကျိုးပေါက်ချိန်တွင် မြစ်ချောင်းရေအမှတ်မှာ ၇၄ ဒသမ ၈၀ ပေ ဖြစ်နေပြီး ယမန်နှစ် ကြက်သွန်ခင်းတာ ကျိုးပေါက်သည့် ရေအမှတ် ထက် ၂ ဒသမ ၈ ပေ ပိုမိုကျော်လွန်မြင့်တက်ခဲ့ကြောင်း၊ တာကျိုးပေါက်မှုကြောင့် ကြက်သွန်ခင်းကျေးရွာအုပ်စုနှင့် ကညွတ်ကုန်းကျေးရွာအုပ်စုများတွင် မြစ်ချောင်းရေလျှံတက်မှုဖြစ်ပွားခဲ့သော်လည်း မိုးစပါးစိုက်ပျိုးနိုင်ခြင်းမရှိသေးသဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်းနှင့် တာကျိုးပေါက်မှုအား ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဖိုလ် (ပြန်/ဆက်)**

### လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၁၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

## ကြံခင်း-မြန်အောင်ကားလမ်းပိုင်း ပရှဉ်းချောင်းကူးတံတား ချဉ်းကပ်လမ်း ချောင်းရေတိုက်စားမှု မြေထိန်းနံရံဆောင်ရွက်

**ကြံခင်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ဇွန် ၈ရက်မှစ၍ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ကြံခင်း-မြန်အောင်ကားလမ်းပိုင်း မိုင်တိုင်အမှတ် (၀/၀ မှ ၀/၁)ရှိ ပရှဉ်းတံတား ချဉ်းကပ်လမ်းတာပေါင်များ ချောင်းရေတိုက်စားမှု ဖြစ်ပေါ်လျက်ရှိရာ ဟင်္သာတခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်၏ ကြီးကြပ်မှုဖြင့် ကြံခင်းမြို့နယ် လမ်းဦးစီးမှူး ဦးမောင်မောင်ချိုနှင့် လုပ်သားများက မြေထိန်းနံရံထိန်းသိမ်းခြင်းလုပ်ငန်း အရေးပေါ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၆၉)**

## မိုးကုတ်မြို့တွင် မိုးရက်ဆက်ရွာသွန်းမှုကြောင့် ကမ်းပါးပြို၍ နေအိမ်အချို့ပျက်စီး

**မိုးကုတ် ဇွန် ၁၃**



မိုးကုတ်မြို့တွင် ဇွန် ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကသဲကျေးရွာအုပ်စု အောင်သစ်လွင်ရပ်နှင့် ကမာအေးရပ်တို့တွင် နေအိမ်ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့ပြီး လူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

တောင်ကမ်းပါးပြို၍ နေအိမ်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ကသဲကျေးရွာအုပ်စုနေ ပြည်သူတစ်ဦးက "မိုးကလည်း ဒီရက်ပိုင်းရက်ဆက်ရွာတော့ မြေကတဖြည်းဖြည်းအိကျလာတယ်။ ဒေသအနေအထားအရ လက်ရှိဆောက်ထားတဲ့အိမ်မြေဝင်းတွေကလည်း ဖို့မြေနဲ့ တောင်ကမ်းပါးဖြန့်မြေတွေဆိုတော့ ပြိုတာထုံးစံလိုဖြစ်နေတာပါပဲ"ဟု ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကသဲကျေးရွာအုပ်စုအတွင်းမှ အောင်သစ်လွင်ရပ်ရှိ သွပ်မိုးထရံကာ နေအိမ်တစ်လုံး၊ ကမာအေးရပ်မှ သွပ်မိုးအုပ်ကာနေအိမ်နှစ်လုံး စုစုပေါင်းနေအိမ်သုံးလုံးမှာ တောင်ကမ်းပါးပြိုကျမှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် မိသားစုများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# မီးရှူးလွှတ်ရန် ယမ်းစနက်တံထည့်သွင်းရာမှ ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ထန်းတပင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် နတ်ရွာတွင် ဇွန် ၁၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ပအိုဝ်းရိုးရာ ဒုံးလွှတ်ပွဲအတွက် ယမ်းထည့်သွင်းထားသည့် သံပိုက်အတွင်းသို့ စနက်တံကြိုးထည့်သွင်းရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးကာ အနီး၌ရှိသူ လူသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်းတပင်မြို့ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာရှိ နတ်ရွာနေ စောစိုးစံ (၃၅ နှစ်)သည် တစ်ရွာတည်းနေ မင်းဇော်၊ အောင်အောင်၊ ကင်ပွန်းချဲ့ကျေးရွာနေ ပိုင်စိုးတို့နှင့်အတူ မင်းဇော်၏ နေအိမ်အနောက်ဘက်ရှိ နွားတင်းကုပ်အတွင်း ပအိုဝ်းရိုးရာဒုံးလွှတ်ပွဲတွင် အသုံးပြုမည့် ယမ်းထည့်သွင်းထားသော အရှည်လေးပေ ခြောက်လက်မ၊ အချင်းလေးလက်မရှိ သံပိုက်အတွင်းသို့ စနက်တံကြိုးထည့်သွင်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးတွင်ရှိသည့် စောစိုးစံ(၃၅ နှစ်)ဆိုသူတွင် ဒဏ်ရာများ ရရှိကာနေရာတွင်သေဆုံးသွားခဲ့ပြီး အနီးတွင်ရှိနေကြသည့် မင်းဇော်၊ အောင်အောင်၊ ပိုင်စိုးတို့တွင် (မစိုးရိမ်ရအတွင်းလူနာ) ဒဏ်ရာများရရှိသွားခဲ့၍ ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကောလင်းမြို့နယ်၌ တစ်ပတ်အတွင်း ဗုံးသီးနှစ်လုံးတွေ့ရှိ

**ကောလင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ ကြာအင်းကျေးရွာအုပ်စု စိန့်တော (အရှေ့စု) ကျေးရွာ၌ ဇွန်လ ၁၁ ရက် နံနက် ၁၀ နာရီခန့်က ဗုံးသီးထပ်ဖူးဟောင်း တစ်လုံးတွေ့ရှိသည်။

ဖြစ်စဉ်မှာ ဦးသာအေး (၅၂ နှစ်)၊ စိန့်တော (အရှေ့စု) ကျေးရွာ ကောလင်း မြို့နယ်နေသူသည် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခန့်က ၎င်းပိုင်ဆိုင်သည့်လယ်ကွင်းသို့ သွားရောက်ရာ ကန်သင်းရိုးအစပ်၌ အလျား ၁ ပေ၊ အနံ ၁၁ လက်မရှိ ၁၂၀ မမ အမြောက်တွင် ထည့်ပစ်သည့် BSA1/41 စာတန်းပါ အသုံးပြုပြီးသား ဗုံးသီးထိပ်ဖူးဟောင်း တစ်လုံးကို တွေ့ရှိကြောင်း ဇွန် ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ကောလင်းမြို့မရဲစခန်းသို့ လာရောက်အကြောင်းကြားသည်။

ဗုံးသီးတွေ့ရှိရာသို့ ကောလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ကြည့်ရှုစစ်ဆေးပြီး အဆိုပါဗုံးသီးထိပ်ဖူးဟောင်းကို ညနေ ၅ နာရီ မိနစ် ၅၀တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သိမ်းဆည်းသယ်ဆောင်သွားသည်။

အလားတူ ဇွန် ၆ ရက်က သပြေအိုင်အုပ်စု ချောင်းကွေ့ကျေးရွာတွင်လည်း အရှည် ၂၀ လက်မ၊ လုံးပတ် ၁၃ လက်မအရွယ်အစားရှိ ဗုံးသီးဟောင်း တစ်လုံးကို ချောင်းကွေ့ကျေးရွာ စင်လင်ချောင်းအတွင်း သဲသောင်ပြင်မှ တွေ့ရှိခဲ့သဖြင့် ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းမင်းဌေးနှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ သွားရောက်ရှင်းလင်းခဲ့ရကြောင်းသိရသည်။

**ကိုကိုညိမ်း(ကောလင်း)**



# ဝန်းသိုမြို့နယ်တွင် လူတစ်ဦးမြေပိသေဆုံး

**ဝန်းသို ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မအူတောကျေးရွာအနီး၌ လူတစ်ဦးမြေပိသေဆုံးသွားကြောင်း သိရသည်။

ဝန်းသိုမြို့နယ်ဂျိုးတောင်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်မောင်သင်သည် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က အမျိုးသားတစ်ဦးမြေပိသေဆုံးကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ချစ်ခင်ပူးပေါင်းရေး ရွှေလုပ်ကွက်တွင် ဖြိုးကိုကျော်သည် မင်းမင်းဦးနှင့်အတူ ရွှေကျင်လုပ်ငန်းဆောင်ရွက်နေစဉ် ရုတ်တရက်မြေပြိုကျ၍ပိမိကာ ဂျိုးတောင်တိုက်နယ် ဆေးရုံသို့ ပို့ဆောင်စဉ်လမ်းခရီး၌ သေဆုံးသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းဒေသဆုံးခြင်း ဟုတ် မဟုတ် သေမှုသေခင်းဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဘားအံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း လှိုင်ကမ္ဘာကျေးရွာအုပ်စု မူစရီးကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ဖမ်းဆီးရာမှ ကွင်းဆက်ဖော်ထုတ်ခဲ့ရာ အိန္ဒုကျေးရွာအုပ်စု ကော့ဝုန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ဘားအံမြို့မရဲစခန်း နယ်ထိန်း ခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ဘားအံမြို့နယ် မူစရီးကျေးရွာနေ ထွန်းရွှေ(ခ) အနား (၄၈ နှစ်) နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိမှုနှင့် ဆက်စပ်ဖော်ထုတ်ချက်အရ နန်းဌေးဌေးဝင်း (ခ) နန်းအနိုင်း (၃၉ နှစ်) ကော့ဝုန်းကျေးရွာနေသူ၏ အိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ထွန်းရွှေ(ခ)အနားနှင့် နန်းဌေးဌေးဝင်း(ခ) နန်းအနိုင်းတို့အား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၂၀)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်က လောက်ကိုင်မြို့ရပ်ကွက်(၁) ပိုင်ယွမ်းလမ်း အိမ်အမှတ် (၁/၅၉၃) နေ ရန်ကွမ်းစန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ ပြား၊ ဆာလ်ဖြူရစ်အက်ဆစ် ၁၅ လီတာနှင့် မူးယစ် ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ **(သတင်းစဉ်)**



## မိုင်းနင်းမိ၍ ဒဏ်ရာရ

**ကျောက်မဲ ဇွန် ၁၃**

ကျောက်မဲမြို့နယ် ပြိန်းစင့်ကျေးရွာနေ စိုင်းအိုက်လူ (၃၄ နှစ်) တောင်ယာလုပ်ကိုင်သူသည် ဇွန် ၁၀ ရက် ညနေ ၅နာရီခွဲတွင် ပြိန်းစင့်ကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ လက်ဖက်ခင်းမှ လက်ဖက်ခူးပြန်လာစဉ် နင်းမိုင်းနင်းမိ၍ ပေါက်ကွဲခဲ့ရာ ၎င်းတွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **သိန်းသန်း(ကျောက်မဲ)**

# ကြက်ဥမှိုစားသုံးမိရာအစာအဆိပ်သင့်၍ နှစ်ဦးသေဆုံး

**မင်းတပ် ဇွန် ၁၃**

မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်တောအတွင်းမှ ဇွန် ၉ရက်တွင် ရှာဖွေရရှိသော ကြက်ဥမှိုများအား မင်းတပ်မြို့ ဘ၀ သစ်ရပ်ကွက် ဆက်သွယ်ရေးရုံးဝိုင်းအတွင်းနေထိုင်သူ ဆက်သွယ်ရေးရုံး ဝန်ထမ်း(ဆသရ-၃) ဦးလောဟုန်းအွမ်၏ နေအိမ်၌ ချက်ပြုတ်စားသောက်ကြရာ ဇွန် ၁၀ ရက် နံနက်က အစာအဆိပ်သင့်ပြီး မူးဝေအော့အန်သဖြင့် နေအိမ်တွင် ကုသခဲ့ကြပြီး ဇွန် ၁၂ ရက်တွင် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူခဲ့သည်။

ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဦးလောဟုန်းအွမ်(၃၆ နှစ်) (ဆက်သွယ်ရေးဝန်ထမ်း)နှင့် ဦးဂေခွီရှိန်း (၄၅နှစ်) (လငသ-၂၊လ/ထနည်းပြ)တို့မှာ ဇွန် ၁၃ ရက်နံနက်ပိုင်းတွင် မင်းတပ်မြို့ ပြည်သူ့ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်းနှင့် ကျန်မိသားစုများဖြစ်သည့် ဒေါ်အွမ်တီး (၆၀ နှစ်)၊ ဒေါ်ဂေအွယ် (၃၅နှစ်)နှင့် မဟုန်းမြူးမံ (၂၅နှစ်)တို့မှာ (မစိုးရိမ်ရ) နှင့် မယမင်းလှိုင် (၁၀နှစ်)မှာ (စိုးရိမ်ရ) အခြေအနေဖြင့် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်သေဆုံးသူ နှစ်ဦးအတွက် ဒုရဲအုပ်စောလွင်က တရားလိုပြုလုပ်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

■


## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅-၂၀၁၆ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌(ဦးအောင်စိုးမြင့်)-ဒေါ်သီရိငြိမ်းတို့၏သား ငါးဘာသာဂုဏ်ထူးရှင် တူလေးမောင်ကောင်းခန့်ငြိမ်းနှင့် ဦးအောင်ဝင်းမြင့်-ဒေါ်ဝင်းပပမြင့်တို့၏သမီး ခြောက်ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံး စတုတ္ထအမှတ်အများဆုံး (၅၅၈)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တူမလေး မသည်းမြတ်အောင်တို့အား မိသားစုများနှင့်ထပ်တူ အောင်မိသားစုမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးတင်မောင်စိုး-ဒေါ်အေးအေးခိုင်မိသားစုနှင့်**
**အန့်တီခင်မေသိုက်**
**အောင်မိသားစု၊ စစ်ကိုင်းမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (ODA Loan)ဖြင့် ဆောင်ရွက်မည့် ကော့သောင်းမြို့တို့တွင် တိုးချဲ့မြို့ရေရရှိရေး လုပ်ငန်းတို့အတွက် လိုအပ်သော ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

(က) ကော့သောင်းမြို့ Lot-2 (Pump Procurement and Installion Work)

(ခ) ကော့သောင်းမြို့ Lot-3 (Power Supply Work)

၂။ ကော့သောင်းမြို့ရေရရှိရေးလုပ်ငန်း Lot-2 (Pump Procurement and Installion Work)၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) များကို (၁၄-၇-၂၀၁၆)ရက် (၀၉း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား (၁၄-၇-၂၀၁၆)ရက် (၁၀း၀၀)နာရီတိတိတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကော့သောင်းမြို့ ရေရရှိရေးလုပ်ငန်း Lot-3 (Power Supply Work)၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို (၁၄-၇-၂၀၁၆)ရက် (၁၃း၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား (၁၄-၇-၂၀၁၆)ရက် (၁၃း၃၀)နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၀၂၉၊ ၄၀၉၄၀၇၊ ၄၀၉၂၁၅)တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

အေးမြင့်မိုရ်အုပ်စုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးစောလှ-ဒေါ်ခင်ဆွေအေး(လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်တွေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး)တို့၏တစ်ဦးတည်းသောသမီး မဆုမြတ်မွန်ခိုင်(ခုံအမှတ်-ဆဒဂ-၁၀၀၊ တက္ကသိုလ်ဝင်တန်း(A)၊ အထက-၁၊ ဒဂုံ)သည် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် သမီးငယ်မိသားစုနှင့်အတူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**ဦးဦးကျော်ရင်(M.D)**
**အေးမြင့်မိုရ်အုပ်စုကုမ္ပဏီလီမိတက်နှင့်**
**ဝန်ထမ်းမိသားစုများ၊ စစ်တွေမြို့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် WHO၏ သတ်မှတ်ထားသော GMPနှင့် ကိုက်ညီမှုရှိပြီး FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်နှင့် ပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက် နံနက် ၁၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၇၀၄၆၊ ၀၅၇-၂၄၈၅၀**

## အများသိစေရန်ကြေငြာခြင်း

ဦးမျိုးသိန်းအေး(ခ)ကိုမျိုး(ဘ)ဦးပန်းအေး၊ ၁၂/အစန(နိုင်) ၁၆၃၉၀၉ ကိုင်ဆောင်သူနှင့် ဒေါ်တင်တင်ထွေး (ခ)မိတုတ်(ဘ)ဦးတင်ထူး၊ ၁၂/အစန(နိုင်) ၀၇၄၉၀၇ ကိုင်ဆောင်သူတို့သည် လင်မယားအဖြစ် ပေါင်းသင်းလာရာမှဒေါ်တင်တင်ထွေး (ခ)မိတုတ်သည် လွန်ခဲ့သော(၁)နှစ်ခန့်က မိမိ၏သဘောဆန္ဒအတိုင်းနေအိမ်ပေါ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်သက်ဆိုင်သည့် ငွေကြေးအရှုပ်အရှင်းကိစ္စအပါအဝင် အခြားသောကိစ္စအဝဝတို့နှင့်ပတ်သက်၍ ဦးမျိုးသိန်းအေး(ခ)ကိုမျိုးနှင့် လုံးဝမပတ်သက် တော့ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းများကိုလည်း တစ်စုံတစ်ရာမပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

**ဦးမျိုးသိန်းအေး(ခ)ကိုမျိုး၏လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်မင်းမင်းစိုး(LL.B) ဦးစောအယ်စေး၊ B.A(Law), LL.B
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ

# ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့၌ အိန္ဒိယအကူအညီဖြင့် ၂၄ နာရီမီးလင်းပြီ

**တမူး ဇွန် ၁၃**
ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့လေးသည် မြန်မာနိုင်ငံ၏အနောက်မြောက်ဖျားဒေသ၊ အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်၊ မိုရေးမြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့လေးတစ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံ၏နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ လူမျိုးဘာသာပေါင်းစုံနေထိုင်ခြင်းကြောင့် နယ်စပ်လုံခြုံမှုဆိုင်ရာ ပြဿနာများ မကြာခဏဖြစ်ပွားခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုပေးနိုင်သည့် လျှပ်စစ်စွမ်းအားကို လုံလောက်ပြည့်ဝစွာမရရှိခြင်းတို့ကြောင့် လူနေမှုအဆင့်အတန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုများမှာ အခြားနယ်စပ်မြို့များနှင့် နှိုင်းယှဉ်လျှင်များစွာကွာခြားပြီး နိမ့်ကျနေခဲ့ပေသည်။

ယခုအခါ ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့လေးသည် Indo-Myanmar Friendship ခေါ် အာဆီယံချစ်ကြည်ရေး (AH-1) လမ်းမကြီး ဖောက်လုပ်ထားမှုကြောင့် လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာပြီး နယ်စပ်လုံခြုံရေးကိစ္စရပ်များကိုလည်း နိုင်ငံတော်အစိုးရက ပြည့်ဝစွာဆောင်ရွက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာကာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများလည်း တိုးတက်ကောင်းမွန်လာကြောင်း တွေ့ရပေသည်။

တမူးမြို့လေးသည် စစ်ကိုင်းတိုင်းဒေသကြီး၏ နယ်စပ်အထူးခရိုင်မြို့လေးတစ်မြို့ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် နိုင်ငံတော်အစိုးရ၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖြင့် မောင်းနှင်သုံးစွဲရသည့် ဒီဇယ်အင်ဂျင်စက်များကို အသုံးပြု၍ တစ်နေ့လျှင်ပျမ်းမျှ လေးနာရီခန့်အချိန်ဖြင့်သာ အသုံးပြုခဲ့ရသော မြို့ဖြစ်သည်။

ယခုအခါ တမူးမြို့လေးသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ အိန္ဒိယနိုင်ငံ အင်ဖာမြို့မှ ဖြန့်ဖြူးပေးသည့် လျှပ်စစ်စွမ်းအားကို ၂၄ နာရီရရှိနေပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း (တမူး-ကလေး-ကလေးဝ) ကုန်သည်များအသင်းအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့ ၁၁ ဦးတို့သည် ၂၀၁၃ ခုနှစ် ဧပြီလတွင် အိန္ဒိယနိုင်ငံ မဏိပူရ် ပြည်နယ် အင်ဖာမြို့သို့သွားရောက်ကာ မဏိပူရ်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အတွင်းဝန်ချုပ်တို့နှင့် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာများ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံနယ်စပ်မြို့ဖြစ်သည့် တမူးမြို့သို့ မီးလင်းနိုင်ရေး တွေ့ဆုံဆွေးနွေးသဘောတူညီမှုများပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဗဟိုအစိုးရသို့ တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ နိုင်ငံတော်အစိုးရ၏ ကြိုးစားဆောင်ရွက်ပေးမှုများကြောင့် ၂၀၁၆ ခုနှစ် မတ် ၅ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ MSP-DCL မှ တာဝန်ရှိသူများ၏ တမူးမြို့ ၂၄ နာရီ ဓာတ်အားပြည့်ဝစွာရရှိနိုင်ရေး သဘောတူစာချုပ်နှင့် ဖေဖော်ဝါရီ ၁၉ ရက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာ-အိန္ဒိယ၊ တမူးမြို့မီးလင်းရေးသဘောတူလက်မှတ်ရေးထိုးခြင်း စာချုပ်များအရ တမူးမြို့လေးသည် ၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်မှစတင်ပြီး ၂၄ နာရီ မီးလင်းပြီးဓာတ်အားများ ပြည့်ဝစွာရရှိနေပြီဖြစ်သည်။ သို့သော်လည်း တမူးမြို့ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်လျှပ်စစ်ဓာတ်အားအဆင့်မဖြစ်သေးဘဲ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့မှ ၃ မဂ္ဂါဝပ် အထိအသုံးပြုနိုင်သော ၁ ယူနစ်လျှင် အိန္ဒိယငွေ ၆ ရူပီးဖြင့်ဝယ်ယူအသုံးပြုနေရသည့် ဓာတ်အားပေးစနစ်ဖြစ်သဖြင့် မြို့ပေါ်ရပ်ကွက်ကြီးလေးရပ်ကွက်နှင့် ယခုအခါ တိုးချဲ့ဓာတ်အားလိုင်းများကြောင့် မြို့မ(၁၂/၁၃) ရပ်ကွက် (နန်းဖာလုံ)နှင့် နန်းဖာလုံဈေးတွင် ဓာတ်အားအသုံးပြုနိုင်ပြီး ကျေးရွာအုပ်စုများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးပါ။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပုဂ္ဂလိကမီးလင်းရေးကော်မတီအဖွဲ့တို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ အိမ်ခြေအနည်းငယ်သာ မီးပေးနိုင်ခဲ့ပြီး ယခုလက်ရှိသုံးစွဲနေသော အနည်းဆုံးဝန်အားမှာကီလိုဝပ် ၃၀၀ နှင့် အများဆုံးဝန်ကီလိုဝပ် ၄၀၀ ဖြစ်ပြီး တစ်ရက်လျှင် ပျမ်းမျှလေးနာရီခန့်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ တစ်မြို့လုံးရှိ အိမ်ခြေများ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက အနည်းဆုံးဝန်အားမှာကီလိုဝပ် ၁၂၀၀ နှင့် အများဆုံး ကီလိုဝပ် ၁၆၀၀ အသုံးပြုရမည်ဖြစ်ပါကြောင်း လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံနယ်စပ်မိုရေးမြို့တွင် ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးရောင်းချပေးရန် ဆောင်ရွက်လိုသော်လည်း ဆိုလာမီးပေးရေးစနစ်သည် တန်ဖိုးမြင့်မားသောကြောင့် မအောင်မြင်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင်လည်း ဆည်ရေအသုံးပြုနေသည့် ဒေသခံတောင်သူများနှင့် အဆင်မပြေ၍ မအောင်မြင်၊ အင်ဖာမြို့မှ ချစ်ကြည်ရေးတိုက်ရိုက်မီးပေးစနစ်ဖြင့်သာ အကောင်အထည်ဖော်အောင်မြင်လာခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား ရက်ပေါင်း ၁၀၀ စီမံချက်များအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ ကေဗွီဓာတ်အားလိုင်း သုံးမိုင်တိုးချဲ့ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တစ်မိုင်တိုးချဲ့ခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေထရန်စဖော်မာသုံးလုံး တိုးချဲ့တပ်ဆင်တည်ဆောက်ပေးခြင်းများ၊ ကြံ့ခိုင်မှုမရှိသည့် ဓာတ်အားတိုင်များအား အဆင့်မြင့်ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးခြင်းဆောင်ရွက်ပေးခဲ့သည်။



လျှပ်စစ်လိုင်းသစ်ကြိုးများ သွယ်တန်းနေမှုကိုတွေ့ရစဉ်

ယခင်က အိမ်သုံးမီတာ ဘောက် ၁၉၇၃ လုံးရှိရာမှ ယခုအခါ မီတာဘောက်အလုံး ၁၀၀၀ တိုးချဲ့တပ်ဆင်ပေးခဲ့သဖြင့် လက်ရှိမီတာဘောက် ၃၀၀၀ နီးပါးရှိပြီး ထရန်စဖော်မာ ၁၂ လုံးဖြင့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

**ဝင်းနိုင်(တမူး)**

# စဉ့်ကိုင်မြို့နယ်၌ ရှမ်းကန်မြောင်း ကျောက်ဆလံစီခြင်းဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည်မြို့နယ်အတွင်း စိုက်ပျိုးဧက ၂၅၀၀ကိုရေလုံလောက်စွာပေးဝေနိုင်မည့် ရှမ်းကန်မြောင်းကျောက်ဆလံစီခြင်းလုပ်ငန်းများကို ဇွန်၁၂ရက်က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြောင်းမှာ အရှည် ၁၅ ပေရှိပြီး မြောင်းပုံစံစနစ်တကျဖြစ်ခြင်း၊ မြောင်းဆုံမြောင်းဖျားအထိ ရေများရောက်ရှိခြင်း၊ မြောင်းသားကြံ့ခိုင်ပြီး ရေစီးရေလာ ကောင်းမွန်နိုင်ခြင်းတို့ကြောင့် စဉ့်ကိုင်မြို့နယ်အတွင်းစိုက်ပျိုးဧက ၂၅၀၀ ကို ရေလုံလောက်စွာစနစ်တကျပေးဝေနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



# ဝက်လက်မြို့တွင် တိုင်းရင်းဆေးကုဌာနဖွင့်

**ဝက်လက် ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ တိုင်းရင်းဆေးကုဌာန ဖွင့်ပွဲအခမ်းအနားကို ဇွန်လပထမပတ်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော် မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီးတိုင်းရင်းဆေးကုဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းရင်းဆေးကုဌာနဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တိုင်းရင်းဆေးကုဌာန အဆောက်အအုံနှင့် သုံးခန်းတွဲဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေကျပ်သိန်း ၆၀၀ ဖြင့် ဆောက်လုပ်ပေးခဲ့ပြီး ထိုသို့ တိုင်းရင်းဆေးကုဌာနကို ဖွင့်လှစ်ပေးခြင်းဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တော့မည်ဖြစ်သဖြင့် အထူးဝမ်းမြောက်ကြောင်းကို မြို့မိမြို့ဖဦးဘမြင့်က ပြောသည်။

**နန်းမြင့်(ဝက်လက်)**

## သတင်းတိုများ

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ အထကနှင့် အလကကျောင်းများမှကျောင်းသား/ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက မလှိုင်အထက(ရောဝတီခန်းမ)ဆောင်၌ ကျင်းပသည်။

ပေးအပ်ပွဲတွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသားများအား ပေးအပ်ခဲ့သည်။ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် အထက်တန်းကျောင်းသုံးကျောင်းနှင့် အလက (၆)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄၅၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

### ရက် ၁၀၀ စီမံချက် လုပ်ငန်းများရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မှုခင်းကျဆင်းရေး ရဲလုပ်ငန်းများအား ရက် ၁၀၀ စီမံချက် ရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က မြို့နယ်ရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှုဦးစီးအရာရှိ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စခန်းမှူး ဒုတိယ ရဲမှူးဝင်းဗိုလ်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ မှုခင်းကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြင့်လည်းကောင်း၊ ပြည်သူများ၏လိုအပ်ချက်များနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

### မြောက်ဦးခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၁ ရက် နံနက်က မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက် တန်ဖိုးနည်းအိမ်ရာဝင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးမင်းသိမ်းက မိုးရာသီသစ်ပင်စိုက်ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ရေသင်းဝင်၊ မဲဇလီပင်စုစုပေါင်းပျိုးပင် ၆၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးကုသ

**မိုးနဲ ဇွန် ၁၃**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် တိုင်းရင်းဆေးကုဌာနသည် မြန်မာ့တိုင်းရင်းဆေးကုပညာဖြင့် ရပ်ကွက်၊ ကျေးရွာနှင့်စာသင်ကျောင်းများသို့ ကွင်းဆင်းသွားရောက်၍ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ သက်ရှည်ကျန်းမာပြီး ဘဝသက်တမ်း ကုန်ဆုံးချိန်အထိ ရှင်သန်နေထိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးကျော်မျိုးသိုက်နှင့်ဝန်ထမ်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိ ပေါ့မိုင်းရပ်ကွက်ရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကိုးခန်းဇရပ်နေရာ၌ အဖျားရောဂါ၊ ထုံနာကျင်နာ၊ လေဖြတ်၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ အကြောသေ၊ ဒူးနာ၊ ခါးနာစသည့် အကြောရောဂါဝေဒနာရှင် ၅၃ ဦးအား မြန်မာ့တိုင်းရင်းဆေးကုပညာဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပခန်းကြီးနှင့် ပခန်းငယ်

**မောင်သာ(ရှေးဟောင်းသုတေသန)**

ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများ အများဆုံးနေထိုင်သည့် မြန်မာနိုင်ငံတွင် စေတီ၊ ပုထိုး၊ ကျောင်းကန်၊ သိမ်၊ ဇရပ်များအပါအဝင် ဘာသာရေး ဆိုင်ရာ အဆောက်အအုံများစွာကို နိုင်ငံနေရာအနှံ့တွင် တွေ့မြင်ကြရပေသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာတစ်နိုင်ငံလုံးရှိ ရှေးဟောင်းစေတီပုထိုးများအားလုံးကို မှတ်တမ်းပြုမထားနိုင်သေးသော်လည်း ရှေးဟောင်းနေရာဒေသများတွင် တည်ရှိနေသည့် သမိုင်းဝင်အဆောက်အအုံများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကွင်းဆက်စာရင်းကောက်ယူလျက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများသည် သက်တမ်းကြာရှည်လာသည်နှင့်အမျှ ရာသီဥတုဒဏ်နှင့် လူတို့၏ပယောဂများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မှတ်တမ်းပြုစုကာ ရှေးမူမပျက် ထိန်းသိမ်းထားနိုင်ရန် ဆောင်ရွက်ကြရသည်။ ယင်းတို့အနက် ပခန်းကြီးနှင့် ပခန်းငယ်ဒေသများမှ ရှေးဟောင်းအဆောက်အအုံများလည်း အပါအဝင် ဖြစ်ပေသည်။

**ပခန်းကြီး**

ပခန်းကြီးသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် တည်ရှိပြီး ရေစကြို မှ ၁၀ မိုင်၊ ပခုက္ကူမှ ၁၇ မိုင် ကွာဝေးသည်။ ပခန်းကြီး၏ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၂ မိနစ် ၃၀ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၁၀ စက္ကန့်အကြား ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀ မြင့်သည့် ပခန်းကြီးမြို့ဟောင်း၏အရှေ့ဘက်သုံးမိုင်တွင် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံရှိပြီး အနောက်ဘက်ခြောက်မိုင်အကွာတွင် ရှင်မတောင်တန်းရှိသည်။ ပခန်းကြီးသည် ချင်းတွင်းမြစ်၏အနောက်ဘက် တစ်မိုင်အကွာ ကုန်းတွင်းပိုင်းတွင် တည်ရှိသည်။ ချင်းတွင်းမြစ်ကမ်းပေါ်တွင် ပခန်းကြီး၏ ရေလမ်းထွက်ပေါက်ဖြစ်သည့် ဆိပ်ကမ်းရွာဟုခေါ်နိုင်သော ပခန်းငယ်ရွာရှိပြီး ပခန်းငယ်သည် စလေအနီးတွင် တစ်ခုရှိသဖြင့် မကြာခဏ မှားယွင်းမိကြသည်။

ပခန်းကြီးသည် ယခုအချိန်တွင် အိမ်ခြေ ၆၇၇ အိမ်နှင့် လူဦးရေ ၃၇၀၀ ကျော်နေထိုင်နေသည့် ရွာငယ်တစ်ခုသာ ဖြစ်သော်လည်း ပုဂံခေတ်တွင် ပုဂံနှင့်ခေတ်ပြိုင်တိုးတက်ထွန်းကားခဲ့ပြီး ကုန်းဘောင်ခေတ်တွင် ရတနာပုံပြီးလျှင် အဖွံ့ဖြိုးဆုံးဒေသဖြစ်ခဲ့သည်။ ပခန်းကြီးကျေးရွာအုပ်စုအတွင်း နဂါးတွင်း၊ မြောက်ပြင်၊ သက်ရွာ၊ ပြည်သာယာ၊ တောင်မင်းကျောင်းနှင့် ရွာသာတို့ ပါဝင်ပြီး ဒေသနေပြည်သူများသည် တောင်သူ လုပ်ငန်းဖြင့် အသက်မွေးကြသည်။ ပခန်းကြီးကို ကုခန်းကြီး၊ ကူးသန်းကြီး၊ ပုခန်းကြီး၊ ပခန်းကြီးဟု ခေါ်ဆိုခဲ့ကြသည်။ ကျုံးနှင့်မြို့ရိုးများရှိသော ပခန်းကြီးသည် မြန်မာဘုရင်များလက်ထက်က ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းတွင် အကြီးဆုံးမြို့ဖြစ်ခဲ့သည်။ မြန်မာရှင်ဘုရင်များလက်ထက်တွင် ပခန်းကြီးသည် စည်ကားသာယာခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့ကာ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးကျောင်းကန်များရှိသည့် နေရာတစ်ခုလည်းဖြစ်ပေသည်။

ရေစကြိုမြို့အထက်ပိုင်း နန္ဒင်းကိုင်းအခွဲမှ မြေငယ်အထိ ဆက်သွယ်ထားသော တူးမြောင်းရှိသဖြင့် ပခန်းကြီးကို မြောင်းတူးဟု ခေါ်ဆိုခဲ့သည်။ ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်တွင် စစ်သည် ၄၀၀ စုစည်းပေးရသည့် မြို့ဖြစ်သောကြောင့် လေးရာပြုမြို့ဟုလည်း အမည်တွင်ခဲ့သည်။ ထို့ကြောင့် စာဆိုရှင်စိန္တကျော်သူဦးဩကသူ၏ 'ကဝိလက္ခဏာ သတ်ပုံကျမ်း' တွင် 'လေးရာပြုဆန်း၊ မြို့ကူးခန်း၊ ပခန်းခေါ်တထွေ' ဟု ရေးဖွဲ့ခဲ့သည်။ မြန်မာဘုရင်များလက်ထက်တွင် ယခုခေတ်ကဲ့သို့ အမြဲဖွဲ့စည်းထားသော လက်နက်ကိုင်တပ်မတော်တစ်ရပ်မရှိဘဲ စစ်တိုက်ရန်လိုအပ်လာချိန်များတွင် မြန်မာနိုင်ငံအနှံ့မှ စစ်သည်များကိုစုဆောင်းကာ တပ်ထူထောင်လေ့ရှိခဲ့သည်။ မြို့အရွယ်အစားနှင့် လူဦးရေအနည်းအများပေါ် မူတည်လျက် စစ်သည်အင်အားကို အရေအတွက် ရာဂဏန်းမှ သိန်းဂဏန်းအထိ စုဆောင်းပေးကြရသဖြင့် ရှေးခေတ် မြန်မာမြို့များသည် သိန်းပြုမြို့၊ သောင်းပြုမြို့၊ ထောင်ပြုမြို့၊ ရာပြုမြို့များဟု အမည်များတွင်ခဲ့သည်။

သက္ကရာဇ် ၄၃၀ ပြည့်နှစ်တွင် ရေးထိုးခဲ့သည်ဟုဆိုသည့် ဂဝံကျောင်းကျောက်စာကို ပခန်းနှင့်ပတ်သက်သည့် အစောဆုံးကျောက်စာဖြစ်နိုင်ကြောင်းသမိုင်းပညာရှင် ဆရာကြီးဒေါက်တာတိုးလှက မှန်းဆခဲ့သည်။ ပုဂံသည် ပျူဂါမမှ ပျူဂံ၊ ပုဂံဖြစ်လာကြောင်းဆိုလျှင် ပုခန်းသည် ပျူခန်းမှ ဖြစ်လာနိုင်စရာမရှိပြီလောဟု ဆရာကြီးက သုံးသပ်ခဲ့ပြီး ပျူလူမျိုးများသည် ဤအရပ်တွင် နောက်ဆုံးနေခဲ့ကြပြီး ရှိနှင့်ပြီးသော မြန်မာများနှင့် သွေးနှောထားကာ ကုန်ခန်းသွားခြင်းကြောင့်ဟု ယူဆနိုင်ပြီး ပျူခန်းမှ ပုခန်းဖြစ်လာသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်ကြောင်း ရေးသားခဲ့သည်။

စည်သူမင်းသည် ပခန်းသူကြီးအုပ်ချုပ်ရန် နယ်မြေသတ်မှတ်ပေးရာတွင် ပခန်းကြီးနယ်ကို အရှေ့ဘက်နှင့် တောင်ဘက်တွင် ဧရာဝတီမြစ်၊ အနောက်ဘက်တွင် ရိုးမတောင်ခြေအထိနှင့် မြောက်ဘက်တွင် ယမားချောင်းအထိဖြစ်ကြောင်း မင်းနေမျိုးရဲထင်နော်ရထာ၏ ပခန်းကြီးစည်သူရှင် ဘုရားသမိုင်း ပေမူတွင် ရေးသားထားကာ ရွာကြီးရွာငယ်ပေါင်း ၂၉၉ ရွာရှိခဲ့သည်ဟု ဆိုသည်။ မဇ္ဈိမဒေသမှလာသော သီရိကြိဘဝနာ နရုဒ္ဒမဟာဓမ္မရာဇာဓိပတိဘွဲ့မည်ခံသော ဓနုသီဟမင်းသည် ချင်းတွင်းမြစ်၏ အနောက်ဘက်၊ တောင်မကြီးအရှေ့ဘက်တွင် မြို့ရံ ၅၀ ရှိသော မဟာနာဂရမြို့ကြီးကို သာသနာသက္ကရာဇ် ၃၆ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်တွင် တည်ခဲ့ပြီး မင်းဆက်ခုနစ်ဆက် စိုးစံခဲ့သည်ဟု အဆိုရှိသည်။

ပခန်းကြီးကို အကြိမ်ကြိမ်တည်ခဲ့ကြရာ ပထမဆုံးပခန်းမြို့ကို ပုဂံသိန်းခိုမင်းလက်ထက် မြောက်နန်းမိဘုရား၏ သားတော်များဖြစ်သော စည်သူနှင့် ကျော်စွာတို့က ကောဇာသက္ကရာဇ် ၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ပခန်းကြီးမြို့ဟောင်းနေရာတွင် ကူဖြူဘုရား၊ ကုနီဘုရားနှင့် မြို့သုံးဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။ မင်းစည်သူနှင့် မင်းကျော်စွာတို့သည် ပခန်းကြီးကို ဒုတိယအကြိမ် ထပ်မံတည်ထားခဲ့ကာ ပခန်းကြီးမြို့ ရေကျုံးအတွင်းသို့ ချင်းတွင်းမြစ်ရေကိုသွင်းယူရန် နန္ဒင်းကိုင်းမှ တူးမြောင်းဖောက်ခဲ့သည်။ ထိုသို့ တူးမြောင်းဖောက်လုပ်ရာတွင် ညီဖြစ်သူမင်းကျော်စွာသည် အရက်သေစာသောက်စား ပျော်ပါးနေကာ တာဝန်မကျေပွန်ခဲ့သဖြင့် နောင်တော်မင်းစည်သူက ညီတော်ကို ကွပ်မျက်ခဲ့သည်။ ကျော်စွာသည် နတ်ယုံကြည်ကြသူများအကြား ပခန်းကိုကြီးကျော်အဖြစ် ထင်ရှားခဲ့သည်။

ပခန်းကြီးကို ပင်းယတစ်စီးရှင်သီဟသူက မြို့တာဝန်း ၅၀၀ ရှိသော မြို့ကြီးအဖြစ် တတိယအကြိမ်တည်ထောင်စေခဲ့ရာ လက်မည်းအမတ်က ဦးဆောင်၍ သက္ကရာဇ် ၆၆၇ ခုနှစ် တပေါင်းလဆန်း ၇ ရက်တွင် စတင်တာဝန်ယူရွက်ဆောင်ခဲ့သည်။ မြို့တည်ခုနှစ်ကို 'သုသုတန်း၊ ပခန်းတည်' ဟု အမှတ်အသားပြုခဲ့ကြသည်။ စတုတ္ထပခန်းကြီးကို သက္ကရာဇ် ၇၄၂ ခုနှစ်တွင် အင်းဝဘုရင် မင်းကြီးစွာစော်ကဲသည် ခံတပ်မြို့တစ်မြို့အဖြစ် အမတ်စောမည်ကို စေလွှတ်တည်ထောင်စေပြီး စောမည်ကို မြို့စားအရာပေးခဲ့သည်။ ညောင်ရမ်းမင်းဆက်တွင် မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီပါမင်းသည် ပခန်းကြီး၏ ခံတပ်အုတ်ရိုးများ ထပ်မံပြုပြင်ခဲ့သည်။ ပခန်းမြို့ဟောင်းမြို့ရိုးသည် မြန်မာနိုင်ငံ ရှေးဟောင်းမြို့ရိုးများတွင် အကြီးဆုံးဖြစ်ကြောင်း သင်ယူခဲ့ရဖူးပါသည်။

ပခန်းကြီးသည် ပုဂံခေတ်မှစ၍ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းဆက်များအထိ မြို့စားနယ်စားများ အုပ်ချုပ်ခဲ့ပြီး ခံတပ်မြို့တစ်ခုအဖြစ်လည်း ရပ်တည်ခဲ့သည်။ ထို့ကြောင့်လည်း မြို့စားနယ်စားများနှင့် ဘုရင်များတည်ထားခဲ့သည့် စေတီပုထိုးများ၊ သစ်သားဘုန်းတော်ကြီးကျောင်းများ၊ မြို့ရိုးဟောင်းများကို ယနေ့တိုင်တွေ့မြင်နိုင်ကြပေသည်။ ပခန်းကြီးဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက် ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စာရင်းကောက်ယူထားရာ အဆောက်အအုံပေါင်း ၃၂၂ ခုရှိသည်။ ယင်းတို့အနက် ကျွန်းတိုင်လုံး ၂၅၄ လုံးအသုံးပြုကာ တည်ဆောက်ထားသည့် ရတနာပုံခေတ်လက်ရာ ပခန်းကျောင်းတော်ကြီးသည် အလွန်ထင်ရှားလှပေသည်။

ထို့အတူပင် ပုဂံမင်းဆက်မှ အလောင်းစည်သူမင်း(စည်သူ ၁၊ ခရစ်နှစ် ၁၁၁၃-၁၁၉၇)သည် ပခန်းတွင် သရက္ခန်သားဖြင့်ပြုလုပ်ထားသော စည်သူရှင်ဘုရားကို တည်ထားခဲ့ရာ သရက္ခန်ရုပ်ပွားများသည် ပြည်တွင်းခရီးသွားများအကြား အလွန်ထင်ရှားသည်။ ပခန်းကြီးတွင် ရှေးဟောင်းသုတေသနပြတိုက် ဖွင့်လှစ်ပြသထားပြီး ကျောက်စာ၊ ပေစာဟောင်းများ၊ ဒင်္ဂါးများ၊ မြေအိုးမြေခွက်များ၊ ဆင်းတုတော်ရုပ်ပွားများ၊ မင်းတုန်းမင်းလက်ထက် တံကဲတော်များနှင့် ရှေးခေတ်စစ်သည်တော်သုံးလှံ၊ ဓား၊မောက်တို၊ မောက်ရှည်များကို ပြသထားသည်။

**ပခန်းငယ်**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ပခန်းကြီး၊ ပခန်းငယ်ရှိသကဲ့သို့ စလေတွင်လည်း ပခန်းငယ်ရှိသည်။ ရေစကြိုမြို့နယ် ပခန်းကြီးအနီးမှ ပခန်းငယ်သည် ဆိပ်ကမ်းရွာငယ်တစ်ခုသာဖြစ်ပြီး ချောက်မြို့အနီးရှိ စလေမြို့သည် ကုန်းဘောင်ခေတ်စာဆို စလေဦးပုည၏ ဇာတိမြေအဖြစ် ထင်ရှားသကဲ့သို့ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်လက်ရာ စေတီပုထိုးများ အများဆုံးရှိနေသည့် ဒေသအဖြစ်လည်း ကျော်ကြားသည့် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည်။ ပခန်းငယ်သည် ရွာ ၁၂ ရွာ စုစည်းထားသော ကျေးရွာအုပ်စုတစ်ခုဖြစ်ပြီး အိမ်ခြေ ၂၀၀ ကျော်ရှိကာ လူဦးရေ ၁၀၀၀ ဝန်းကျင် နေထိုင်လျက်ရှိသည်။



ပခန်းငယ်သည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း စလေနှင့် ကျောက်ရဲအကြားတွင် တည်ရှိသည်။ ပခန်းငယ်၏ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၄၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၄ မိနစ်အကြားဖြစ်သည်။ ပခန်းငယ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စာရင်းများအရ မြေတိုက်စေတီ ၂၄ ဆူနှင့် လိုဏ်ပါစေတီ ၁၁ ဆူအပါအဝင် စေတီ ၃၅ ဆူနှင့် ဘုရား ၃၈ ဆူရှိသည်။ ယင်းတို့အပြင် သိမ်နှစ်လုံး၊ ပိဋကတ်တိုက်သုံးခု၊ ခြေတော်ရာနှစ်ဆူနှင့် ဥမင်တစ်ခုလည်းရှိသဖြင့် စုစုပေါင်း ရှေးဟောင်းအဆောက်အအုံ ၈၁ ခုရှိသည်။

ပခန်းငယ်သည် ပုဂံနှင့်အပြိုင် ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်မှ ကိုလိုနီခေတ်တိုင် စည်ကားဖွံ့ဖြိုးခဲ့ကာ မြို့စားနယ်စားများအုပ်ချုပ်ခဲ့သည့် မြို့ငယ်တစ်ခုဖြစ်ခဲ့သည်။ စလေပခန်းငယ်သည်လည်း ရေစကြိုပခန်းငယ်ကဲ့သို့ပင် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး ကုန်းတွင်းပိုင်းဒေသမှ ထွက်ကုန်များကို ပခန်းငယ်မှတစ်ဆင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရောင်းဝယ်ဖောက်ကားခဲ့သည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် အရည်းကြီးများနှင့် နောက်လိုက်နောက်ပါများသည် ပခန်းငယ်သို့ ပြောင်းရွှေ့လာကာ ပုဂံငယ်ဟု တည်ထောင်နေထိုင်ခဲ့သည်ဟုလည်း ဆိုကြသည်။ စလေပခန်းငယ်ကားလမ်းမှ ပခန်းငယ်သို့အဝင်လမ်း၏ လက်ဝဲဘက်တွင် အရှေ့တောင်မှ အနောက်မြောက်ယွန်းယွန်းသို့ တန်းနေသည့် စေတီသုံးဆူရှိရာ မြောက်ဘက်ဆုံးတွင် နာမ်တော်ပေါ်စေတီ၊ အလယ်တွင် ပုဂံမျှော်ဘုရားနှင့် တောင်ဘက်တွင် ရှင်ပင်ကာဆီးဘုရားရှိသည်။

ပါးစပ်ရာဇဝင်များအရ အရည်းကြီးများသည် ပုဂံကို လွမ်းဆွတ်တသကြသဖြင့် ပုဂံမျှော်ဘုရားကို တည်ခဲ့ကြရာ ပုဂံမြို့ရှိရာ မြောက်ဘက်အရပ်သို့ အာရုံခံမုခ်ပေါက်ပြုလုပ်ခဲ့သည်ဟု ဆိုကြသည်။ ထို့အပြင် ပုဂံမျှော်ဘုရားသည် အမြင့် ၄၆ ပေ ၁၀ လက်မမြင့်ပြီး အုတ်တိုက်မခံဘဲ ကွမ်းတောင်ပေါက်ထားသည့် ဂူဘုရားတစ်ဆူဖြစ်သည်။ ပစ္စယာသုံးဆင့်ရှိပြီး ဖောင်းရစ်ခုနစ်ရစ် ပြုလုပ်ထားသည်။ ဂန္ဓကုဋိတိုက်အတွင်းတွင် ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ထုလုပ်ထားသည့် အင်္ဂတေရုပ်ပွားတော်တစ်ဆူ ရှိသည်။

ရှင်ပင်ကာဆီးဘုရားသည်လည်း ပုဂံမျှော်ဘုရားကဲ့သို့ပင် ရိုးရိုးကွမ်းတောင်ပေါက်ထားသော ဂူဘုရားတစ်ဆူဖြစ်ကာ ၇၅ ပေ ၃ လက်မမြင့်ပြီး အရှေ့ဘက်သို့ မျက်နှာမူထား၍ အုတ်ဇာပြုတင်း ပြုလုပ်ထားသည်။ ပစ္စယာသုံးဆင့်ပါရှိကာ အလယ်ပစ္စယံတွင် နတ်လမ်းမုခ်ကပ်များကို လေးမျက်နှာလုံးတွင် ထည့်သွင်းထားသည်။ လောကီပညာရပ်ဆိုင်ရာ အင်းအိုင်လက်ဖွဲ့များ ကစားရာအရပ်၌ ထုထည်ကြီးမားသော ရှင်ပင်ကာဆီးဂူဘုရားကို အဆီးအတားတစ်ရပ်အဖြစ် တည်ထားခဲ့သည်ဟု အစဉ်အဆက်ပြောဆိုခဲ့ကြသည်။ ပညာရှင်များက ရှင်ပင်ကာဆီးဘုရားကို အေဒီ ၁၃ ရာစုလက်ရာဟု ခန့်မှန်းကြသည်။

နာမ်တော်ပေါက်စေတီသည် သာမန်မြေစိုက်စေတီတစ်ဆူဖြစ်ကာ အေဒီ ၁၉ ရာစု၊ ရတနာပုံခေတ်လက်ရာဖြစ်သည်။ နာမ်တော်ပေါက်စေတီကို မင်းတုန်းမင်းလက်ထက်တွင် ကုခန်းငယ်မြို့သူကြီး ဦးသိုက်တူက ရှင်ပင်ကာဆီးနှင့် ပုဂံမြော်ဘုရားတို့နှင့် တန်းလျက် အနောက်မြောက်ယွန်းယွန်းတွင် တည်ထားခဲ့သည်။ ပစ္စယံသုံးဆင့်ပြုလုပ်ထားကာ ရှစ်မြှောင့်ကြည့်ဝန်းခံ၍ စေတီပေါက်ထားပြီး စေတီတော်ထောင့်လေးထောင့်တွင် ခြင်္သေ့ရုပ်တစ်ကောင်စီ တန်ဆာဆင်ထားသည်။ ခေါင်းလောင်းပုံနှင့် သပိတ်မှောက်တွင် အင်္ဂတေပန်းများ ထုလုပ်ထားသည်။

ရှင်ပင်ကာဆီးဘုရားသည် ပခန်းငယ်တွင်ရှိသော စေတီဘုရားများအနက် အမြင့်ဆုံးဖြစ်သည်။ ခိုင်မာသောအထောက်အထားများ မရှိသော်လည်း စိတ်ဝင်စားဖွယ် ပါးစပ်ရာဇဝင်များကြောင့် ပုဂံမျှော်ဘုရားနှင့် ရှင်ပင်ကာဆီးဘုရားများသည် ပခန်းငယ်၏ အထင်ရှားဆုံး ရှေးဟောင်းအဆောက်အအုံများတွင် အပါအဝင်ဖြစ်ခဲ့သည်။ ထို့အတူပင် ပခန်းငယ်တွင် လက်ရာထူးခြားသော ၁၉ရာစု လက်ရာရွှေကျောင်းဥမင်၊ ခြေတော်ရာအုတ်တန်ဆောင်း၊ အုတ်ပြသာဒ်ဂူဘုရား၊ ထိန်ကန်ပိဋကတ်တိုက်ဘုရား အစရှိသည့် ကုန်းဘောင်ခေတ်နှောင်း၊ ရတနာပုံခေတ်လက်ရာ ရှေးဟောင်းသာသနိကအဆောက်အအုံများကို လေ့လာကြည့်ရှု ဖူးမြော်နိုင်ကြသည်။

ပခန်းကြီးသည်လည်းကောင်း၊ ပခန်းငယ်သည်လည်းကောင်း ပခန်းနှစ်နေရာလုံးသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ ယနေ့တိုင်တည်ရှိနေသည့် ဒေသများဖြစ်ကြသည်။ ယင်းဒေသများသို့ ဘုရားဖူးခရီးသွားများသာမက သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များလည်း သွားရောက်လေ့ရှိကြရာ ယခုထက် ပိုမိုခိုင်မာသည့် သမိုင်းအထောက်အထားများကို ဖော်ထုတ်လာနိုင်သည်နှင့်အမျှ သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများ ပိုမိုမြင့်တက်လာမည်ဖြစ်ပေသည်။


**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၁၀**

**ပခန်းငယ် ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်း (ယဉ်ကျေးမှုဝန်ကြီးဌာန)**




# ကနီမြို့ မြစ်ရေကြီးခြင်းမှကာကွယ်ရန် မြေထိန်းနံရံအသစ် တည်ဆောက်ရန်လိုအပ်



**ကနီ ဇွန် ၁၃**
ကနီမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး မြို့၏မြစ်ကမ်းတစ်လျှောက် အရှည်မှာ ပေ ၂၂၀၀ ရှိကာ နှစ်စဉ်ချင်းတွင်းမြစ်ရေကြီးချိန်တွင် ရေများဝင်ရောက်လေ့ရှိရာ မြစ်ရေကြီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းနားလမ်းမှ လက်ရှိကျောက်စီမြေထိန်းနံရံအဟောင်းကို ကျောက်စီဒေါက် ပြုလုပ်ရန်နှင့် မြေထိန်းနံရံသစ်တည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြထားမှုအရ သိရသည်။

မြစ်ကမ်းအရှည်ပေ ၂၂၀၀ အနက် ၅၃၅ ပေတွင် ၁၉၉၂ နှင့် ၁၉၉၃ ခုနှစ်အတွင်းက ဒေသအစီအစဉ်များဖြင့် ကျောက်စီမြေထိန်းနံရံကို ပြုလုပ်ခဲ့ကာ အဆိုပါ မြေထိန်းနံရံမှာ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် အောက်ခြေများတွင် မြစ်ရေတိုက်စားမှုကြောင့် ယိုယွင်းလာပြီး မြစ်ရေတိုက်စားမှုများ ထပ်မံဖြစ်ပွားလျှင် ပျက်စီးနိုင်၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံမှာ ၂၀၁၃ ခုနှစ်ကလည်း ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် နေရာအချို့တွင် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျောက်စီနံရံ အလျား ၁၂၅ ပေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သော မြေထိန်းနံရံ ၅၃၅ ပေကို ပြုပြင်ထိန်းသိမ်းရန်အတွက် ဒေါက်ထောက်ပေးရန် လိုအပ်လျက်ရှိပြီး မြစ်ကမ်းတစ်လျှောက် မြေထိန်းနံရံ မပြုလုပ်ရသေးသော ပေ ၁၅၄၀ အနက် ပေ ၁၀၀၀ တွင် မြေထိန်းနံရံပြုလုပ်ပေး နိုင်ရန် လိုအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြထားမှုအရ သိရသည်။

ကျောက်စီမြေထိန်းနံရံဟောင်းကို ကျောက်စီဒေါက်များ ထောက်ပေးခြင်းနှင့် ကျောက်စီမြေထိန်းနံရံ မရှိသေးသော နေရာများတွင် မြေထိန်းနံရံပြုလုပ်ခြင်းဖြင့် မြစ်ကမ်းပါးပြိုကျမှုကို သက်သာစေမည်ဖြစ်ကာ မြစ်ရေကြီးချိန်တွင် စိုးရိမ်ရေမှတ်ရောက်ရှိသော်လည်း မြို့တွင်းသို့ မြစ်ရေဝင်ရောက်မှုကို အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်၍ မြို့၏ မြစ်ကမ်းပါးတစ်လျှောက် ကျောက်စီမြေထိန်းနံရံအဟောင်းတွင် ကျောက်စီဒေါက် အခု ၂၀၀နှင့် မြေထိန်းနံရံပေ ၁၀၀၀ ခန့် အသစ်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသည်။ **သန်းဌေးအောင်(ကနီ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်




**ပြည် ဇွန် ၁၃**
ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ပြည်)မှ ဦးစီးမှူး ဒေါ်မြတ်သက်လွင်နှင့်အဖွဲ့သည် ဇွန် ၁၁ ရက်နံနက် ၉နာရီက အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) ဓမ္မာရုံ၌ မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် လာရောက်ပြုလုပ်သူ ၈၄ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာခုနစ်ရွာကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

**မလှိုင် ဇွန် ၁၃**
မလှိုင်မြို့နယ် ဝမ္မဲလူးကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၌ ပတ်ဝန်းကျင် ကျေးရွာခုနစ်ရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ကို ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းအဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းနှင့် ဒေါ်သီတာငြိမ်း၊ နောကန်တိုက်နယ်ဆရာဝန် ဒေါက်တာထက်ဖြိုးဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုက်နယ်ဆရာဝန်နှင့် သူနာပြုဆရာမများက ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အလျားပေ ၄၀၊ အနံ ပေ ၃၀ ရှိ အာရ်စီ တစ်ထပ်(ပင်မ)အဆောက်အအုံတစ်ခု၊ အလျား ၃၅ ပေ၊ အနံ ၂၆ ပေရှိ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတို့ ပါဝင်ပြီး ဆေးခန်းအကျယ်အဝန်းမှာ ပေ ၁၀၀ ပတ်လည်ရှိကာ တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၅၉၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ဆေးခန်းဖွင့်လှစ်နိုင်သဖြင့် ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်သော ရွာတန်းရှည်၊ ညံကန်၊ သရက်ကန်၊ ကားရွာ၊ မြောက်ကုန်း၊ ညီနောင်နှင့် ဇွေ့အိုင်စသည့် ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူ ၃၀၀၀ နီးပါးအား ကျန်းမာရေးစောင့်ရှောက်မှုများ အချိန်ပြည့် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။
**အောင်ဌေး(မလှိုင်)**

# ပြည်သူလူထုအခြေပြု တီဘီစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**ကျောက်မဲ ဇွန် ၁၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ပြည်သူလူထုအခြေပြု တီဘီစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်း တီဘီစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇွန် ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်အောင်က မြို့နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကာ ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်း တီဘီစောင့်ရှောက်ရေးအသင်း ကြီးကြပ်သူ ဒေါ်ခင်ခင်စုက ပြည်သူများအနေဖြင့် မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် တီဘီရောဂါဝေဒနာရှင်များ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ လမ်းညွှန်ပြီး လိုက်ပါပို့ဆောင်ပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါ ပြည်သူလူထုအခြေပြု တီဘီစောင့်ရှောက်ရေးသင်တန်းသို့ စေတနာ့ဝန်ထမ်း သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မျိုးသန့်မျိုးစေ့ ဆားရည်စိမ်ခြင်း လက်တွေ့သရုပ်ပြ

**အိမ်မဲ ဇွန် ၁၃**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် (RS) မျိုးစေ့ ဆားရည်စိမ်ခြင်းနှင့် ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကို ကွင်းယားတခွန်တိုင်ကျေးရွာအုပ်စု ဒိုးကုန်းကျေးရွာ၌ ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

"မျိုးသန့်စပါးကို ဆားရည်စိမ်ခြင်းဖြင့် လုံးပိန်၊ လုံးညှပ်နဲ့ အဆံချောင်စပါးစေ့များ ဖယ်ရှားနိုင်ပြီး အဆံပြည့် မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်ခြင်း၊ စပါးမှာကျရောက်မယ့် ပိုးမွှားရောဂါအတွက်လည်း ကြိုတင်ကာကွယ်ပြီးသားဖြစ်စေခြင်းနဲ့ ပေါင်စနစ်နဲ့ စိုက်ပျိုးရာမှာလည်း မျိုးအလေအလွင့်နည်းပါးပြီး မျိုးအကုန်သက်သာခြင်းစတဲ့ အကျိုးကျေးဇူးများရရှိစေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မာမာလွင်က ပြောကြားပြီး တောင်သူများအား ဆားရည်စိမ်ခြင်းလုပ်ငန်းနှင့် ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



မျိုးသန့်စပါးမျိုးကို ဆားရည်စိမ်ခြင်း လက်တွေ့သရုပ်ပြစဉ်

## သတင်းတိုများ

### ဘိန်းအစားထိုးသီးနှံအဖြစ် အထွက်တိုးစပါးမျိုးများ ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲကို မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုဘွယ်က ဘိန်းအစားထိုးသီးနှံ မျိုးစေ့ပေးအပ်သည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးရန် နယူးရော(၁) အထွက်တိုးမျိုးစပါး ၅၆၀ ကီလို(ဧက ၈၀ စာ)ကို ဒေသခံတောင်သူများအား အခမဲ့ပေးအပ်ခဲ့သည်။
**မျိုးညွှန့်ရွှေ(မိုးနဲ)**

### ရက်၁၀၀စီမံချက်အရကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ရက် ၁၀၀ စီမံချက်အရ ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၁၁ ရက်က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း၊ နဝမတန်း၊ အဋ္ဌမတန်း၊ သတ္တမတန်း ကျောင်းသား ကျောင်းသူ ၈၉၀ အတွက် ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ပဲခူးမြို့ပေါ်ရှိ အခြားကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ဆက်လက် ကွင်းဆင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်လှစ်

မကွေးတိုင်းဒေသကြီး စလင်းမြို့မြတ်ရတနာဓမ္မာရုံ၌ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းကို ဇွန် ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းတွင် ရန်ကုန်မြို့ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ သင်တန်းနည်းပြဆရာ လေးဦးက သင်ကြားပြသပေးလျက်ရှိကြောင်း၊ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇွန် ၁၄ ရက်အထိ ဖြစ်ကြောင်းနှင့် သင်တန်းဆင်းသူများအနေဖြင့် ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုတစ်ဆင့် ပြန်လည်သင်ကြားပြသပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ စလင်းမြို့တွင် ဓမ္မစကူးလ်သင်တန်းကျောင်း ၃၇ ကျောင်းရှိပြီး နှစ်စဉ် ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။
**စစ်ကြည်(စလင်း)**

# ကျေးရွာ မြေပြုဂရန်များထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်

**ဓနုဖြူ ဇွန် ၁၃**
ဓနုဖြူမြို့နယ် သပြုကျေးရွာအုပ်စု ကဇင်းကောကျေးရွာမှ ဒေသခံပြည်သူများအား မြေပြုဂရန်များ ထုတ်ပေးရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ဇွန် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကဇင်းကောကျေးရွာမှ မြေပြုဂရန်လျှောက်ထားသော ဒေသခံပြည်သူများအား ဂရန်ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်မှုများ ရှင်းလင်းပြောကြားခြင်း၊ မြေတိုင်းကိရိယာများဖြင့် မြေတိုင်း၍ မှတ်တိုင်များ စိုက်ထူခြင်း၊ ဂရန်လျှောက်ထားသည့် မြေကွက်များကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဂရန်များ အမြန်ဆုံး ထုတ်ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ခင်သန္တာထွေး (ပြန်/ဆက်)**

# စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် စိမ့်မြောင်းမကြီးတူးဖော်မှု ပြီးစီး

**ကလေး ဇွန် ၁၃**
ကလေးမြို့နယ် နန်းကျင်းဆောင်ကျေးရွာမှ တောင်သူများ၏ မိုးစပါးစိုက်ဧက ၃၅၀ ခန့်အတွက် ရေပေးဝေနိုင်သော နန်းကျင်းဆောင်ကျေးရွာ စိမ့်မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေများ ပြန်လည်တူးဖော်ဆယ်ယူသည့်လုပ်ငန်းကို မေ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နန်းကျင်းဆောင်စိမ့်မြောင်းမကြီးသည် ရေတံခါး ငါးပေအပေါက် သုံးပေါက်ပါရှိပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ရွာသွန်းခဲ့သောမိုးကြောင့် မြောင်းမကြီးအတွင်းသဲနုန်းမြေများဖုံးလွှမ်းသွားခဲ့ရာ ၂၀၁၆ ခုနှစ် မိုးစပါးများ စိုက်ပျိုးရာတွင် ရေလုံလောက်စွာရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ခရိုင်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ၍ စက်ယန္တရားများအသုံးပြုကာ စိုက်ပျိုးချိန်အမီ သဲနုန်းမြေများ တူးဖော်ဆယ်ယူပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့ မြောင်းမကြီးကို ပြန်ပြီးတော့ဖော်ထုတ်ပေးတဲ့အတွက် အခုနှစ်မှာတော့ စိုက်ပျိုးရေးမှာ ပြန်ပြီးအဆင်ပြေလာတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရေကြီးရေလျှံတုန်းကဆိုရင် ကျွန်တော်တို့ လယ်ယာမြေမှာအသုံးပြုတဲ့ ဒီစိမ့်မြောင်းမကြီးထဲကို သဲနုန်းမြေတွေဖုံးကုန်တော့ ကျွန်တော်တို့ တောင်သူလယ်သမားအားလုံး အလွန်ပဲစိတ်ဓာတ်ကျခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ လယ်ယာလုပ်ငန်းခွင်ကို စိတ်အားထက်သန်စွာနဲ့ ပြန်ပြီးစိုက်ပျိုးလုပ်ကိုင်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။




နန်းကျင်းဆောင်ကျေးရွာ စိမ့်မြောင်းမကြီးသည် အရှည် ပေ ၇၀၀၀ ရှိပြီး သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စိမ့်မြောင်းရေဖြင့်စိုက်ပျိုးသည့် တောင်သူများက ကုန်ကျစရိတ်အားလုံးကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း၊ မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေ ၁၃၀၀ ကျင်းကို တူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက မိုးစပါးကို စိုက်ဧကအပြည့် အချိန်မီစိုက်ပျိုးနိုင်မည့်အပြင် မိုးရာသီရေကြီးချိန်တွင် လယ်ယာမြေများ ရေလွှမ်းပျက်စီးခြင်းမှလည်း ကင်းဝေးသွားစေမည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်လွင်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဂျူနိုင်း**



## တောင်ပေါ်ဒေသထွက် အင်ဥများ အရောင်းသွက်လျက်ရှိ

**ရေတာရှည် ဇွန် ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်း တောင်ပေါ်ဒေသများမှထွက်ရှိသော ရာသီစာတစ်ခုဖြစ်သည့် အင်ဥများ မြို့ပေါ်ဈေးကွက်၌ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

အင်ပင်များပေါက်သည့် တောင်ကုန်းများ၊ တောင်ပူစာများ၊ တောင်စောင်းအရိပ်ကျသော နေရာများတွင်သာ တွေ့ရှိရသည့် အင်ဥများကို ဟင်းချက်ရာ၌ ရေပြောင်အောင်ဆေးကြောကာ ပါးပါးလှီး၍ မန်ကျည်းရွက်နု၊ ငရုတ်သီးစိမ်းနှင့် ချက်စားကြပြီး နုသည့် အင်ဥများကို ရေနွေးဖြင့်ပြုတ်ကာ ဆီချက်၊ သံပရာသီး၊ ကြက်သွန်နီတို့ဖြင့် သုပ်စားကြသည်များလည်း ရှိသည်။ မိုးရာသီကာလ အင်ဥများ ပေါ်ဦးစအချိန်တွင် မြို့ဈေးများ၌ အင်ဥများ ဈေးကောင်းရလျက်ရှိပြီး နို့ဆီဘူးတစ်ဘူးလျှင် ၅၀၀ ကျပ်နှုန်းခန့်ရှိကာ ကျေးရွာများတွင် နို့ဆီဘူးတစ်ဘူးလျှင် ၇၀၀ ကျပ်နှုန်းခန့်အထိ ဈေးရကြောင်းနှင့် ဝယ်ယူစားသုံးသူ များပြားသည့်အတွက် နေ့စဉ်အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ထင်းရှူးမြို့တော်တည်ထောင်ရေးစီမံကိန်းအရ အပင် ၁၀၀၀ ကို ပထမအကြိမ်စိုက်ပျိုး

**ကလော ဇွန် ၁၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးကန်ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ကလောမြို့ကို ထင်းရှူးမြို့တော်အဖြစ် တည်ထောင်ရေးစီမံကိန်းများ အကောင်အထည်ဖော်သည့်အနေဖြင့် ထင်းရှူးပင် ၁၀၀၀ ကို ဇွန် ၁၁ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်များ စိုက်ပျိုးရာတွင် ကလောမြို့ တပ်နယ်မိသားစုဝင်များ၊ ဌာနဆိုင်ရာပေါင်းစုံ အမှုထမ်းအရာထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်က ကလောမြို့အမှတ်(၁)ရပ်ကွက်ရှိ လွမ်းစေတီကုန်း ကလောသစ်တောကြိုးဝိုင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကွင်းအမှတ်(၁၅/၁၆)တွင် စိုက်ပျိုးခဲ့ကြပြီး ထင်းရှူးပင် စုပေါင်းစိုက်ပျိုးခြင်းမှာ ပထမအကြိမ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**(ဝဇ၁)**



## ရိုးရာလက်ရက်ကန်းစင်များမှရက်လုပ်သော ချင်းအမျိုးသမီးဝတ်လုံချည်များ တွင်ကျယ်စွာရောင်းချနေရ

**မုံရွာ ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံကျေးရွာတွင် မိရိုးဖလာ လက်ရက်ကန်းစင်များဖြင့် ချင်းအမျိုးသမီးဝတ်လုံချည်များကို ဒီဇိုင်းအသစ်ဆန်းများဖြင့် ရက်လုပ်ရောင်းချလျက်ရှိရာတွင် လူကြိုက်များခြင်းကြောင့် တွင်ကျယ်စွာ ရောင်းချနေရကြောင်း သိရသည်။

"ကျွန်တော်တို့ရွာကတော့ ရက်ကန်းလုပ်ငန်းဟာ မိရိုးဖလာလုပ်ငန်းလည်းဖြစ်တော့ ဒီလုပ်ငန်းကိုပဲ လုပ်ကိုင်စားသောက်ကြတာ များတယ်။ ဒီလုပ်ငန်းဟာ မိသားစုစားဝတ်နေရေးလည်း အဆင်ပြေပါတယ်။ ပြီးတော့ မြို့တွေကိုလည်း လက်လီလက်ကားရောင်းချရတော့ လုပ်ငန်းချဲ့ပြီး လုပ်ကိုင်နိုင်တာပေါ့၊ ကျွန်တော်တို့က ချင်းအမျိုးသမီးဝတ်လုံချည်ကိုသာ ရက်လုပ်ကြတာများတယ်။ ချင်းလုံချည်ဆိုပေမယ့် တိုင်းရင်းသားမရွေး ဝတ်လို့ရတယ်လေ၊ လုံချည်တွေ နာမည်ပေးတဲ့အခါမှာတော့ ရုပ်ရှင်မင်းသမီးနာမည်တွေ ပေးတာများတယ်။ ဒီဇိုင်းတွေကတော့ အမျိုးအစားပေါင်း တစ်ထောင်ကျော်လောက် ရှိတယ်။ ဒီဇိုင်းအမျိုးမျိုးပေါ့ဗျာ။ ပုံစံတွေကလည်းလှတော့ ရောင်းအားတော့ မဆိုးပါဘူး၊ အခုတော့ ဈေးလေးနည်းနည်းအေးတယ်လို့ ပြောရမှာပေါ့။ အလုပ်သမားခ ပေးရတာကလည်း လုံချည်တစ်ထည်ရက်လုပ်ပြီးရင် တစ်ထည်ကို ရှစ်ထောင်ပေးရတယ်။ အလုပ်သမားအတွက်လည်း လုပ်နိုင်ရင်လုပ်နိုင်သလောက် ဝင်ငွေရတာပေါ့"ဟု ကျောက်စစ်ပုံကျေးရွာမှ ရက်ကန်းရက်လုပ်သူတစ်ဦးဖြစ်သည့် ကိုဖိုးချမ်းက ပြောသည်။



ရိုးရာရက်ကန်းလုပ်ငန်းမှာ မိသားစုများလျှင် များသလောက် ဝင်ငွေရရှိနိုင်သော လုပ်ငန်းဖြစ်ပြီး အလုပ်လုပ်ရာတွင်လည်း အရိပ်ထဲမှာပင် လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် လူပင်ပန်းမှုလည်း သက်သာကြောင်း၊ အထူးသဖြင့် အမျိုးသမီးများအတွက် နားနားနေနေလုပ်ကိုင်ရပြီး အိမ်တွင်းလက်မှုပညာလည်းရ၊ ဝင်ငွေလည်းရစေသည့် လုပ်ငန်းဖြစ်ကြောင်း၊ ရက်ကန်းစင်ပိုင်ရှင်နှင့် ရက်ကန်းလုပ်သား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် လုပ်ငန်းလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မုံရွာ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**မိုးနဲ ဇွန် ၁၃**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဟောပြောပွဲ ၊ နံရံကပ်ပိုစတာနှင့် ဓာတ်ပုံပြပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မိုးနဲမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူနှင့် သုံးစွဲသူများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးညွန့်ရွှေက အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ချိတ်ဆွဲပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## စာဖတ်သူတိုးပွားလာစေရေးအတွက် မိုဘိုင်းစာကြည့်တိုက်ဖွင့်

**ရေဦး ဇွန် ၁၂**
ရေဦးမြို့နယ်အတွင်းမှ ကျောင်းသားကျောင်းသူများ စာဖတ်နှုန်း တိုးတက်လာစေရေးအတွက် မြို့နယ်ပြည်သူ့စာကြည့်တိုက်မှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကွန်ပျူတာခန်းမ၌ မိုဘိုင်းစာကြည့်တိုက်ကို ဇွန် ၉ ရက်က သွားရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်မှူးက "အခုခေတ်လူငယ်တွေ စာဖတ်အားနည်းကြတယ်။ လက်ကိုင်ဖုန်းတွေ ပေါများပေမယ့် စာကောင်းတွေ ရှာဖွေလေ့လာဖတ်ရှုသူက ရှားတယ်။ များသောအားဖြင့် ဂိမ်းကစားခြင်း၊ ဖေ့စ်ဘုတ်အသုံးပြုနေခြင်းနဲ့ အချိန်ကုန်ငွေကုန် အိပ်ရေးပျက်ခံနေကြတယ်။ ယနေ့ အင်တာနက်သုံးစွဲနေကြတဲ့ လူငယ်များကို အင်တာနက်ကနေ တကယ်တန်ဖိုးရှိတဲ့ စာကောင်းတွေ တစ်ရက် မိနစ်နှစ်ဆယ်လောက် ရှာဖွေဖတ်ရှုစေချင်တယ်။ အဲဒီလိုမှမဟုတ်ရင် မြို့နယ်ပြည်သူ့စာကြည့်တိုက်မှာဖြစ်စေ၊ မိမိနေထိုင်ရာ ရပ်ကွက် ကျေးရွာစာကြည့်တိုက်မှာဖြစ်စေ စာဖတ်လို့ရတယ်"ဟု လူငယ်များ စာဖတ်နှုန်းတိုးလာစေရန် တိုက်တွန်းပြောကြားသည်။

စာကြည့်တိုက်ဝန်ထမ်းများကလည်း စာဖတ်သူများအပေါ် ပျူငှာဖော်ရွေစွာ ကြိုဆိုနေကြောင်းနှင့် မိုဘိုင်းစာကြည့်တိုက်များကိုလည်း ရပ်ကွက်ကျေးရွာများအထိ ကွင်းဆင်းကာ တစ်နေရာတွင် နှစ်ရက်မှသုံးရက်အထိ ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**သန်းထိုက်(ရေဦး)**

# တိုက်စစ်မှူးနှစ်ဦး အပြောင်းအလဲလုပ်ဖို့ ရှိနေတဲ့ ခရစ္စတယ်ပဲလေ့စ်

ခရစ္စတယ်ပဲလေ့စ်အသင်းက နာမည်ကြီးတိုက်စစ်မှူးနှစ်ဦးဖြစ်တဲ့ အဒီဘရောနဲ့ ချာမတ်တို့နေရာမှာ အာဖရိကလူငယ်တိုက်စစ်မှူးနှစ်ဦးနဲ့ လဲထုတ်ဖို့ရှိနေတယ်လို့ ဆိုပါတယ်။ နည်းပြအလန်ပါဒူးအနေနဲ့ ဗီအိုရင်တီနားအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ ဘာဘာကာနဲ့ ဗီလာရီးရဲအသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ စီဒရင်ဘာကမ်ဘူတို့နဲ့ လဲလှယ်သွားဖို့ ရှိနေပါတယ်။ ဘာဘာဘူဟာ ဒရော့ဘာအငယ်စားလို့ ချီးကျူးပြောဆိုနေကြပါတယ်။ ဆီနီဂေါအသင်းမှာ ကစားနေတဲ့ ဘာဘာကာဟာ ဖီအိုရင်တီးနားအသင်းမှာတော့ စိတ်ချရတဲ့တိုက်စစ်မှူးကောင်း တစ်ဦးဖြစ်ပါတယ်။ သို့သော်လည်း ဘာဘာကာဟာ ကြွက်သားဒဏ်ရာကြောင့် ပြီးခဲ့တဲ့ရာသီအကုန်မှာ ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ရပါတယ်။ ကွန်ဂိုကစားသမား ဘာကမ်ဘူကတော့ ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ကစားပုံဟာ ထူးခြားသွက်လက်မြန်ဆန်တဲ့ ခြေမျိုးပိုင်ဆိုင်ထားပြီး ဂိုးသွင်းသေချာတဲ့တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက ဗီလာရီးရဲအသင်းအတွက် ဂိုးပေါင်း ၂၂ ဂိုး သွင်းယူပေးထားခဲ့ပါတယ်။ သူ့ရဲ့ ကစားဖော် အဲရစ်ဘေလီကတော့ ပြီးခဲ့တဲ့အပတ်က ပေါင် ၃၂ သန်းနဲ့ မန်ယူကို ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။



# ကိုလိုတိုရေးကို ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ မိုနာကို

ပရီမီယာလိဂ်မှာ အသက်အရွယ်ရလာပြီဖြစ်ပေမယ့် ခြေစွမ်းပြနေတဲ့ နောက်တန်းကစားသမားကြီး ကိုလိုတိုရေးကို ပြင်သစ်ထိပ်သီးကလပ်တစ်ခုဖြစ်တဲ့ မိုနာကိုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ဆိုပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နောက်တန်းကစားသမားကြီး ကိုလိုတိုရေးဟာ အာဆင်နယ်၊ မန်စီးတီးတို့မှာ ကစားခဲ့ပြီး ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားတွေကို ရယူပေးနိုင်ခဲ့တဲ့သူပါ။ လီဗာပူးမှာ ကစားနေတဲ့ တိုရေးဟာ ဒီလအကုန်မှာ လီဗာပူးနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ လီဗာပူးက ထပ်မံစာချုပ်ဖို့ရှိနေပေမယ့် သေချာမှုတော့မရှိပါဘူး။ လီဗာပူးက သူ့ကို နည်းပြနေရာထားဖို့လည်း စိတ်ကူးနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အိုင်ဗရီကို့စ်ကစားသမား ကိုလိုတိုရေးဟာ ကစားချင်တဲ့ဆန္ဒ ရှိနေသေးပါတယ်။ မိုနာကိုကတော့ အတွေ့အကြုံများတဲ့ ကိုလိုတိုရေးကို ခေါ်ယူသွားဖို့ ရှိနေပါတယ်။ ကိုလိုတိုရေးဟာ မန်စီးတီးအသင်းမှာ ဗဟိုခံစစ်မှူးအဖြစ် ကစားခဲ့ပြီး ပရီမီယာလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။






# ပြင်သစ်၊ ဂျာမနီတို့ အခြေအနေကောင်းနိုင်ပါ့မလား

ယူရို၂၀၁၆ ပြိုင်ပွဲကတော့ မထင်မှတ်တဲ့ရလဒ်တွေနဲ့ အတူ အုပ်စုပွဲစဉ်တွေကို ဆက်လက်ဆင်နွှဲနေပါတယ်။ ဇွန် ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ ယှဉ်ပြိုင်ကြမယ့် အုပ်စု(A)က ရိုမေးနီးယားနဲ့ ဆွစ်ဇာလန်၊ ပြင်သစ်နဲ့ အယ်လ်ဘေးနီးယား၊ အုပ်စု(B)က အင်္ဂလန်နဲ့ ဝေးလ်၊ ရုရှားနဲ့ ဆလိုဗက်ကီးယားတို့အပြင် အုပ်စု(C)က ယူကရိန်းနဲ့ မြောက်အိုင်ယာလန်၊ ဂျာမနီနဲ့ ပိုလန်တို့ရဲ့ပွဲတွေက ပရိသတ်တွေရဲ့စိတ်ဝင်စားမှုကို မြင့်တက်စေဦးမှာဖြစ်ပါတယ်။

### ပြင်သစ်နှင့် အယ်လ်ဘေးနီးယား

အိမ်ရှင်ပြင်သစ်တို့ကတော့ ယူရိုဖလားဆွတ်ခူးမယ့် အသင်းတွေထဲမှာ ပါဝင်နေတဲ့ အသင်းပီပီ အိမ်ရှင်လည်း ဖြစ်တာမို့ ပွဲတိုင်းအင်အားပြည့်ကစားနေပြီဖြစ်ပါတယ်။ လောလောဆယ်မှာ ကမ္ဘာ့အဆင့် ၂၁ ရှိနေတဲ့ ပြင်သစ်ဟာ နည်းပြဒက်ချိမ့်ရဲ့နည်းဗျူဟာနဲ့အတူ ပွဲတိုင်းအောင်ပွဲခံနိုင်ရေး ကြိုးစားနေပါတယ်။ တိုက်စစ်မှာ ကိုးမန်း၊ မာရှယ်၊ ဂရစ်ဇ်မန်း၊ ရစ်နက်တို့က ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ပေါ့ဂ်ဘာ၊ ကန်တီ၊ မာတူဒီ၊ ဆစ်ဆိုကိုတို့နဲ့အတွဲညီညီ ကစားနိုင်ပေမယ့် ချန်ပီယံခြေစွမ်းနဲ့ စွမ်းဆောင်မှုအပိုင်းမှာ လိုအပ်ချက်တော့ရှိနေဆဲပါပဲ။ အယ်လ်ဘေးနီးယားတို့ကလည်း မထင်မှတ်တဲ့ ခြေစွမ်းမျိုးပြသနိုင်ပြီး လျင်မြန်မှုကို အသားပေးတဲ့ ကစားဟန်ကြောင့် ပြင်သစ်တို့ သတိထားကစားမှရပါလိမ့်မယ်။ နည်းပြ ဒီဘီရာစီရဲ့အခင်းအကျင်းနဲ့ ပြင်သစ်ကို ရင်ဆိုင်မယ့် အယ်လ်ဘေးနီးယားတိုက်စစ်မှာ ဆာဒီကူ၊ ဆီကာလီရှိနဲ့ ဘာလာ့ရှ်တို့က ထိုးဖောက်အားကောင်းပေမယ့် ဂိုးသွင်းစွမ်းရည်ထက်မြက်မှုတော့မရှိပါဘူး။ ကွင်းလယ်မှာ တူလန်ဆာခါ၊ လီဒီယန်တို့ရှိပေမယ့် ပြင်သစ်ကွင်းလယ်ကို မယှဉ်နိုင်တာမို့ ဒီပွဲဟာ အိမ်ရှင်အတွက် နိုင်ပွဲရမယ့်ပွဲပါပဲ။

### ရိုမေးနီးယားနှင့် ဆွစ်ဇာလန်

အုပ်စု(A)မှာ ရိုမေးနီးယားတို့က ခြေစွာတဲ့အသင်းဖြစ်တာမို့ ဆွစ်ဇာလန်အတွက် အကြိတ်အနယ်ကစားရမယ့်ပွဲပါပဲ။ ရိုမေးနီးယားတို့က ကမ္ဘာ့အဆင့် ၁၉ ရှိပြီး ဆွစ်ဇာလန်က ကမ္ဘာ့အဆင့် ၁၄ ရှိတဲ့ အသင်းဖြစ်ပေမယ့် အသင်းလိုက်စုဖွဲ့မှု၊ အသင်းလိုက်ကစားအားတွေမှာ ရိုမေးနီးယားတို့က ပိုမိုကောင်းမွန်ပါတယ်။ ရိုမေးနီးယားလူမျိုး လော်ဒါနီစကူ နည်းပြအဖြစ်တာဝန်ယူထားပေမယ့် ရလဒ်ကောင်းအောင် ဆောင်ကြဉ်းနိုင်တာများပါတယ်။ ကမ္ဘာကျော်ဘောလုံးသမားတွေ မပါဝင်ပေမယ့် တိုက်စစ်မှာ အန်ဒိုနီ၊ ကီစီရူ၊ အလီဘတ်၊ အတန်ကူတို့က ပြိုင်ဘက်နောက်တန်းကို ရဲရဲဝံ့ဝံ့ထိုးဖောက်နိုင်သူတွေဖြစ်ပါတယ်။ ဘော့စနီးယားလူမျိုးနည်းပြ ပက်ကိုဗစ်ရဲ့ ဆွစ်ဇာလန်ကတော့ မက်မီဒီ၊ အမ်ဘိုလို၊ တာရာရှာ၊ ဆီဖာရိုဗစ်တို့ တိုက်စစ်အား၊ တူလန်ဇာခါ၊ လန်ဂျာစီ၊ အဘာရှာရီတို့ရဲ့ ကွင်းလယ်အားတွေနဲ့ ရိုမေးနီးယားကို ထိန်းချုပ်ကစားဖို့ ကြိုးစားပါလိမ့်မယ်။ ဒီပွဲက နှစ်သင်းစလုံး စွမ်းဆောင်ရည်မကွာခြားတာမို့ သရေရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

### အင်္ဂလန်နှင့် ဝေးလ်

အုပ်စု(B)မှာ နာမည်ကြီး အင်္ဂလန်တို့လည်း ရလဒ်တွေကောင်းဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ နည်းပြ ရွိုင်ဟော့ဆန်က တိုက်စစ်မှာ ရွန်းနေ၊ ဟယ်ရီကိန်း၊ ဗာဒီ၊ စတာရစ်နဲ့ ရက်ရှ်ဖို့ဒ်တို့အားနဲ့ ယူရို ၂၀၁၆ ကို ချီတက်လာခဲ့ပေမယ့် အင်္ဂလန်တိုက်စစ်ဟာ အားနည်းချက်တွေရှိနေဆဲပါပဲ။ ခံစစ်မှာ စမောလင်း၊ ဝေါ်ကာ၊ ဂျွန်စတုန်း ကာဟေးလ်တို့ အုပ်စုက အတွေ့အကြုံရှိပြီး နားလည်မှုရှိရှိနဲ့ ကစားနိုင်တာမို့ ဝေးလ်တို့လည်း သိပ်တော့မလွယ်ပါဘူး။ နည်းပြခရစ္စကိုးမန်းရဲ့ ဝေးလ်အသင်းမှာ ဂါရက်ဘေးလ်၊ ဝီလီယံ၊ ဆမ်ဗုတ်၊ ရော့ဘ်ဆန်ကနူး၊ ဆိုင်မွန် ချာ့ချ်တို့အားနဲ့ အင်္ဂလန်နောက်တန်းကို ခြိမ်းခြောက်ထိုးဖောက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဝေးလ်အတွက် သရေရလဒ်မျှော်လင့်နိုင်ပြီး အင်္ဂလန်တို့ကလည်း နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### ရုရှားနှင့် ဆလိုဗက်ကီးယား

အုပ်စု(B)မှာ နှစ်သင်းစလုံးအကြိတ်အနယ် ကြိုးစားနေရဆဲဖြစ်ပါတယ်။ နည်းပြ ဆလက်စကီးဟာ ရုရှားတိုက်စစ်မှာ ဇူးဘား၊ ကိုကိုရင်း၊ စမိုလော့ဗ်တို့လို တိုက်စစ်မှူးတွေထားရှိပေမယ့် ကွင်းလယ်ကစားသမားအားကိုတော့ ဒန်နစ်ဆော့ဗ်၊ ဂလူရှာတော့ဗ်၊ ဂိုလိုဗင်၊ ဆာမီခေါ့ဗ်၊ ရှာတော့ဗ်တို့လို ကစားသမားတွေကို အသုံးပြုမှာဖြစ်တဲ့အတွက် တောင့်တင်းနေပါတယ်။ ဆလိုဗက်ကီးယားတို့ကတော့ ပြည်တွင်းဖြစ်နည်းပြ ကိုဇက်ရဲ့ဗျူဟာနဲ့ပွဲထွက်လာမှာဖြစ်ပြီး ကွင်းလယ်မှာ အေစီမီလန်မှာ ကစားနေတဲ့ ကက်ကာ၊ နာပိုလီမှာ ကစားနေတဲ့ ဟမ်ဆစ်တို့အားနဲ့ တိုက်စစ်ကို ဝိုင်းကူဖို့ကြိုးစားပါလိမ့်မယ်။ ဆလိုဗက်ကီးယားတိုက်စစ်မှာ နာမည်ကျော်တွေမပါပေမယ့် အဒူရစ်ဇ်၊ နီမက်၊ ဆက်တက်တို့က ထိုးဖောက်ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ဒီပွဲမှာ ဆလိုဗက်ကီးယားတို့ ကစားအားကောင်းပေမယ့် ရုရှားတို့ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

### ဂျာမနီနှင့် ပိုလန်

ဒီနှစ် ယူရိုဖလားကိုရယူဖို့ ကြိုးစားနေတဲ့ ဂျာမနီတို့က အခုပွဲမှာ ပိုလန်ကို ဖိအားပေးကစားပါလိမ့်မယ်။ နည်းပြ ဂျိုးအာချင်လိုဟာ ဂျာမနီအသင်းကို ရှေ့လယ်၊ နောက်တန်းချက်ညီအောင် ကြိုးစားပြင်ဆင်ထားတာမို့ တိုက်စစ်မှာ ဂိုမက်ဇ်၊ ဂေါ့ဇီ၊ ဆာနီတို့က ဂိုးရအောင်သွင်းယူနိုင်သူတွေ ဖြစ်သလို အလယ်တန်းမှာ ခီဒီယာ၊ မူလာ၊ ခရူးစ်၊ အိုဇေးလ်တို့ကလည်း ဘောလုံးဖြန့်ဝေမှုရော တိုက်စစ်မှာပါ အကောင်းဆုံးခြေစွမ်းပြနိုင်သူတွေဖြစ်ပါတယ်။ ဒါကြောင့် နည်းပြ နာပါကာရဲ့ပိုလန်အသင်းဟာ ဂျာမနီကို ရင်ဆိုင်ဖို့ အကျပ်အတည်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပိုလန်တိုက်စစ်မှူးတွေဖြစ်တဲ့ လီဝမ်ဒေါ်စကီး၊ မီလစ်၊ စတီဗင်ကီးတို့က ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေဖြစ်တာမို့ ဂျာမနီတို့လည်း သတိထားကစားရမှာပါ။ ဒီပွဲမှာ အကြိုက်ကဂျာမနီဖြစ်သလို အနိုင်လည်း ဂျာမနီဖြစ်သွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

# အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့နဲ့အပြိုင်ခေါ်ယူမယ့် ဒေါ့မွန်ကွင်းလယ်လူ အမ်စီတာရမ်း

**ကောင်းမြတ်သူ - စုစည်းသည်။**

မန်ယူအနေနဲ့ ဒေါ့မွန်ကွင်းလယ်ကစားသမား ဟင်းနရစ်အမ်စီတာရမ်းကို ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့နဲ့အပြိုင် ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်ကတော့ ကွင်းလယ်ကစားသမား အမ်စီတာရမ်းကို ထပ်မံစာချုပ်ခြင်းမပြုဘဲ ထွက်ခွာခွင့်ပေးထားပါတယ်။ အာမေးနီးယားလက်ရွေးစင် အမ်စီတာရမ်းကို မန်ယူက စာချုပ်ဖို့ ဆန္ဒပြင်းပြနေတာပါ။ ဒေါ့မွန်ကတော့ ပေါင် ၂၅ သန်းရရင် ပြောင်းမယ်လို့ ဆိုပါတယ်။ အာဆင်နယ်နဲ့ ဂျူဗင်တပ်စ်တို့ကလည်း အမ်စီတာရမ်းကို ခေါ်ယူဖို့ မကြာသေးမီက ဆွေးနွေးမှုတွေပြုလုပ်ခဲ့တာပါ။ အာဆင်နယ်ကတော့ ခေါ်ယူဖို့ ရေပန်းအစားဆုံးအသင်းပါ။ ဒီအတောအတွင်း လီဗာပူးကလည်း ခေါ်ယူဖို့စိတ်ဝင်စားနေတာကြာပြီလို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမ်စီတာရမ်းဟာ ဒေါ့မွန်အသင်းမှာ အဓိကအားထားရတဲ့ ကစားသမားတစ်ဦးပါ။ ဒေါ့မွန်ရဲ့ အခြားကစားသမားတစ်ဦးဖြစ်တဲ့ အော်ဘာမီရန်းကိုလည်း မန်စီးတီးကခေါ်ယူဖို့ မျှော်လင့်ထားပါတယ်။



# ကျေးလက်နေတောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်းထက် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးပညာများသင်ကြားပေးရန်လိုအပ်

**သတင်းဆောင်းပါး - ကျော်ဌေး(ညောင်ဦး)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အတူ နိုင်ငံလူဦးရေ၏ ခုနစ်ဆယ်ရာခိုင်နှုန်းရှိသောသူများသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ၎င်းတို့ထဲမှ အများစုမှာ တောင်ယာများတွင် သီးနှံစိုက်ပျိုးခြင်းနှင့် လယ်မြေများတွင် စပါးစိုက်ပျိုးခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။

ယခုအချိန်အခါတွင် အဆိုပါ တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရေးအတွက် နိုင်ငံတော်က စပါးစိုက်လယ်သမားများအား စိုက်ပျိုးစရိတ် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံစိုက် တောင်သူများအား တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့်လည်းကောင်း ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ငွေထုတ်ချေးပေးခြင်းကြောင့် တောင်သူလယ်သမားများအတွက် အရင်းအနှီးရသော်လည်း စိုက်ပျိုးထုတ်လုပ်သော လုပ်နည်းလုပ်ဟန်များ စနစ်မကျ၍ အဆင်ပြေမှုနည်းပါးကာ ချေးငွေထုတ်ပေးသလောက် အကြွေးတင်လျက်ရှိသည်။ ဆိုးရွားသောရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံများစိုက်ပျိုးမှု၊ မြေယာအသုံးချမှု၊ ကျွမ်းကျင်ပညာရှင်များ ဖြည့်ဆည်းပေးမှု၊ မျိုးကောင်းမျိုးသန့်များ ကူညီပံ့ပိုးမှု၊ သီးနှံစိုက်ပျိုးနေစဉ်အတွင်း ကျွမ်းကျင်ပညာရှင်များက နည်းပေးလမ်းပြ ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန် လိုအပ်နေသည်။

အဆိုပါလိုအပ်ချက်များကြောင့် သီးနှံအထွက်နှုန်း ကျဆင်းနေသည့် ဖြစ်ရပ်များအတွက် တောင်သူများအား စိုက်ပျိုးရေးအတတ်ပညာများ သင်ကြားပေးရန် လိုအပ်နေသေးသည်ဟု တောင်သူများကိုယ်တိုင်ကလည်း ပြောကြသည်။ တောင်သူများအနေဖြင့် မြေဆီလွှာထိန်းသိမ်းရေးပညာရပ်၊ သစ်တောစိုက်ပျိုးရေးပညာရပ်၊ စိုက်ပျိုးမြေ အဆင့်တန်းမြင့်မားလာစေသော ပညာရပ်၊ ညံ့ဖျင်းသောမြေများကို ဓာတ်မြေဩဇာပေးသော ပညာရပ်၊ မြေချဉ်မြေငန်တိုင်းနည်းစနစ်များ၊ အပင်များ၏ အနည်းအများ လိုအပ်ချက်အလိုက် အာဟာရဓာတ်များပေးသော နည်းစနစ်များကို သိရှိရန် လိုအပ်နေပြီဖြစ်သည်။



မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ရန် ညောင်ဦးမြို့ဘဏ်ရုံးအနောက်ဘက်၌ စောင့်ဆိုင်းနေသော လယ်သမားများ



ညောင်ဦးမြို့နယ်မှ လယ်ယာတစ်ခုတွင် သီးနှံစိုက်ပျိုးရန် ထွန်ယက်နေစဉ်

သို့မှသာ တောင်သူလယ်သမားများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုသူများ ဖြစ်လာမည့်အပြင် နောင်အနာဂတ် ကာလများတွင်လည်း ဒေသခံပြည်သူပြည်သားများ၏ စားဝတ်နေရေး ကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်ကာ နိုင်ငံသူနိုင်ငံသားများ၏ စားဝတ်နေရေးကိစ္စရပ်များကိုပါ လွှမ်းခြုံပေးနိုင်မည်ဖြစ်သည်။

တောင်သူများအား စိုက်ပျိုးရေးပညာရပ်များ သင်ကြားပေးရန်အတွက် မြို့နယ်တိုင်းတွင် စိုက်ပျိုးရေးသင်တန်းများကို ပို့ချပေးရန်လိုအပ်သည်။ ကျေးရွာအုပ်စုတိုင်းတွင် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရင်းနှီးသောသူများကိုသာ ဦးစားပေး သင်တန်းပို့ချပေးခြင်းထက် မည်သူမည်ဝါ မခွဲခြားဘဲ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာရပ်များကို အလျင်အမြန်ပို့ချပေးရန် လိုအပ်သကဲ့သို့ တောင်သူများသည်လည်း မိမိတို့မြို့နယ်များမှ စိုက်ညှိအဖွဲ့များနှင့် ရင်းနှီးမှုများ ရယူကြရပေမည်။ စိုက်ပျိုးညှိနှိုင်းအဖွဲ့များ၏ အားပေးလုပ်ဆောင်မှုများကိုလည်း လိုအပ်နေပေသည်။

ထို့အပြင် တိကျမှန်ကန်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုများကိုလည်း တောင်သူများလက်ဝယ်ရောက်ရှိအောင် ထည့်သွင်းပေးအပ်ရန် လိုအပ်သည်။ အထူးသဖြင့် ယခုအခါတွင် မြစ်ရေတင်ကြီးများရှိသော နေရာဒေသ ညောင်ဦးမြို့ကဲ့သို့ နေရာမျိုးတွင် တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနေသော လယ်သမား၊ ယာသမားများအတွက် ရင်းနှီးမြှုပ်နှံမှုများအဖြစ် စပါးနှင့် အခြားသီးနှံမခွဲခြားဘဲ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ စိုက်ပျိုးရေးအတတ်ပညာများ သင်ကြားပေးခြင်းတို့ဖြင့် ဒေသနေပြည်သူများ၏ ဝမ်းစာဖူလုံရုံမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်းနှင့်အတူ ဒေသ၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံများစိုက်ပျိုးရန် စိုက်ပျိုးရေးပညာရပ်များကိုပါပို့ချပေးရန် လိုအပ်လျက်ရှိနေပါသည်။ အထူးသဖြင့် အပူပိုင်းဇုန် မိုးနည်းရပ်ဝန်းဒေသဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအား သီးနှံများစိုက်ပျိုးရာတွင် မိုးရေချိန်နည်းနည်းနှင့် စိုက်ပျိုးတတ်အောင် လိုအပ်သည့် ကူညီပံ့ပိုးမှုများပါ ပေးသင့်ကြောင်း တစေ့တစောင်း တင်ပြလိုက်ပါသည်။ ။

# ကျေးရွာနှစ်ရွာအတွက် တစ်နှစ်ပတ်လုံးအကျိုးပြုမည့် မိုးရေလှောင်ကန်လုပ်ငန်းများ မကြာမီပြီးစီးမည်

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဆိုက်လံတောင်ကျေးရွာနှင့် ကော့လမုကျေးရွာများ၌ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသော မြေသားကန်တူးဖော်ခြင်းလုပ်ငန်းများ မကြာမီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက "ဆိုက်လံတောင်ကျေးရွာ ကန်ကတော့ ပုံမှန်မြေသားကန်ပဲ ဖြစ်ပါတယ်။ ကော့လမုကျေးရွာကန်ကတော့ ဂျိုင်းမြစ်ဘေးမှာရှိပြီး ချောင်းရေမဝင်ဖို့နဲ့ ကျွဲနွားတိရစ္ဆာန်များနှင့် ပတ်ဝန်းကျင် အညစ်အကြေးများ မဝင်နိုင်အောင် ကျေးရွာနေပြည်သူတို့ရဲ့ဆန္ဒအရ သံကူကွန်ကရစ်နံရံနဲ့ ရေကန်ကို ခြံစည်းရိုးကာရံဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။ အဆိုပါ မိုးရေသိုလှောင်ကန်များ ပြီးစီးသွားပါက တစ်ကန်လျှင် ရေဂါလန် ၃၇၅၀၀၀ စီ သိုလှောင်နိုင်မည်ဖြစ်ကာ ကျေးရွာတစ်ရွာချင်းမှ အိမ်ထောင်စုများအတွက် တစ်နှစ်ပတ်လုံး ရေလုံလောက်စွာသုံးစွဲနိုင်ရန် အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကန်များမှာ တစ်ကန်လျှင် ပေ ၁၀၀ ပတ်လည်အကျယ်နှင့် အနက် ခြောက်ပေစီရှိပြီး တစ်ကန်လျှင် ကုန်ကျစရိတ် ကျပ် ၈ ဒသမ ၅ သန်းဖြင့် မေလအတွင်းမှစတင်ကာ တူးဖော်ပေးခဲ့ကြောင်း၊ ဇွန်လကုန်ပိုင်းတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် ရေရှားပါးလေ့ရှိသော ကျေးရွာနှစ်ရွာအတွက် ရေလုံလောက်စွာ ရရှိအသုံးပြုနိုင်ရန် တူးဖော်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာနှစ်ရွာ၌ ရေကန်တူးဖော်ပေးသည့်အပြင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်မှ ရေရှားပါးပြတ်လပ်လေ့ရှိသော ကျေးရွာ ၈၃ ရွာတွင် ရေရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် စက်ရေတွင်းများ၊ လက်ရေတွင်းများနှင့် မိုးရေသိုလှောင်ကန်များလည်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ပဲခူး ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များပေးအပ်ပွဲကို တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေနှင့် စာအုပ်များ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခန့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးလှမင်းထွန်းတို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူ ၆၄ ဦးအား ပညာသင်ထောက်ပံ့ငွေ ကျပ် ၂၆၆၀၀၀၀ နှင့် ဗလာစာအုပ် ၁၉၃ ဒါဇင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်အထိ ကျပ် (၁)သိန်းနှင့်အထက်

### အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ကိုရာဂျာနှင့်ညီများရွှေဆိုင်မိသားစု၊ ရွှေငွေးတာယာလုပ်ငန်း မိသားစုကောင်းမှု၊ အမှတ် ၆၀၊ ၂၉လမ်း၊ပန်းဘဲတန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂။ | ဦးလှမင်း-ဒေါ်ညိုညိုဝင်း၊ သား-မောင်ဥက္ကာမင်း မိသားစုကောင်းမှု၊ အမှတ် ၅၁၁/က၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် | ၃၅၀၀၀၀ိ/- |
| ၃။ | ဒေါ်ငြိမ်းမေ သားသမီးမြေးတစ်စုကောင်းမှု၊ အမှတ် ၂၆၊ ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် | ၃၀၀၀၀၀ိ/- |
| ၄။ | ဗိုလ်မှူးချုပ်ဘုန်းဆွေ(ငြိမ်း)-ဒေါ်စမ်းစမ်းဝေမိသားစုကောင်းမှု အမှတ် ၁၃၆၊ သုနန္ဒာ ၈လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၅။ | ဒေါက်တာကိုကိုကြီး-ဒေါ်မေသန်းမိသားစုကောင်းမှု၊ အမှတ် ၁၉၈၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ် | ၂၂၂၅၀၀ိ/- |
| ၆။ | ဒေါ်စန်းစန်းရီမွေးနေ့ကောင်းမှု၊ အမှတ် ၁၁၇၂၊ သုဓမ္မာ ၂ လမ်း၊ မြောက်ဥက္ကလာပမြို့နယ် | ၂၅၀၀၀၀ိ/- |
| ၇။ | ဒေါက်တာကောင်းရဲဝင်းနှင့် ဒေါက်တာပိုးဆန္ဒီဇော်တို့၏ မင်္ဂလာဦးဆွမ်းအလှူကောင်းမှု | ၂၈၀၀၀၀ိ/- |
| ၈။ | ဗိုလ်မှူးကြီးရန်အောင်(ငြိမ်း)-ဒေါ်ဖြူဝင်းမော်မိသားစုကောင်းမှု အမှတ် ၇၈/၈၂၊ အခန်း ၂၀၁/၂၀၂၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် | ၃၀၀၀၀၀ိ/- |
| ၉။ | ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)-ဒေါ်စုစုထွန်းမိသားစုကောင်းမှု အမှတ် ၉၄၆၊ ဘိုးရာဇာ ၃ လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၀။ | ရွှေသံလွင်ကုမ္ပဏီ မိသားစုကောင်းမှု | ၅၁၀၀၀၀ိ/- |
| ၁၁။ | ရွှေသံလွင်ကုမ္ပဏီ မိသားစုကောင်းမှု | ၃၆၅၀၀၀ိ/- |
| ၁၂။ | ရွှေသံလွင်ကုမ္ပဏီ မိသားစုကောင်းမှု | ၆၄၀၀၀၀ိ/- |
| ၁၃။ | မောင်ညီဇော်ဝင်း-မနှင်းမာလာအောင်တို့၏ မင်္ဂလာဦးဆွမ်းအလှူ | ၈၅၀၀၀၀ိ/- |
| ၁၄။ | ဦးမင်းဆွေ-ဒေါ်အေးအေးသန်းမိသားစုကောင်းမှု၊ အမှတ် ၁၀၀၊ ၆လမ်း၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၅။ | ကိုရန်မျိုးအောင် မွေးနေ့ကောင်းမှု အမှတ် ၄၇၊ ၆ထပ်၊ အနော်မာ ၃လမ်း၊ တောင်ဥက္ကလာပမြို့နယ် | ၂၅၀၀၀၀ိ/- |
| ၁၆။ | ဒေါ်ကျင်ရွှေ၏ (၆၁)နှစ်ပြည့်မွေးနေ့အလှူ အမှတ် ၇/၁၂၈၊ ဟားခါး ၂ လမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် | ၃၄၀၀၀၀ိ/- |
| ၁၇။ | ဦးရန်ပြေ-ဒေါ်သူဇာဦးတို့၏ (၃၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် ဦးရန်ပြေ-ဒေါ်သူဇာဦး သားသမီးမြေးမိသားစုကောင်းမှု | ၃၁၀၀၀၀ိ/- |
| ၁၈။ | အပတ်စဉ်(၁၁) စစ်သူနာပြုအရာရှိများ၏ ဆွမ်းအလှူကောင်းမှု | ၄၂၀၀၀၀ိ/- |
| | စုစုပေါင်း | ၅၈၈၇၅၀၀ိ/- |

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ယ/၈၀၈၇၃ Honda Dream II M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၁၀/ပမန(နိုင်)၀၁၄၉၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြဝတီမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၁၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဦးမျိုးသိန်း (ဘ)ဦးလှူပိုဟိုင်း ၁၂/ပဇတ(နိုင်)၀၁၃၇၂၅ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၆ခုနှစ် မေ ၁ရက်မှ ၃၁ရက်အထိ ကျပ်(၁)သိန်းနှင့်အထက်

### အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ဦးဘိုဘိုကျော်သက်-ဒေါ်ဆွေဇင်ဦး (၁၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အခန်း(၁)၊ တိုက်(၁) စက်မှုအရာထမ်းဝင်း၊ ဗဟန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂။ | ဒေါ်လှမင်း+ဒေါ်ညိုညိုဝင်း၊ သားမောင်ဥက္ကာမင်း မိသားစုကောင်းမှု၊ အမှတ်(၅၁၁/က)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃။ | ဗိုလ်မှူးကြီးထိန်လင်း-ဒေါ်ဆွေဆွေမြတ်မိသားစု ကောင်းမှု၊အမှတ်(၂၀/င)၊ အခန်း (3/A/C)၊ စိန်ရတနာအဆင့်မြင့်ကွန်ဒို၊စိန်ရတနာလမ်း၊ ကမာရွတ်မြို့နယ် | ၂၀၀၀၀၀ိ/- |
| ၄။ | ဒေါ်ခေမာဝတီ၊ ဒေါ်သီဂီကောင်းမှု၊ ဝံသာရာမသီလရှင်စာသင်တိုက်၊ ပင်းယ(၁၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၅။ | ဗိုလ်မှူးချုပ်ဘုန်းဆွေ(ငြိမ်း)-ဒေါ်စမ်းစမ်းဝေ မိသားစုကောင်းမှု၊ အမှတ် ၁၃၆၊ သုနန္ဒာ(၈)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် | ၄၀၀၀၀၀ိ/- |
| ၆။ | နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမြတ်ကျော်ဦးအား ရည်စူး၍(၁၂)နှစ်ပြည့်ဆွမ်းပဒေသာပင် ကပ်လှူခြင်း၊ ဦးလှသိန်း-ဒေါ်ကျင်ကျင်မြင့် မိသားစုကောင်းမှု၊ အမှတ်(၁၈)၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | ၁၂၀၀၀၀ိ/- |
| ၇။ | ဦးသန်းကြည်-ဒေါ်ရင်ခိုင်ဦး မိသားစုကောင်းမှု၊ တိုက် ၂၂၊ အခန်း ၂၄၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၈။ | ကွယ်လွန်သူ ဖခင်-ဦးအောင်ဒင်-မိခင်-ဒေါ်မြအေး တို့အားရည်စူး၍ ဒေါက်တာမြင့်သောင်း-ဒေါ်မြင့်မြင့်သန်း (ဓေယျာမြင့်ဆေးခန်း)မိသားစုကောင်းမှု၊ အမှတ် ၉၆၂၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၉။ | ကွယ်လွန်သူ ဖခင်-ဦးဘသန်း၊ မိခင်-ဒေါ်မြသင်တို့အား ရည်စူး၍ ဒေါက်တာမြင့်သောင်း-ဒေါ်မြင့်မြင့်သန်း (ဓေယျာမြင့်ဆေးခန်း)မိသားစုကောင်းမှု၊ အမှတ် ၉၆၂၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၁၀။ | ဒေါက်တာခင်သန္တာထွန်း မွေးနေ့ကောင်းမှု၊ အမှတ် ၉၆၂၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၁။ | မသီရိနို မွေးနေ့ကောင်းမှု၊ အမှတ်(၁၉)၊ (2/A)၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၂။ | ဦးသန်းမောင် အသက်(၈၀)ပြည့်မွေးနေ့-ဒေါ်ကျင်ယုံ ကောင်းမှု၊ အမှတ်(၉၂၁/၉၂၂)၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၁၃။ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း(ငြိမ်း)နှင့် ဇနီး-ဒေါ်ရီရီဝင်းမိသားစုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၁၄။ | ဦးတင်ဦး-ဒေါ်မြဆင့်၊ သားကြီး-ဗိုလ်ကြီးထင်လင်းအောင်၊ သားငယ်-ဝေလင်းအောင်မိသားစုကောင်းမှု၊ အမှတ် ၆၄၄၊ ဗိုလ်မင်းရောင်လမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၅၀၀၀၀၀ိ/- |
| ၁၅။ | အဘွား-ဒေါ်အုန်းကြည်(ခ)အဘွား အေးသာ မိသားစု ကောင်းမှု၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ အဘွားဆောင် | ၁၀၀၀၀၀ိ/- |
| ၁၆။ | အဘိုး PM ဘာရာဒွါဂျာနှင့်အဘွား PW ဘာရာဒွါဂျာတို့ အားရည်စူး၍ မြေးများဖြစ်ကြသော ဦးခင်မောင်ဦးနှင့် ညီမ-ဒေါ်သီတာကောင်းမှု | ၂၀၀၀၀၀ိ/- |
| ၁၇။ | အဘိုးMr.BM BHARA DWAJA နှင့် အဘွား Mrs.VW BHARA DWAJA တို့အားရည်စူး၍ မြစ်များဖြစ်ကြသော ဦးခင်မောင်ဦးနှင့် ညီမ-ဒေါ်သီတာတို့မှ လှူဒါန်းပါသည်။ | ၂၀၀၀၀၀ိ/- |
| ၁၈။ | ၁၉-၄-၁၉၉၂ခုနှစ်က ကွယ်လွန်ခဲ့သော ဗိုလ်မှူး-ခင်ညွှန့် (ကြည်း-၁၁၁၅၁)(ငြိမ်း)အားရည်စူး၍ ရန်ကုန်မြို့နေ ညီ-ဦးခင်မောင်ဦးမှ လှူဒါန်းပါသည်။ | ၁၀၀၀၀၀ိ/- |
| ၁၉။ | မိခင် Dr.အင်ဒီရာ ဘာရာဒွါဂျာနှင့် ဖခင် Dr.JR ဘားမားတို့အားရည်စူး၍ သားနှင့်သမီးများဖြစ်ကြသော ဦးခင်မောင်ဦးနှင့် ညီမ-ဒေါ်သီတာတို့မှလှူဒါန်းပါသည်။ | ၂၀၀၀၀၀ိ/- |
| ၂၀။ | ဘိုးလေးMr.G BHARA DWAJA နှင့် ဘွားလေး Miss.VL BHARA DWAJA တို့အား ရည်စူး၍ မြေးများဖြစ်ကြသော ဦးခင်မောင်ဦးနှင့် ညီမ-ဒေါ်သီတာတို့မှလှူဒါန်းပါသည်။ | ၂၀၀၀၀၀ိ/- |
| ၂၁။ | မိဘများဖြစ်ကြသော ဦးသာဒိုးအောင်-ဒေါ်ကျင်ထွေးတို့အား ရည်စူး၍ သား-ဦးစောမြင့်မိသားစုကောင်းမှု၊ အမှတ်(၁၉/၃)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၂။ | မိဘများဖြစ်ကြသော ဦးသာဒိုးအောင်-ဒေါ်ကျင်ထွေးတို့အား ရည်စူး၍ သမီး-ဒေါ်ခင်စန်းမြင့် ကောင်းမှု၊ အမှတ်(၁၉/၃)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၃။ | မိဘများဖြစ်ကြသော ဦးသာဒိုးအောင်-ဒေါ်ကျင်ထွေးတို့အား ရည်စူး၍ သားငယ်-ဦးဇော်ဝင်းမြင့်-ဒေါ်ထွေးထွေးဇံ သား-မောင်အေးချမ်း၊ မောင်ငြိမ်းချမ်း၊ သမီး-သိမ့်သိမ့်သုန်၊ မြေး-ဇံစစ်ငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၂၄။ | ကျေးဇူးရှင်ဘိုးဘွားမိဘများအားရည်စူး၍ သမီး-ဒေါ်နန်းမြသန်းငွေ (၅၈)နှစ်ပြည့် မွေးနေ့ကောင်းမှု၊ အမှတ်(၂၄)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၅။ | ကွယ်လွန်သောမိဘ၊ အစ်မများနှင့် မခင်ဝင်းတို့အတွက် ရည်စူး၍ ကိုသက်ဦး မိသားစုကောင်းမှု၊ အမှတ်(၅၅)၊ သဘော်ကျင်း(၇)လမ်း၊ အောက်ဒေါပုံမြို့နယ် | ၃၀၀၀၀၀ိ/- |
| ၂၆။ | ဒေါက်တာအရှင်ဇောတိကကောင်းမှု၊ သာသနဓဇဓမ္မာ စရိယ MA (Srilanka) Ph.D(India) ဗန်းမော်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၂၀၀၀၀၀ိ/- |
| | | ၃၀၀၀၀၀ိ/- |
| ၂၇။ | ဦးမြမောင်-ဒေါ်မေယာ၊ အမှတ် ၂၃၊ ဖိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | |
| ၂၈။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ကွယ်လွန်သူ ဆရာဦးသာစိန်၊ သား-မောင်သိန်းမြိုင်၊ မောင်မျိုးမြင့်၊ မြေး-ဝေယံမျိုးတို့အားရည်စူး၍ မိခင်ကြီး ဖွားမြင့်သိန်းနှင့်သားသမီးမြေးမြစ်တစ်စုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၂၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးထွန်း-ဒေါ်သိန်းရီ အစ်ကိုကြီး-ကိုစောထွန်းသိန်းတို့အားရည်စူး၍ ဦးသန်းထွန်း-ဒေါ်သိန်းသိန်းဆွေ၊ သမီး-မချိုလှဲ့မိသားစု ကောင်းမှု၊ အမှတ်(၅၁/H)၊ သဘော်ကျင်းလမ်း၊ ဒေါပုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃၀။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးထွန်း-ဒေါ်သိန်းရီ အစ်ကိုကြီး-ကိုစောထွန်းသိန်း တို့အားရည်စူး၍ ဗိုလ်မှူးအောင်အောင်-ဒေါ်ခင်ဇာညီမိသားစုကောင်းမှု အမှတ် (၅၁/H)၊ သဘော်ကျင်းလမ်း၊ ဒေါပုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃၁။ | ဖခင်ကြီး(ဦးစိန်မင်း)-မိခင်ကြီး(ဒေါ်သောင်း)နှင့် ပါမောက္ခဌာနမှူး၊ (ဒေါ်လင်းလင်းခိုင်-ငြိမ်း)တို့အားရည်စူး၍ ရှင်ဉာဏိဿရ အမှူးထား၍ ဗိုလ်ကြီးဝင်းကြူ+ဒုဗိုလ်မှူးကြီး ဒေါ်ခင်မြဝင်း(ငြိမ်း)နှင့်မောင်နှမတစ်စုကောင်းမှု၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ် | ၁၁၀၀၀၀ိ/- |
| | စုစုပေါင်း | ၈၀၃၀၀၀၀ိ/- |

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ သီရိကျော်စွာလမ်း၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်တွင် ဒေါ်ခင်သီတာတင့် ၁၂/ဗတထ(နိုင်)၀၀၃၇၂၀သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ မြို့မဈေးရှိ ဆိုင်ခန်းအမှတ် (ပ-၁၄၀)၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား အာမခံအဖြစ်တင်သွင်း၍ ငွေချေးယူခဲ့ပါသည်။

ဒေါ်ခင်သီတာတင့်သည် ၁၉-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သဖြင့် ဇမ္ဗူသီရိမြို့နယ်၊ ဓေယျာသိဒ္ဓိရပ်ကွက်၊ မြို့မဈေး၊ ပွဲရုံတန်းအမှတ် (ပ-၁၄၀)နေ ဦးအောင်နိုင်ဦး၏ သမီး ဒေါ်ခင်ပန်းနုခိုင် ၁၂/ဗတထ(နိုင်)၀၄၀၃၁၆ မှ ချေးငွေအရင်းအတိုးများကို ၃၀-၅-၂၀၁၆ ရက်တွင် ပြေကျေစွာပေးဆပ်ပြီး ဒေါ်ခင်သီတာတင့်၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူ သမီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ဈေးများဌာန၏ ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ သေစာရင်းတို့ကိုတင်ပြပြီး ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ ပြန်လည်ထုတ်ယူရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူသည် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်တို့၏ ဘဏ်သို့ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန် (စဉ်-၃၅၀၈/၈၅) (တရားလွှတ်တော်ရှေ့နေ)**
**နေပြည်တော်စည်ပင်ဘဏ်ရှေ့နေ**
**အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊**
**မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆**

## Teacher Nila New SAT, TOEFL IELTS

**ဖုန်း-၀၉-၅၁၂၈၇၉၉၊ ၀၉-၉၆၅၁၂၈၇၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/6613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၆၊ ဦးပိုင်အမှတ် ၈၂၊ ၆၂×၆၃၊ ကနောင်မင်းသားကြီး၊ မက္ခရာလမ်းကြားရှိ ဗိုလ်မှူးသန်းဇော်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်ရွှေ ၉/တတဉ(နိုင်)၀၄၄၀၄၂မှ မြေချထားမိန့်ငွေသွင်းပြေစာမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၄၊ ဦးပိုင် အမှတ် ၁၁၊ ၄၆×၄၇၊ မြတ်လေး×ပိတောက်ကြားရှိ ဦးတင်ထွန်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးအောင်ဂျာ ၁/မကန(နိုင်)၁၄၄၀၅၀မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်၊ ဒေါ်အုံးရွှေ၏ပိုင်ဆိုင်မြေပုံကူးတွင်ဒေါ်အုံးရွှေအစားဒေါ်အုန်းရွှေ(၁၂/ရကန(နိုင်)၀၅၅၄၃၈)ဟုအမှန်ဖတ်ရှုပါရန်။

Number One Directory in Myanmar
The YANGON DIRECTORY The MANDALAY DIRECTORY ဘာပဲလိုလို Everything U Need



- Alexa Ranking ဆိုသည်မှာ အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Amazon လက်အောက်ရှိ Alexa ကုမ္ပဏီမှ သတ်မှတ်သော Website တစ်ခု၏နေ့စဉ်ဝင်ရောက်ကြည့်ရှုသူဦးရေ ပျမ်းမျှအရေအတွက်ကို သုံးလအတွင်းဝင်ရောက်ကြည့်ရှုမှုနှုန်းနှင့် ပေါင်းစပ်တွက်ချက်၍ အဆင့်သတ်မှတ်ပေးခြင်းဖြစ်ပါသည်။
- Alexa Ranking အရ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် Website သည် မြန်မာနိုင်ငံ ရှိ ကြည့်ရှုအသုံးပြုနှုန်းအမြင့်ဆုံး Online လမ်းညွှန် ဖြစ်သည့် မြန်ဆန်သော Website တစ်ခု ဖြစ်ပါသည်။
- Website တွင်သာမက လမ်းညွှန်စာအုပ်နှင့် Mobile App ထဲမှာပါ ဝင်ရောက်ရှာဖွေနိုင်ဖို့...

ကြည့်ရှုသူအများဆုံး online လမ်းညွှန်

ယခုပင်ဆက်သွယ်လိုက်ပါ... SALES:09448001662 | 02-4000611
www.yangondirectory.com | www.mandalaydirectory.com

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဝင်း (ရေကြည်)

**အသက်(၉၁)နှစ်**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်းတို့၏ ဖခင်ဖြစ်သူ ဦးသိန်းဝင်း(ရေကြည်)သည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

## ဒေါ်လှကျင်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ပုညဝမုန လမ်း၊ အမှတ် ၁၀နေ (ဦးအညီး-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဒေါ်အုံးကြည်၊ ဒေါ်ခင်သိန်းတို့၏အစ်မ၊ ဦးအုန်းသွင်(MOGE-SCHLUMBERGER၊ ငြိမ်း)-ဒေါ်သန်းသန်းဝင်း(MOGE၊ ငြိမ်း)၊ ဦးကြည်ဝင်း-ဒေါ်စမ်း၊ ဦးအုန်းတင့်-ဒေါ်ဘေဘီဝင်း၊ ဦးမြင့်အုန်း-ဒေါ်လှလှဝင်း၊ ဒေါ်မာမာဝင်း၊ ဦးဝင်းနိုင်-ဒေါ်စမ်းစမ်းဝင်း၊ ဦးမျိုးထွဋ်(၈၆၉၃-GL)-ဒေါ်မာမာလွင်၊ ဒေါက်တာဒေါ်လှဲ့လှဲ့နိုင် (သတ္တဗေဒဌာန)၊ ဦးကျော်စွာလင်း-ဒေါ်အိအိမော်တို့၏မိခင်ကြီးသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ဝဝး၅ဝနာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

## ဒေါ်လှကျင်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ပုညဝမုန လမ်း၊ အမှတ် ၁၀နေ (ဦးအညီး-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဦးရန်နိုင်ထွန်း-ဒေါ်သန်းသန်းစိုး၊ မချိုချိုသက်၊ ဒေါက်တာကျော်ဇင်ထွဋ်(ရန်ကုန်တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးရုံး) - ဒေါက်တာသက်ထားရွှေစင်(တောင်ဥက္ကလာ မိခင်နှင့်ကလေးဆေးရုံ)၊ မောင်အောင်ရဲသူ(Royal Modern Funniture)၊ မဟန်နီထွန်း၊ မမျိုးသူဇာလွင်(သုံးခွကျေးရွာဦးစီးရုံး)၊ မချစ်ပြုံးဇင်၊ မောင်ကျော်လင်းထွန်း၊ မောင်နိုင်လင်းထွန်း၊ မအင်ကြင်းခိုင်၊ မဟန်ငြိမ်းအေး၊ မောင်ရဲရင့်ဇော်၊ မလဝန်းအိမ်၊ မလရိပ်ချိုတို့၏အဘွား၊ မောင်ထွဋ်ခေါင်လွမ်း၊ မောင်ကောင်းမွန်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ဝဝး၅ဝနာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

## ဦးသန်းတင်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊အောင်သစ္စာ(၁)လမ်း၊ အမှတ် ၃၅/ခနေ (ဒေါ်ဖြူမ)၏ခင်ပွန်း၊ ဦးစိန်သာထွန်း-ဒေါ်ဥဝင်းကြည်၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းဝေ၊ ဦးသန်းဝင်း-ဒေါ်နီလာခိုင်၊ ဦးလှရွှေ-ဒေါ်ခင်အေးရွှေ၊ ဦးမောင်လှ-ဒေါ်ခင်လေးမြိုင်၊ ဦးသိန်းလင်း-ဒေါ်အေးအေးနိုင်၊ ဦးမောင်မောင်ကျော်-ဒေါ်ငွေငွေနိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၈နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမိုးဆွေ

**အသက်(၅၇)နှစ်**

ဟင်္သာတမြို့နေ (ဦးအုန်းဖေ-ဒေါ်သန်းညွန့်)တို့၏သား၊ (ဦးစိုင်းငွေသောင်း)-ဒေါ်နန်းမေကြင်၊ ဦးထွန်းလွင်-(ဒေါ်မေရှင်)၊ ဦးမောင်မောင်-ဒေါ်နန်းကြူးကြူး၊ (ဦးကျော်ရင်)-ဒေါ်တင်မာကြည်၊ (ဦးဆွေတင့်)-ဒေါ်ကြူကြူအေးတို့၏မောင်/ညီ၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေးသည် ၁၂-၆-၂၀၁၆ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## တော်ရာရှိ(ခ)ဒေါ်မြ(ကျွဲပွဲ)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၈၂နေ (ဦးရှမ်းပေါ်)၏ဇနီး၊ ဒေါ်ခင်မာ၊ ဦးအောင်ရွှေ-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိုးမြင့်-ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်စန်း-ဒေါ်ရင်ရင်မြင့်၊ (ဦးဟုတ်ကြည်)-ဒေါ်ခင်မိုးသိန်း၊ ဒေါ်ဖြူဖြူစန်း၊ ဒေါ်လှလှထွေးတို့၏မိခင်၊မြေး၁၀ယောက်တို့၏အဘွားသည်၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရေဝေးတရုတ်ဖူကျန့်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုမာအေး

**(ကော့ကရိတ်မြို့)**

**အသက်(၄၈)နှစ်**

ကော့ကရိတ်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂၄၉နေ ဦးမောင်ကြိုင်-(ဒေါ်နွဲ့ရီ)တို့၏သမီး၊ ကော့ကရိတ်မြို့နေ (ဦးအောင်ဝှက်)-ဒေါ်စိန်လှိုင်တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ၅၇လမ်းထိပ်၊ အမှတ် ၁၁၀(သုံးလွှာ)နေ ဦးအောင်မော်၏ဇနီး၊ မောင်ခွန်ပန်းသာ($2^{nd}$ M.B ဆေး-၁)၊ မနန်းငွေစိန်(အထက-၁၊ ဒဂုံ)၊ မနန်းသန်းတင် (တက္ကသိုလ်ဝင်တန်း-B၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော မိခင်သည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းဝင်း (ရေကြည်)

**အသက်(၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ (ဦးဘတင်-ဒေါ်ညို)တို့၏သား၊ (ဦးလှကွန့်)-ဒေါ်ကြင်တို့၏မောင်၊ (ဦးကြီးစိန်-ဒေါ်တင်ရီ)၊ ဦးစောထွန်း-(ဒေါ်မြစီ)တို့၏အစ်ကို၊ ဦးသန်းနိုင်(ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ရီရီဝင်း(နည်းပြအရာရှိ၊သမဝါယမဦးစီးဌာန)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဦးထွန်းမင်းနိုင်(ထောင်မှူး၊ အကျဉ်းဦးစီးဌာန)-ဒေါ်အေးမူဝင်း(ကျောင်းဆရာမ)၊ ဦးငွေးနိုင်ဝင်း(မက်စ်မြန်မာကုမ္ပဏီ)-ဒေါ်ကေသီနွယ်(UAB Bank)၊ ဦးထွန်းနိုင်ဝင်း-ဒေါ်မိုမိုအိ(ကျောင်းဆရာမ)တို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်စန်းရီ၏ခင်ပွန်းသည် ၁၂-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီတွင် ရေကြည်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေကြည်တောင်လည်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သောင်း (မိတ္ထီလာ)

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၁၀(ငါးလွှာဘီ)နေ (ဦးဝင်းမောင်)၏ဇနီး၊ (ဦးဖေသန်း)-ဒေါ်ကြည်ရင်၊ (ဦးတင်အုန်း-ဒေါ်ကြည်လင်)၊ (ဦးအောင်သိန်း)-ဒေါ်ကြည်ခင်၊ (ဦးလှမြင့်)-ဒေါ်ကြည်တင်၊ (ဦးချစ်ဆွေ)-ဒေါ်ဟန်တင့်၊ ဦးကြည်ဝင်း-ဒေါ်ခင်ထွေး၊ ဦးဘသောင်း-(ဒေါ်ကြည်ကြည်မြင့်)၊ ဦးငွေးဝင်း-ဒေါ်ဝင်းကြည်၊ ဦးခင်မောင်မြင့်-ဒေါ်ငွေးရီ၊ (ဦးကျော်စိုး)-ဒေါ်ထွေးရီ၊ ဒေါ်ခင်ရီ၊ ဦးမေတ္တာ-(ဒေါ်ခင်ထွေး)၊ (ဦးခင်မောင်ထွေး)တို့၏မိခင်၊ မြေး ၅၂ယောက်၊ မြစ်၊ တီတို့၏အဘွားသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဝေ (မြိတ်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၂၉နေ (ဦးအောင်မြင့်)၏ဇနီး၊ ဒေါ်ခင်စန်းရီ(SAT-ငြိမ်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း)၊ (ဦးအေးကြွယ်)၊ ဒေါ်ခင်မြသွယ်(79-Chem-Ladyngenge)တို့၏မိခင်၊ ဒေါ်မြင့်မူ(အလက-၄၊ စမ်းချောင်း-ငြိမ်း)၊ ဦးဘကြည်တို့၏အဒေါ်သည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆း၄၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်တင်ရွှေ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂လုံးတန်း၊ တိုက် ၂၀၃၊ အခန်း ၁နေ(ဦးအောင်ရှိန်-ဒေါ်စော)တို့၏သမီး၊ မြိတ်ဆရာတော် ဦးဇောတိက၏အစ်မ၊ (ဗိုလ်ကြီးသန်းမောင်)၏ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)-ဒေါ်ခင်သန်းဦး၊ ဦးကျော်စိုး၊ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်နီနီမာတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကျေးဇူးတင်ရှိခြင်း**

## ဦးစိန်မောင်

**G.T.I သရုပ်ပြ(ငြိမ်း)**

**အသက်(၇၇)နှစ်**

၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားခဲ့သော ဆရာကြီး ဦးစိန်မောင် G.T.I သရုပ်ပြ(ငြိမ်း)၏ နာရေးကိစ္စအဝဝနှင့်ဈာပနသို့ လိုက်ပါပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ဌာနဆိုင်ရာမှ လူကြီးမင်းများနှင့် ဝန်ထမ်းများ၊ G.T.I ကျောင်းမှဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၊ ဝေယျာဝစ္စဆောင်ရွက်ပေးခဲ့ကြသူများ၊ ဖုန်းဖြင့် ဆက်သွယ်သတင်းမေးမြန်းကြသူများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ နာရေးလိုက်ပါပို့ဆောင်ပေးကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်စန်းမေ

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့နေ ဦးတင့်-ဒေါ်ထွေးတို့၏သမီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျဉ်းတန်း တောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၄၃နေ (ဦးလှထွန်း) (ရန်ကုန်တိုင်းဥပဒေရုံး)၏ချစ်လှစွာသောဇနီး၊ ဦးညွန့်အောင်-ဒေါ်လဲ့လဲ့ဦး (စာရင်းကိုင်-၁၊ လမ်းဦးစီးဌာန၊ သာယာဝတီခရိုင်)၊ ဦးနိုင်ဝင်း-ဒေါ်မိုးသီတာမြင့်၊ ဒေါ်ဖြူနုခိုင်၊ ဦးဇော်ဇော်အောင်(ထွန်းဖောင်ဒေးရှင်းဘဏ်)-ဒေါ်မိုးမိုးမော်(ဘဏ်ခွဲ-၂)တို့၏ချစ်လှစွာသောမိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုမာအေး

**(ကော့ကရိတ်မြို့)**

**အသက်(၄၈)နှစ်**

ကော့ကရိတ်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂၄၉နေ ဦးမောင်ကြိုင်-(ဒေါ်နွဲ့ရီ)တို့၏သမီး၊ ကော့ကရိတ်မြို့နေ (ဦးအောင်ဝှက်)-ဒေါ်စိန်လှိုင်တို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးအောင်မော်၏ ဇနီး၊ ဦးလှငွေ-ဒေါ်မျိုးမျိုးအေး၊ ဦးလျှိုရုံစု-ဒေါ်ဖြူနွယ်အေးတို့၏ညီမ၊ ဦးကျော်ဇေယျ-ဒေါ်ချိုချိုအေး၊ ဒေါ်နန်းကြူကြူအေး၊ ဦးခွန်သန်းယု-ဒေါ်ခင်နှင်းဖြူ၊ ဒေါ်နန်းနီလာအေးတို့၏အစ်မ၊ မောင်ခွန်ပန်းသာ၊ မနန်းငွေစိန်၊မနန်းသန်းတင်တို့၏ချစ်လှစွာသောမိခင်သည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြကျင်

**အသက်(၉၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နဲသမိန်ကျေးရွာနေ (ဦးဖိုးကျော့-ဒေါ်လှယဉ်)တို့၏သမီး၊ (ဦးသာအေး - ဒေါ်မယ်မောင်)တို့၏ ချွေးမ၊ (ဦးတင်ရှိန်)၏ဇနီး၊ ဦးတင်မြင့်(လှိုင်သာယာ)တို့၏အစ်မ၊ ကျောက်မြောင်းနေ ဦးသိန်းအောင်-ဒေါ်မြသီ၊ ဦးတင်သိန်း-ဒေါ်တင်တင်ဝေ၊ (ဦးကြိုင်ဝင်း)-ဒေါ်တင်တင်မြ၊ ဦးမြင့်ဦး-ဒေါ်စိန်အေး၊ ဦးအေးကျော် - ဒေါ်တင်စိန်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် သစ္စာဝါရီလမ်း၊ အမှတ် ၄၂၈ (မြေညီ)တွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၄၂၈(မြေညီ) နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးသိန်းဝင်း (ရေကြည်)

**အသက်(၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ (ဦးဘတင်-ဒေါ်ညို)တို့၏သား၊ ဦးသန်းနိုင် (ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ရီရီဝင်း(နည်းပြအရာရှိ၊ သမဝါယမဦးစီးဌာန)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း - ဒေါ်ကြည်ကြည်ထွန်း၊ ဦးထွန်းမင်းနိုင်(ထောင်မှူး၊ အကျဉ်းဦးစီးဌာန) - ဒေါ်အေးမူဝင်း (ကျောင်းဆရာမ)၊ ဦးငွေးနိုင်ဝင်း(မက်စ်မြန်မာကုမ္ပဏီ)၊ ရေကြည်မြို့နယ်အသင်း (ရန်ကုန်) ဒုဥက္ကဋ္ဌ - ဒေါ်ကေသီနွယ် (UAB Bank)၊ ဦးထွန်းနိုင်ဝင်း-ဒေါ်မိုမိုအိ(ကျောင်းဆရာမ)တို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်စန်းရီ၏ခင်ပွန်းသည် ၁၂-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီတွင် ရေကြည်မြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေကြည်တောင်လည်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်ကြင်ယုံ (ဖျာပုံမြို့)

**ကျောင်းအုပ်ကြီး၊ (ငြိမ်း)**

**(B.A.Ed), (B.Ed), (M.E.d)**

**အသက်(၈၃)နှစ်**

ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ပထမလမ်း၊ အမှတ် ၂နေ (ဦးကျင်စီ-ဒေါ်နှင်းအုံ)တို့၏သမီး၊ (ဦးသိန်းစိုး၊ တပ်မတော်-လေ၊ ငြိမ်း)၏ဇနီး၊ မထူးထူးအောင်၊ မနှင်းနွယ်အေး - ကိုမျိုးဆက် (G.L Fashion)တို့၏မိခင်၊ မဆောင်းပျိုးနှင်း၏အဘွားသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းမြင့် (ဝင်းဝင်း)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်နေ (ဦးမောင်မောင်-ညောင်အုပ်ထိပ်တင်မြတ်)၊ ဇဟန်းမြို့နယ် (ဒေါ်ငွေဘော်)တို့၏မြေး၊ ဦးညွန့်မောင်-ထိပ်တင်ထား(ခ)ကြီးကြီးတာ၊ ကုန်သွယ်ရေး၊ လသာ]တို့၏ သား၊ (ဦးကျော်မြင့်-ဒေါ်မြိုင်မြိုင်)တို့၏သားသမက်၊ ထိပ်တင်နွဲ့၊ ထိပ်တင်ဖြူ၊ ထိပ်တင်မောင်၊ ထိပ်တင်မတို့၏တူ၊ ဒေါ်လဲ့လဲ့၊ ဗိုလ်မှူးကြီးငွေးအောင်(ငြိမ်း)-ဒေါ်ခင်အုန်းစမ်းတို့၏ညီ/မောင်၊သီပေါမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး - ဒေါ်ပြည့်ပြည့်ဝန်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ စိုးမင်းအေး-မဝိုင်းစန္ဒာ၊ မအင်ကြင်းတို့၏ဖခင်၊ မောင်စွမ်းပြည့်ဦး(ခ)ကဲကဲ (ပထမနှစ်၊ ဒဿနိကဗေဒ၊ လားရှိုးတက္ကသိုလ်)၊ မောင်ဖွဲ့ကိုကို၊ မောင်ဟိန်းထက်ညာဏ်တို့၏အဘိုး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အပိုင်း(၅)ရပ်ကွက်၊ ငမိုးရိပ် ၃လမ်း၊ အမှတ်(၇၁၀) Aနေ ဒေါ်သန်းသန်း (Production Supervisor Orange Supermarket Creation Myanmar Company)တို့၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၄နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇိနေသက**

**အသီတိမဟာစည်ကမ္မဋ္ဌာနာစရိယ**

**သက်တော်(၆၇)နှစ် သိက္ခာတော်(၄၇)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၁၄ လမ်း၊ အသီတိကျောင်းတိုက်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇိနေသကသည် (၁၃၇၈ခုနှစ် နယုန်လဆန်း ၇ရက်) ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၃ရက်) ၁၈-၆-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အသီတိကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဆရာတော်၏တပည့်ဒါယကာ၊ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကေသရ

**သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၆)နှစ်**

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊(၆/၁၀)ရပ်ကွက်၊သံလွင်လမ်း၊ မင်္ဂလာရံသီဝါဆိုကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရသည် (၁၃၇၈ခုနှစ် နယုန်လဆန်း ၇ရက်) ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် နယုန်လဆန်း ၉ရက်) ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှတပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မင်္ဂလာရံသီဝါဆိုကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## အရှင်ဂုဏပီယ

**သီပေါမြို့နယ်၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်**

**သက်တော်(၅၂)နှစ်၊ သိက္ခာတော်(၃၂)ဝါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်မှ အရှင်ဂုဏပီယသည် (၁၃၇၈ခုနှစ် နယုလဆန်း ၇ရက်) ၁၂-၆-၂၀၁၆ရက် ညနေ ၆း၁၅နာရီတွင် သီပေါမြို့ ပြည်သူ့ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နယုန်လဆန်း ၉ရက်) ၁၄-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် သီပေါမြို့ ပြည်သူ့ဆေးရုံမှ နမ့်မိန်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များနှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အရှင်ဂုဏပီယအားရည်စူး၍ ၁၈-၆-၂၀၁၆ရက် နံနက်တွင် ဘော်ကြိုကျောင်းတိုက်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်ပါမည်။]

ဈာပနကျင်းပရေးကော်မတီ

---

## ဦးအောင်ချင်ဆက်(ခ)ဦးတင်အေး

**ဥက္ကဋ္ဌ (သီလဝဏ်ကုမ္ပဏီ)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈၊ ခေမာလမ်းနေ ဒေါ်ခင်မွေး၏ခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်သန်းသန်းငွေး၊ ဦးတင်ဝင်း(မန်နေဂျင်းဒါရိုက်တာ၊ သီလဝဏ်ဝန်ဆောင်မှုကုမ္ပဏီနှင့် Jasper Motor ကုမ္ပဏီ)-ဒေါ်ကြ္ကနီလာဦးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသ င်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှမောင် (သုဝဏ္ဏ)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၅-ယာ)၊ တိုက် ၈၉၊ အခန်း ၆နေ (ဦးသာဇံ-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးဘသော်-ဒေါ်စောမြ)တို့၏သားသမက်၊ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ (ဦးခင်အေး)-ဒေါ်ပြုံး၊ ဦးကံလှိုင်-ဒေါ်နွယ်နွယ်ဆွေ၊ (ဦးစိုးလွင်)-ဒေါ်စန်းရီ၊ ဒေါ်ကြည်ကြည်သန်း(မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန)၊ ဦးတင်စိုး-ဒေါ်အေးအေးသန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၇ယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၆ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နှင်းနှင်း

**ကထိက(ပညာရေးစိတ်ပညာဌာန)**

**ရန်ကင်းပညာရေးကောလိပ်**

**အသက်(၅၁)နှစ်**

ရေနံချောင်းမြို့၊ သပြေပင်ကျေးရွာနေ (ဦးစိုးမောင် - ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမြင့်ဆွေ၊ တွဲဖက်ပါမောက္ခ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်-ဒေါ်ကျင်ငွေး)၊ ဦးနေဝင်း(လက်ထောက် စက်ရုံမှူး၊ Max ဘိလပ်မြေစက်ရုံ)၊ ဦးသန်းထွန်း-ဒေါ်အေးစမ်း၊ ဒေါ်ခင်မာရီတို့၏ညီမ၊ ဦးဆန်းမင်း၏အစ်မ၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေး ခြောက်ယောက်တို့၏အဘွားလေးသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက်B၊ အခန်း၁၊ အရာရှိအိမ်ရာ၊ ရန်ကင်းပညာရေးကောလိပ်ဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးလှမြင့်

**လေ-၈၃၃၂**

**(လေကြောင်းဆေးပညာဌာန၊ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ က/ရပ်ကွက်၊ မေယု ၆လမ်း၊ အမှတ် ၂၈နေ (ဦးဘချစ်-ဒေါ်သိန်း)တို့၏သား၊ ဒေါ်စောပု၏ခင်ပွန်း၊ ဒေါ်ထွေးရှင်၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးဝင်းထွန်းမြင့်(အရိုးပါရဂူ၊ အောင်ပန်း ခုတင်-၇၀၀ ဆေးရုံ)-ဒေါက်တာသန္တာဦး(မေ့ဆေးပါရဂူ)၊ဒေါ်ညိုညိုမြင့်၊ဒေါက်တာအေးသိန်းမြင့်(သမားတော်၊လောက်ကိုင်ပြည်သူ့ဆေးရုံ)-ဒေါ်အိအိကျော်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၆ရက်(စနေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ က/ရပ်ကွက်၊ မေယု ၆လမ်း၊ အမှတ် ၂၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗီယက်နမ်၊ မြန်မာတို့နှင့် ထိစပ်နေသော ယူနန်ပြည်နယ်သည် စီးပွားရေးအချက်အချာ ဖြစ်လာမည်ဟု တရုတ်ရှုမြင်

စာမျက်နှာ - ၁၀

သမ္မတသစ်၏ နိုင်ငံခြားရေးမူဝါဒသည် အမေရိကန်ကို ကမ္ဘာ့အင်အားကြီး နိုင်ငံအဖြစ် ဆက်လက် ရပ်တည်စေနိုင်ပါမည်လား

စာမျက်နှာ - ၁၁

မီးရှူးလွှတ်ရန် ယမ်းစနက်တံထည့်သွင်းရာမှ ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး သုံးဦးဒဏ်ရာရ

စာမျက်နှာ - ၁၃

ကောလင်းမြို့နယ်၌ တစ်ပတ်အတွင်း ပုံးသီးနှစ်လုံးတွေ့ရှိ

စာမျက်နှာ - ၁၃

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၏ အားမာန်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-အောင်ကျော်ဦး




ရတီဆိပ်ကမ်းသို့ သင်္ဘောနှင့် သမ္ဗန်များ တစ်စင်းပြီးတစ်စင်း ဆိုက်ကပ်လာသည်ကို တွေ့ရသည်။ စက်တပ်လှေငယ်များ၊ ကုန်တင်ရေယာဉ်များ၊ ခရီးသည်တင်ရေယာဉ်များက ဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီး ခရီးသည်နှင့် ကုန်ပစ္စည်းများချနေသည်ကိုကြည့်ရင်း ကျောက်တော်မြို့သည် ရေလမ်း၊ ကုန်းလမ်းနှစ်ခုလုံး ဆက်သွယ်သွားလာမှု ကောင်းမွန်ကြောင်း သတိပြုမိသည်။ ရခိုင်ပြည်နယ်ရှိ ကျောက်တော်မြို့က ကစ္ဆပနဒီမြစ်ကမ်း၌ တည်ရှိသဖြင့် သာမောဖွယ်ကောင်းလေသည်။

ကျောက်တော်မြို့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ မြောက်ဘက် ၆၅ မိုင်ခန့်အကွာ၌ တည်ရှိပြီး ကစ္ဆပနဒီမြစ်အနောက်ဘက်ကမ်းပေါ်တွင် မေးတင်လျက်ရှိကြောင်း တွေ့ရသည်။ အရှေ့မှ အနောက်သို့ ၁၉ မိုင်၊ မြောက်မှတောင်သို့ ၃၅ မိုင်အကွာတွင်ရှိကာ ဧရိယာစတုရန်းမိုင် ၆၇၅ ဒသမ ၅၅ မိုင် ကျယ်ဝန်းကြောင်း သိရသည်။ ဗုဒ္ဓဘုရားရှင် ယာယီကိန်းဝပ်စံပယ်တော်မူခဲ့သော ကျောက်တောင်ကို အစွဲပြုပြီး ကျောက်တော်မြို့ဟု ခေါ်တွင်ခဲ့ကြောင်း မှတ်သားခဲ့ဖူးသည်။

ကျောက်တော်မြို့တွင် အစည်ကားဆုံးလမ်းမှာ ကမ်းနားလမ်းဖြစ်ပြီး ရတီဆိပ်ကမ်း၊ ကျောက်တော်

**ကျောက်တော်မြို့အနီး ကစ္ဆပနဒီတံတားကို တွေ့ရစဉ်**

မြို့မဈေးတို့ တည်ရှိနေရာ ဈေးရောင်းဈေးဝယ်များ၊ အနီးဝန်းကျင် မြို့၊ ရွာများမှ ကုန်ပစ္စည်းများ တင်ပို့ရောင်းချဝယ်ယူသူများဖြင့် စည်ကားနေတတ်သည်။ အထူးသဖြင့် ရတီဆိပ်ကမ်း ဆိပ်ခံတံတားမှနေ၍ တသွင်သွင်စီးဆင်းနေသော ကစ္ဆပနဒီမြစ်၊ ကျောက်တော်တောင်စေတီ၊ ကစ္ဆပနဒီမြစ်ကူးတံတားတို့ကို မြင်တွေ့ရသည်။

မြေပြန့်ရှိပြီး မြစ်ချောင်းများ ဖြတ်သန်းစီးဆင်းရာ ဒေသဖြစ်သဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းကာ စပါး၊ ပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို ကျောက်တော်မြို့အနီးဝန်းကျင်နှင့် ကျောက်တော်မြို့နယ်အတွင်း အဓိကစိုက်ပျိုးထုတ်လုပ်ကြသည်။ စိုက်ပျိုးထွက်ရှိသမျှ ထုတ်ကုန်များကို မြို့နယ်အတွင်း စားသုံးသည်သာမကဘဲ စစ်တွေမြို့နှင့် ရန်ကုန်မြို့အထိ တင်ပို့ရောင်းချသည်။ စပါးကို အဓိကစိုက်ပျိုးသည့်

စာမျက်နှာ ၈ ကော်လံ ၁

# မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၆ ပြိုင်ပွဲ နိုင်ငံတစ်ဝန်းအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီ

**သတင်း - မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

ရန်ကုန် ဇွန် ၁၃

အလှမယ်၊ မင်းသမီး နန်းခင်ဇေယျာအား မွေးထုတ်ပေးခဲ့သော မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲကြီးမှ ယခု ၂၀၁၆ ခုနှစ်စက်တင်ဘာလအတွင်း ကျင်းပမည့် ပြိုင်ပွဲကြီးတွင် နိုင်ငံတစ်ဝန်း လှပျိုဖြူများ စတင်ဝင်ရောက်အရွေးချယ်ခံ ယှဉ်ပြိုင်နိုင်ပြီဖြစ်ကြောင်း ယနေ့ ညနေ ၃နာရီတွင် ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသောစာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော်တို့ ဒီနှစ်ကျင်းပမယ့် မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၆ ပြိုင်ပွဲဟာ ပဉ္စမမြောက်ကျင်းပမယ့် ပြိုင်ပွဲဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း အလှမယ်များအနေနဲ့ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်အတွင်း

စာမျက်နှာ ၈ ကော်လံ ၁




မစ္စမြန်မာအင်တာနေရှင်နယ်မှ မွေးထုတ်ပေးလိုက်သော အလှမယ်များ

